# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၃)ရက် ၊ ကြာသပတေးနေ့ ၊ (16-1-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၂၆၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ ပြဋ္ဌာန်း** စာမျက်နှာ- ၁၈

# ၇၃ နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေး



လွိုင်ကော် ဇန်နဝါရီ ၁၅

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်သည့် ၇၃ နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ ဦးရွှေကြိမ်၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးဉာဏ်ထွန်းနှင့် ဒေါက်တာညွန့်ဖေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအဖွဲ့အကြံပေးအဖွဲ့ဝင် စောဒန်နီယယ်၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်

စာမျက်နှာ ၁၆ ကော်လံ ၁




ရတနာပုံ
၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၆ ရက်
အယ်ဒီတာ့အာဘော်

# တစ်မျိုးသားလုံးကျန်းမာရေးအတွက် အားထားဖွယ်ရာညီလာခံ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်တွင် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေးဟူသောအချက်ကို ပြဋ္ဌာန်းထားရှိသည်နှင့်အညီ ကျန်းမာရေးဆိုင်ရာ သုတေသနများဆောင်ရွက်ခြင်းဖြင့် ကျန်းမာရေးဆိုင်ရာပညာရပ်များ တိုးတက်လာပြီး ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းမြင့်မားလာစေရန်နှင့် သုတေသနဆိုင်ရာတွေ့ရှိချက်များကို လက်တွေ့အသုံးချမည့် ကျန်းမာရေးဆိုင်ရာပညာရှင်များ သိရှိဆွေးနွေးနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ၅၃ ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို ဇန်နဝါရီ ၂၀ ရက်မှ ၂၄ ရက်ထိ ရန်ကုန်မြို့တွင် ကျင်းပသွားမည်ဖြစ်သည်။

၅၃ ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ၏ဆောင်ပုဒ်မှာ "ကျန်းမာသောဘဝပိုင်ဆိုင်ဖို့ ကျန်းမာရေးပြဿနာများ ဖော်ထုတ်ဖြေရှင်းကြပါစို့" ဟူ၍ဖြစ်သည်။ ညီလာခံတွင် ကျန်းမာရေးဆိုင်ရာ သုတေသနပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုနှင့် ထွက်ပေါ်လာသောသုတေသနရလဒ်များကို မီးမောင်းထိုးတင်ပြခွင့်ရပြီး ကျန်းမာရေးတွေ့ရှိချက်အသိပညာများကို ဆွေးနွေးခွင့်၊ ဖလှယ်ခွင့် စသောအကျိုးကျေးဇူးများရနိုင်မည်ဖြစ်သည်။ ကျန်းမာရေးဆိုင်ရာသုတေသနများက ထွက်ပေါ်လာသော တိကျခိုင်မာသည့်ရလဒ်အခြေပြု သုတေသနတွေ့ရှိချက်များပေါ်မူတည်ပြီး ကျန်းမာရေးမူဝါဒလမ်းညွှန်ချက်များ၊ မှန်ကန်တိကျသောခေတ်မီကုထုံးများကို ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာန၏ရည်မှန်းချက်ဖြစ်သော လူတိုင်းသက်တမ်းစေ့အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းရှင်းစေရေး ရည်မှန်းချက်နှစ်ရပ်ပြည့်မီစေရေးအတွက် ယခုလို ညီလာခံကျင်းပခြင်းဖြင့် များစွာအထောက်အကူပြုမည်ဖြစ်သည်။

ညီလာခံတွင် အခြေခံသုတေသနစာတမ်း ၂၇ စောင်၊ အသုံးချသုတေသနစာတမ်း ၁၉ စောင်၊ ကျန်းမာရေးစနစ် သုတေသနစာတမ်း ရှစ်စောင်နှင့် သုတေသနပိုစတာ ၄၃ စောင်တို့ကို တင်သွင်းဖတ်ကြားပြသသွားရန် စီစဉ်ထားသည်။ ညီလာခံသို့ ပြည်တွင်း၊ ပြည်ပမှ သုတေသီများ တက်ရောက်ကြမည်ဖြစ်ပြီး ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ လေးခုနှင့် ဟောပြောပွဲတစ်ခုတို့ကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ပါသည်။

မကြာမီကျင်းပမည့် ၅၃ ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံတွင် တင်ပြကြမည့် သုတေသနစာတမ်းများ၊ ကျန်းမာရေးစနစ် သုတေသနစာတမ်းများ၊ သုတေသနပိုစတာများ၊ ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ဆွေးနွေးပွဲမှ သုတေသနရလဒ်ကောင်းများ ထွက်ပေါ်လာတော့မည်ဖြစ်ပါသည်။ ကျန်းမာရေးကဏ္ဍတွင် တာဝန်ထမ်းဆောင်သူများလည်း အသိပညာများတိုးတက်လာမည့်အပြင် နိုင်ငံသားများ အသက်ရှည်ရာအနာမဲ့ကြောင်း နည်းလမ်းကောင်းများကိုလည်း ဆေးသုတေသနတွေ့ရှိချက်များမှ ထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်တော့မည်ဖြစ်သည်။

သို့ဖြစ်ရာ ၅၃ ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံကျင်းပခြင်းဖြင့် ညီလာခံကရရှိသော အထောက်အထားခိုင်လုံသည့် သုတေသနဆိုင်ရာ တွေ့ရှိချက်များကို လက်တွေ့အသုံးချ၍ ပြည်သူလူထု၏ ကျန်းမာရေးပြဿနာများကို ဖော်ထုတ်ဖြေရှင်းနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတကာနှင့်ရင်ပေါင်တန်းပြီး သုတေသနကျင့်ဝတ်နှင့်ပြည့်ဝသော အရည်အသွေးမီ သုတေသနကောင်းများ အစဉ်တစိုက်ဆောင်ရွက်နိုင်တော့မည့် ၅၃ ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံသည် တစ်မျိုးသားလုံး ကျန်းမာရေးအတွက် အားထားဖွယ်ရာညီလာခံဖြစ်ပါကြောင်း ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပါသည်။

## ၂၀၂၅ ခုနှစ်၊ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင်လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်အောင် ဖော်ဆောင်ပေးရေး။

ပြည်ထောင်စုဖွား တိုင်းရင်းသားတို့
သွေးစည်းညီညီ တွဲလက်ညီမှ
တို့ပြည်ထောင်စု ခိုင်မြဲမည်

တစ်လှေတည်းစီး တစ်ခရီးတည်းသွား
တစ်စိတ်တည်းတစ်ဝမ်းတည်း မကွဲပြား
ပြည်ထောင်စုရဲ့ နှလုံးသား

# ပုပ္ပား ၂၀၀ မဂ္ဂါဝပ် လေအားလျှပ်စစ်စီမံကိန်းဆိုင်ရာအချက်အလက်များ ရှင်းလင်းတင်ပြပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်



**မန္တလေး ဇန်နဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်တွင် ပုပ္ပား ၂၀၀ မဂ္ဂါဝပ် လေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီမံကိန်းမှ တာဝန်ရှိသူများက စီမံကိန်းဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပွဲကို ဇန်နဝါရီ ၁၄ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာနများမှ တိုင်းဒေသကြီးဦးစီးမှူးများ၊ စီမံကိန်းဆောင်ရွက်မည့် Zeya & Associates နှင့် Rosatom Re-newable Energy ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ Zeya & Associates ကုမ္ပဏီမှ တာဝန်ရှိသူများက လေအားလျှပ်စစ် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရသည့်ရည်ရွယ်ချက်များ၊ စီမံကိန်း ဆောင်ရွက်ရန် လိုအပ်သည့်မြေနေရာအခြေအနေများ၊ လေအားလျှပ်စစ်စီမံကိန်းလည်ပတ်နိုင်ရန်အတွက် မြေပြင်ကွင်းဆင်းလေ့လာတွေ့ရှိချက်များနှင့် စီမံကိန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်က လျှပ်စစ်ဓာတ်အား လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရန် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များကိုအသုံးပြု၍ နည်းလမ်းအသွယ်သွယ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လေအားလျှပ်စစ် စီမံကိန်းလည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် လေစွမ်းအင်ဖြင့် လျှပ်စစ်ထုတ်လုပ်နိုင်ရန် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုဆောင်ရွက်ဆဲ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် MoU လက်မှတ်ရေးထိုးထားသည့် လေအားလျှပ်စစ်စီမံကိန်း ရှစ်ခုတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် ပုပ္ပား ၂၀၀ မဂ္ဂါဝပ်လေအားလျှပ်စစ်စီမံကိန်းတစ်ခုလည်း ပါဝင်ကြောင်း၊ စီမံကိန်းကို အမြန်ဆုံး အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် လုပ်ငန်းများ ဆောင်ရွက်နေမှုများအပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့က လိုအပ်သည်များကို နိုင်ငံတော်မူဝါဒများနှင့်အညီ ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးချက်များ၊ ဌာနဆိုင်ရာ တိုင်းဒေသကြီး ဦးစီးမှူးများနှင့် စီမံကိန်းတာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မျိုးကျော်

# ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၁၁၂ ဧက စိုက်ပျိုးပြီးစီး

**ငပုတော ဇန်နဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၁၁၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၃၁၁၂ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဟိုင်းကြီးကျွန်းမြို့မှာ ဆီထွက်သီးနှံတွေကို နှစ်စဉ် စိုက်ပျိုးပါတယ်။ ဒီဘက်ဒေသမှာက ဆီထွက်သီးနှံတွေကို ဆောင်းရာသီမှာ အဓိကထား စိုက်ပျိုးပါတယ်။ အခု ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၃၁၁၂ ဧကထိ လျာထား စိုက်ပျိုးခဲ့ပါတယ်။ မြေပဲတွေ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့ နည်းပညာနဲ့ အခြားပံ့ပိုးတာတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ မြေပဲတွေအတွက် နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ အရည်အသွေးကောင်းမွန်စေဖို့ စတဲ့လုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

မြေပဲသီးနှံများကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ပြည်တွင်းစားသုံးမှုသာမက ပြည်ပပို့ကုန်အဖြစ်ပါ ထုတ်လုပ်တင်ပို့နိုင်မည်ဖြစ်သဖြင့် အထွက်နှုန်းတိုးတက်စေရန် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၅၀၇၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကသာ ဇန်နဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲပုပ် ၅၀၇၉ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ်ကေ ၅၂၈၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၀၇၉ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကသာခရိုင်မှာ ပဲပုပ်ကေ ၅၂၈၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၅၀၇၉ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ကသာခရိုင်တွင် မြို့နယ်အလိုက် ပဲပုပ်စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် ၂၆၉ ကေ၊ အင်းတော်မြို့နယ်တွင် ၆၃ ကေ၊ ထီးချိုင့်မြို့နယ်တွင် ၄၆၅၅ ကေနှင့် ဗန်းမောက်မြို့နယ်တွင် ၉၂ ကေ စုစုပေါင်း ၅၀၇၉ ကေ တို့ဖြစ်ကြောင်း သိရသည်။

ကသာခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲပုပ်စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် ၃၃၅ ကေ၊ အင်းတော်မြို့နယ်တွင် ၂၀၅ ကေ၊ ထီးချိုင့်မြို့နယ်တွင် ၄၆၀၅ ကေနှင့် ဗန်းမောက်မြို့နယ်တွင် ၁၃၅ ကေ စုစုပေါင်း ကေ ၅၂၈၀ တို့ဖြစ်ကြောင်း သိရသည်။

ပဲပုပ်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍ သိရသည်။

(၂၀၆)

## လက်ပံတန်းမြို့နယ် သပြေကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လက်ပံတန်း ဇန်နဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သပြေကုန်းကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ အသေးစား စက်မှုလက်မှုလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လက်ပံတန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေ ပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် သပြေကုန်းကျေးရွာ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ် ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၃ ဦးကို ရန်ပုံငွေကျပ် ၃၈ ဒသမ ၂၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

## မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ထိုင်းဘေးကျားဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ထိုင်းဘေးကျားဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်၊ စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နွေးနွေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ တစ်လအတွင်းက ထိုင်းဘေးကျားဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ထိုင်းဘေးကျားဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဆန်အမျိုးအစားသည် ဆန်ကြမ်းအုပ်စုတွင်ပါဝင်သည့် အမျိုးအစားဖြစ်ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း မော်လမြိုင်ကျွန်းမြို့နယ်ကနေ ထိုင်းဘေးကျားဆန် အိတ်ရေအများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကိုရန်ကုန်ဈေးကွက်ထဲ အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ထိုင်းဘေးကျားဆန်အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြားဆန်တွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့ တစ်လအတွင်းမှာကောလတ်တလောအနေနဲ့ပါ ဒီဆန်အမျိုးအစားက အရောင်းအဝယ် ပိုဖြစ်နေပါတယ်။ ဆန်အိတ်တွေကို ကုန်းလမ်းနဲ့ အဓိကထားတင်ပို့ရောင်းချနေပါတယ်''ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နွေးနွေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ထိုင်းဘေးကျား ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၁၀၀ လျှင် ငွေကျပ် ၇၇၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# စွမ်းရည်သတ္တိ ပြည့်ဝရှိ သတိနှင့်ယှဉ် တိုက်စွမ်းအင် ကျွမ်းကျင်စဉ်မြဲလေသူရဲ

တပ်မတော်ဟုဆိုရာ၌ တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)နှင့် တပ်မတော်(လေ)တို့ အစုအဖွဲ့ပင်ဖြစ်သည်။ လူ့ဘဝသည် ရခဲလှသည်ဟု ဆိုကြသည်။ သို့ဆိုလျှင် တပ်မတော်သား ဘဝသည် ပို၍ပင်ခက်ခဲမည်ဟု ဆိုချင်ပါသည်။ အဘယ်ကြောင့်ပါနည်း။ အမိမြန်မာပြည်တွင် လူသန်း ပေါင်းများစွာတို့ လူ့ဘဝကို ရရှိလျက်ရှိနေပါသည်။ သို့ရာတွင် တပ်မတော်သားဘဝရောက်ရှိသူမှာ အနည်းငယ်မျှပင်ရှိနေသောကြောင့် ဖြစ်သည်။ အခြေခံပညာအထက်တန်းအောင်မြင်သော ကျောင်းသား လူငယ်အများအပြားရှိပေသည်။ သို့ရာတွင် တပ်မတော်၌ ဗိုလ်လောင်း သင်တန်း တက်ရောက်ခွင့်ရသူမှာ အနည်းငယ်မျှပင်ဖြစ်သည်။ ထို့ကြောင့် တပ်မတော်သားတစ်ယောက်ဖြစ်ရန် ပို၍ခက်ခဲသည်ဟု ဆိုလိုခြင်း ဖြစ်သည်။ တပ်မတော်တွင် အမှုထမ်းဆောင်ရန်အတွက် ဗိုလ်လောင်းသင်တန်းတက်ရောက်ခွင့်ရရှိပြီးသောအခါ တပ်မတော်(လေ) တွင် လေသူရဲတစ်ဦးဖြစ်ရန်မှာ ပိုမို၍ခက်ခဲရပြန်သည်။ လေသူရဲ တစ်ဦးအတွက် ရှိသင့်ရှိထိုက်သည့် ကျန်းမာရေးအခြေအနေရှိမှ၊ ကောင်းမွန်မှသာ လေသူရဲလောင်းအဖြစ် ရွေးချယ်ခံရမည်ဖြစ် သည်။ ထို့ကြောင့် လေသူရဲတစ်ယောက်ဖြစ်ရန် ခက်ခဲလှသည်ဟု ဆိုခြင်းဖြစ်သည်။

လေသူရဲလောင်းတစ်ဦးအဖြစ် ရွေးချယ်ခံရပြီးသောအခါ လေကြောင်း အတတ်သင်လေတပ်စခန်းဌာနချုပ်တွင် လေယာဉ်မောင်းသင်တန်း တက်ရောက်ရမည်ဖြစ်သည်။ လေယာဉ်မောင်းသင်တန်းကျောင်း တွင် ပျံသန်းမှုနှင့်ပတ်သက်သည့် သင်ခန်းစာများကို စာတွေ့၊ လက်တွေ့ သင်ကြားရမည်ဖြစ်သည်။ လေယာဉ်မောင်းသင်တန်းသား များအနေဖြင့် အခြေခံလေယာဉ်မောင်းသင်တန်း၊ အကြိုတန်းမြင့် လေယာဉ်မောင်းသင်တန်းနှင့် တန်းမြင့်လေယာဉ်မောင်းသင်တန်း တို့ကို တက်ရောက်ကြရမည်ဖြစ်သည်။ လေသူရဲလောင်းများသည် တစ်ဦးချင်းပျံသန်းနိုင်ရန်အတွက် ပျံသန်းချိန်နာရီ ၁၅ နာရီ သတ်မှတ်ပြီး လက်တွေ့ပျံသန်း လေ့ကျင့်ကြရသည်။ လေသူရဲလောင်းသင်တန်း သားများအနေဖြင့် အမှန်တကယ်ပျံသန်းမှုမပြုလုပ်မီ လေယာဉ်တု (Simulator) ဖြင့် လေ့ကျင့်သင်ကြားဆောင်ရွက်ကြရသည်။ ပျံသန်းမှု သင်ကြားချိန် ၁၅ နာရီမှ ၁၈ နာရီအတွင်းတွင် တစ်ဦးတည်းမောင်းနှင် ပျံသန်းနိုင်အောင် ကြိုးစားကြရပေသည်။ လေသူရဲလောင်းများ အနေဖြင့် တစ်ဦးချင်းမောင်းနှင်မှုကို အောင်မြင်စွာကျော်ဖြတ်မောင်းနှင် နိုင်ရေး အစွမ်းကုန်ကြိုးစားကြရမည်ဖြစ်သည်။ သို့မှသာ လေယာဉ် ကျွမ်းထိုးပျံသန်းခြင်း၊ ခရီးဝေးလေ့ကျင့်ပျံသန်းခြင်း၊ ချိန်ခွက် လေ့ကျင့်ပျံသန်းခြင်း၊ အုပ်ဖွဲ့လေ့ကျင့်ပျံသန်းခြင်းနှင့် ညလေ့ကျင့် ပျံသန်းခြင်း အစရှိသည့် ပျံသန်းမှုသင်ခန်းစာများကို ဆက်လက်သင် ကြားကြရမည်ဖြစ်သည်။

ဒုတိယအဆင့်မှာ အကြိုတန်းမြင့်လေယာဉ်မောင်းသင်တန်းဖြစ် သည်။ တိုက်လေယာဉ်မောင်းနှင်မည့် လေသူရဲလောင်းများအနေဖြင့် တိုက်လေယာဉ်ဖြင့်သင်ကြားကြရမည်ဖြစ်သည်။ သယ်ယူပို့ဆောင်ရေး လေသူရဲလောင်းများနှင့် ရဟတ်ယာဉ်လေသူရဲလောင်းများအား သက်ဆိုင်ရာလေယာဉ်၊ ရဟတ်ယာဉ်ဖြင့် သတ်မှတ်နာရီချိန်ပြည့်မီ အောင် ပျံသန်းကြရမည်ဖြစ်ပါသည်။ တတိယအဆင့်မှာ တန်းမြင့် လေယာဉ်မောင်းသင်တန်းဖြစ်သည်။ ဒုတိယအဆင့်ကဲ့သို့ပင် တိုက် လေယာဉ်လေသူရဲလောင်းများ၊ သယ်ယူပို့ဆောင်ရေးလေသူရဲလောင်း များနှင့် ရဟတ်ယာဉ်လေသူရဲလောင်းများအား သက်ဆိုင်ရာလေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဆက်လက်လေ့ကျင့်ပျံသန်းကြရပေသည်။ တန်းမြင့်လေယာဉ်မောင်းသင်တန်းပြီးမြောက်ချိန်တွင် လေသူရဲ လောင်းအားလုံးအနေဖြင့် ပျံသန်းရေးသင်တန်း၏ သတ်မှတ် ပျံသန်းချိန်နာရီအတိုင်း သင်ရိုးအလိုက် အောင်မြင်စွာပျံသန်းနိုင်ခဲ့ ကြပြီဖြစ်သည်။

ထိုသို့တတ်မြောက်အောင်မြင်ပြီးမှသာ ရွှေတောင်ပံပိုင်ရှင် လေသူရဲတစ်ဦးအဖြစ်ရောက်ရှိပြီး နိုင်ငံတော်တာဝန်များ ဆက်လက် ထမ်းဆောင်ကြရမည်ဖြစ်သည်။ ရွှေတောင်ပံပိုင်ရှင် လေသူရဲတစ်ဦး ဖြစ်လာသောအခါ ကိုယ်ရည်ကိုယ်သွေးပြည့်ဝသည့် လေသူရဲတစ်ဦး ဖြစ်စေရေး ဆက်လက်ကြိုးပမ်းကြရပေဦးမည်။ လေသူရဲတစ်ဦး အဖြစ်ဖြင့် နိုင်ငံတော်မှပေးအပ်သောတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရမည်ဖြစ်သည်။ မိမိတို့ထမ်းဆောင်ကြရမည့် ပျံသန်းရေး တာဝန်များကို စွန့်လွှတ်စွန့်စားသည့်စိတ်ဓာတ်ဖြင့် ပြီးမြောက် အောင်မြင်သည်အထိ ဆောင်ရွက်နိုင်ရမည်ဖြစ်သည်။ မိမိတို့တာဝန် ကျသည့် လေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်း၊ ပျံသန်းရေးအုပ်ရှိ လေယာဉ်၊ ရဟတ်ယာဉ်များကို ကောင်းမွန်စွာ ပျံသန်းနိုင်ရမည်ဖြစ် သည်။ လေယာဉ်အသစ်၊ ရဟတ်ယာဉ်အသစ်များဖြင့် လွှဲပြောင်း သင်တန်းများ တက်ရောက်ကြရမည်ဖြစ်သည်။ တပ်မတော်(လေ)သည် အမိမြန်မာပြည်၏ ဝေဟင်ပိုင်နက်အတွင်းမှ ကာကွယ်စောင့်ရှောက် လျက်ရှိသည်။ တိုင်းပြည်၏မြေပြင်ပိုင်နက်၊ ရေပြင်ပိုင်နက်နှင့် မြေပေါ်မြေအောက် အဖျက်ရန်စွယ်များအား ချေမှုန်းသုတ်သင်ရမည် ဖြစ်သည်။ ပြည်သူလူထုအား လေဘေး၊ ရေဘေး၊ သဘာဝဘေး အန္တရာယ်အမျိုးမျိုးမှ ကာကွယ်စောင့်ရှောက်ပေးရမည်ဖြစ်သည်။ တပ်မတော်၏ ကောင်းမြတ်သည့်အစဉ်အလာကို ထိန်းသိမ်းစောင့် ရှောက်ရမည်ဖြစ်သည်။ ပျံသန်းမှုအတတ်ပညာကိုလည်း ဆက်လက် လေ့လာသင်ကြားရပေမည်။ ဒေသတွင်းနိုင်ငံများ၏ လေယာဉ်၊ ရဟတ်ယာဉ်များ၊ တိုးတက်နေသည့်နိုင်ငံများ၏ လေယာဉ်၊ ရဟတ် ယာဉ်များကိုလည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ လေ့လာနေရမည် ဖြစ်သည်။ မိမိသိထား၊ တတ်ထားသမျှ ပျံသန်းမှုဆိုင်ရာပညာရပ်များကို လည်း လက်ဆင့်ကမ်းဖြန့်ဝေနေရမည်ဖြစ်သည်။

လေသူရဲတစ်ဦးအနေဖြင့် မိမိ၏လေယာဉ်၊ မိမိ၏စစ်လက်နက် ပစ္စည်းများအား ချစ်ခင်တွယ်တာရမည်ဖြစ်သည်။ ပျံသန်းမှုဆိုင်ရာ စည်းကမ်းများကို တိကျစွာလိုက်နာရပေမည်။ ပျံသန်းမှုပညာရပ်များ အနက် ဗဟုသုတများကို စဉ်ဆက်မပြတ် ဆည်းပူးလေ့လာနေကြရပေ မည်။ ပျံသန်းမှုဆိုင်ရာဆွေးနွေးပွဲများ၊ အသိပညာဖလှယ်ပွဲများ မပြတ်လုပ်ဆောင်ရမည်ဖြစ်သည်။ ရောက်ရှိရာ လေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်း၊ ပျံသန်းရေးအုပ်ရှိ လေယာဉ်၊ ရဟတ်ယာဉ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ပျံသန်းနိုင်ရေး လေ့ကျင့်ထားရပေမည်။ လေယာဉ် ပျံသန်းရာတွင်လည်း မိမိအားပေးအပ်သည့်တာဝန်ကို အန္တရာယ်ကင်း ရှင်းစွာဖြင့် အောင်မြင်စွာထမ်းဆောင်နိုင်ရေး အစဉ်တွေးခေါ်မြော်မြင် နေရပေမည်။ လေသူရဲတစ်ဦးအနေဖြင့် အစဉ်အမြဲ ပျံသန်းရေးစိတ်ဓာတ် မြင့်မားနေရမည်ဖြစ်သည်။ မိမိ၏ကိုယ်ရည်ကိုယ်သွေး မြင့်မားရေး အမြဲသင်ယူ၊ အမြဲလေ့ကျင့်နေရပေမည်။

လေသူရဲတစ်ဦး ကိုယ်ရည်ကိုယ်သွေး ပြည့်ဝစေရေးအတွက် ဘက်စုံ ထောင့်စုံမှ ဖြည့်ဆည်းကြရမည်ဖြစ်သည်။ လေသူရဲတစ်ဦးအတွက် ကိုယ်နှုတ်အမူအရာ ယဉ်ကျေးသိမ်မွေ့မှုလည်း လိုအပ်လှပေသည်။ အထက်အကြီးအကဲများဖြင့်ပြောဆိုခြင်း၊ တန်းတူရွယ်တူများနှင့် အောက်လက်ငယ်သားများသို့ ပြောဆိုခြင်းတို့မှာ အပြုအမူမှစ၍ သတိ ပြုအပ်ပေသည်။ စကားပြောဆိုရာတွင်လည်း လူကြီးလူကောင်း တစ်ယောက်၏ အပြောအဆို အသုံးအနှုန်းများအတိုင်း ယဉ်ကျေးစွာ ပြောဆိုရမည်၊ ဆက်ဆံရမည်ဖြစ်သည်။ မိမိ၏အသွင်အပြင်လက္ခဏာ သည် ခေတ်ဆန်လွန်းပြီး အရာရှိတစ်ဦးနှင့် မလျော်ညီသည့်အပြင်အဆင် မျိုးမရှိသင့်ပေ။ ခေတ်နှင့်လျော်ညီစွာဖြင့် သင့်တင့်မျှတသည့် ဝတ်စား ဆင်ယင်မှုမျိုးသာ ဝတ်ဆင်သင့်ပေသည်။ လူကြားသူကြား၌ တင့်တယ် သည့် အသွင်မျိုးသာရှိသင့်သည်။ သပ်ရပ်သန့်ရှင်းစွာ ဖြီးလိမ်း၍ တစ်ကိုယ်ရေသန့်ရှင်းမှုအား ဂရုပြုလုပ်ဆောင်သင့်ပေသည်။ လေသူရဲ အရာရှိတစ်ဦးဖြစ်သည်နှင့်အညီ အထက်မှပေးအပ်လာသည့်တာဝန် များအား ပေါ့ပါးဖျတ်လတ်စွာ ဆောင်ရွက်တတ်သူဖြစ်စေရန် လိုအပ်လှပေသည်။ လုပ်ငန်းတာဝန်များဆောင်ရွက်ရာ၌ နှေးကွေး လေးလံခြင်း ပျင်းတိပျင်းတွဲသည့် လှုပ်ရှားမှုမျိုးမဖြစ်စေရန် မိမိကိုယ် မိမိ အမြဲပြင်ဆင်နေကြရပေသည်။ ပျံသန်းရေးတာဝန်တွင်သာမက မည်သည့်လုပ်ငန်းတွင်မဆို အမြဲအသင့်ဖြစ်နေရပေမည်။ လုပ်ဆောင် ရန် အမြဲတက်ကြွသည့် စိတ်ဓာတ်ရှိနေရမည်ဖြစ်သည်။ အရာရှိ တစ်ဦးဖြစ်သည်နှင့်အညီ လူမှုဆက်ဆံရေးနယ်ပယ်သည်လည်း ကျယ်ပြန့်နေမည်ဖြစ်သည်။ ပျံသန်းရေးနယ်ပယ်၌ဖြစ်စေ၊ တပ်တွင်း မိသားစုအသိုင်းအဝိုင်း၌ဖြစ်စေ၊ အခြားသောအရပ်ဘက်ဆိုင်ရာဌာန များနှင့် ဆက်သွယ်ရာ၌ဖြစ်စေ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့်ဖြစ်စေ ချောမောပြေပြစ်စွာ ဆက်ဆံနိုင်ရပေမည်။ မိမိအလုပ်နှင့်တာဝန်ကို အထင်သေးထိခိုက်စေမည့် ဆက်ဆံရေးပုံစံများမဖြစ်စေရေး အထူးဂရု ပြုရမည်ဖြစ်သည်။

လေသူရဲများမှာ ပျံသန်းရေးတာဝန်များကို နေ့၊ ည အချိန်မရွေး ထမ်းဆောင်နေကြရသူများဖြစ်သည်။ ထိုသို့ထမ်းဆောင်နိုင်ရန်အတွက် အစဉ်အမြဲ ကျန်းမာကြံ့ခိုင်နေရန် လိုအပ်လှပေသည်။ ကိုယ်ခန္ဓာကျန်းမာ ကြံ့ခိုင်မှသာလျှင် စိတ်ကျန်းမာမည်ဖြစ်သည်။ စိတ်ကျန်းမာမှသာလျှင် စိတ်ဓာတ်ခွန်အားကောင်းမည်ဖြစ်သည်။ စိတ်ဓာတ်ခွန်အားတောင့်တင်း ခြင်းသည် ဆုံးဖြတ်ချက်မှန်ကန်စွာချမှတ်ရာ၌ အရေးပါလှသည်။ အရေး ပေါ်အခြေအနေများတွင် ဆုံးဖြတ်ချက်ကို မှန်မှန်ကန်ကန်ဖြင့် မြန်ဆန် စွာချမှတ်နိုင်မည်ဖြစ်သည်။ ကျန်းမာကြံ့ခိုင်ရေးအတွက် အချိန်မှန်စွာ စားသောက်ကြရမည်ဖြစ်သည်။ အိပ်ရေးပျက်ခြင်းမဖြစ်စေရန်အတွက် အထူးဂရုပြုရမည်ဖြစ်သည်။

လေသူရဲတစ်ဦးအနေဖြင့် အသိဉာဏ်နှင့် မှတ်ဉာဏ်ကောင်းမွန်ရေး အမြဲလေ့ကျင့်နေရမည်ဖြစ်သည်။ မြန်မာစကား၌ **"အသက်ကို ဉာဏ် စောင့်"**ဟူသည့်ဆိုရိုးစကားရှိခဲ့ပေသည်။ လေသူရဲများမှာ အသက်နှင့် ခန္ဓာကိုရင်းလျက် လုပ်ကိုင်နေရသူများ ဖြစ်သည်။ ထို့ကြောင့် အသိ ဉာဏ်ကောင်းရန်၊ ထက်မြက်သောမှတ်ဉာဏ်ရှိရန် အလွန်ပင်လိုအပ်လှ ပေသည်။ ပျံသန်းရေးလုပ်ငန်းနှင့်ပတ်သက်၍ အရာရာကို ထိုးထွင်း သိမြင်တတ်ရပေမည်။ အရေးပေါ်အခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့လာ ရပါက မှန်ကန်မြန်ဆန်စွာ ဆုံးဖြတ်နိုင်ရေးအတွက် လျှပ်တစ်ပြက် ဖြတ်ထိုးဉာဏ်ကောင်းမွန်ရမည်ဖြစ်သည်။ မိမိ၏လုပ်ငန်းအပေါ်၌ ကျွမ်းကျင်ပိုင်နိုင်ပြီး နည်းလမ်းကျနစွာဖြင့် တွေးခေါ်ဆင်ခြင်တတ် ရမည်ဖြစ်သည်။ အရေးပေါ်ကိစ္စရပ်များအတွက် ကြိုတင်တွေးဆနိုင်ခြင်း၊ ပေါ်ပေါက်လာချိန်၌ တိကျမှန်ကန်စွာဆုံးဖြတ်နိုင်ခြင်း အောင်မြင်စွာ ဖြတ်ကျော်နိုင်ရေးတို့အတွက် အမြဲသင်ယူ၊ အမြဲလေ့ကျင့်မှုများ ပြုလုပ် နေရမည်ဖြစ်သည်။

တတ်လိုလျှင်သင်၊ တော်လိုလျှင်ကျင့်၊ မများလိုလျှင်ပြင်၊ အောင်မြင် လိုလျှင် ဝီရိယထားဆိုသည့်စကားနှင့်အညီ လုပ်ဆောင်ကြရပေမည်။ အတတ်ပညာဟူသည် ပြည့်စုံပြီဟူ၍ မဆိုသာပေ။ သို့ဖြစ်၍ အတတ် ပညာများအား တတ်ကျွမ်းစေရေး အမြဲသင်ယူနေကြရမည်ဖြစ်သည်။ မိမိ၏လုပ်ငန်းများအား တော်လိုလျှင်လည်း အထပ်ထပ်အခါခါ လေ့ကျင့်နေကြရပေမည်။

**❖လေသူရဲများမှာ အသက်နှင့်ခန္ဓာကိုရင်းလျက် လုပ်ကိုင်နေရသူများဖြစ်သည်။ ထို့ကြောင့် အသိဉာဏ်ကောင်းရန်၊ ထက်မြက်သောမှတ်ဉာဏ်ရှိရန် အလွန်ပင်လိုအပ်လှပေသည်။ ပျံသန်းရေးလုပ်ငန်းနှင့်ပတ်သက်၍ အရာရာကိုထိုးထွင်းသိမြင်တတ်ရပေမည်။ အရေးပေါ်အခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့လာရပါက မှန်ကန်မြန်ဆန်စွာဆုံးဖြတ်နိုင်ရေးအတွက် လျှပ်တစ်ပြက် ဖြတ်ထိုးဉာဏ်ကောင်းမွန်ရမည်ဖြစ်သည်။ မိမိ၏လုပ်ငန်းအပေါ်၌ ကျွမ်းကျင်ပိုင်နိုင်ပြီး နည်းလမ်းကျနစွာဖြင့် တွေးခေါ်ဆင်ခြင်တတ်ရမည်ဖြစ်သည်။ အရေးပေါ်ကိစ္စရပ်များအတွက် ကြိုတင်တွေးဆနိုင်ခြင်း၊ ပေါ်ပေါက်လာချိန်၌ တိကျမှန်ကန်စွာဆုံးဖြတ်နိုင်ခြင်း အောင်မြင်စွာဖြတ်ကျော်နိုင်ရေးတို့အတွက် အမြဲသင်ယူ၊ အမြဲလေ့ကျင့်မှုများ ပြုလုပ်နေရမည်ဖြစ်သည်။ တတ်လိုလျှင်သင်၊ တော်လိုလျှင်ကျင့်၊ မများလိုလျှင်ပြင်၊ အောင်မြင်လိုလျှင် ဝီရိယထားဆိုသည့်စကားနှင့်အညီ လုပ်ဆောင်ကြရပေမည်။ ❖**

စာမျက်နှာ ၅ သို့ ➤

➤ စာမျက်နှာ ၄ မှအဆက်

လုပ်ငန်းဆောင်တာများကို လုပ်ကိုင်ဆောင်ရွက်နေသူများအဖို့ အမှားဟူသည်တွေ့ကြုံနေရမည်မှာ မလွဲကေန်ဖြစ်သည်။ အမှားမရှိစေရေးအတွက် ပြင်ဆင်လုပ်ဆောင်ကြရမည်ဖြစ်သည်။ အမှန်သို့ရောက်အောင် အထပ်ထပ်အခါခါလေ့ကျင့်ကြရပေမည်။ လေယာဉ်မောင်းသင်ဘဝမှစ၍ အတွေ့အကြုံများစွာ တွေ့ကြုံကြရမည်ဖြစ်သည်။ ထိုအတွေ့အကြုံများမှ သင်ခန်းစာရယူတတ်ရန်ဖြစ်သည်။ အတွေ့အကြုံများကို ကိုယ်တိုင်ရင်း၍ရယူရမည်ဟုမဆိုလိုပေ။ အခြားသူများ၏ အတွေ့အကြုံများ၊ နိုင်ငံရပ်ခြားဒေသများမှ အတွေ့အကြုံများကို သင်ခန်းစာအဖြစ် ရယူနိုင်ရမည်ဖြစ်သည်။

ထိုသို့သော အတွေ့အကြုံများဖြင့် မိမိ၏အရည်အသွေး၊ အရည်အချင်းကို မြင့်မားစေရေး လုပ်ဆောင်သွားရမည်ဖြစ်သည်။ ပျံသန်းမှုအတွေ့အကြုံကို ပျံသန်းချိန်နာရီဖြင့် တိုင်းတာသည့်အလျောက် အတွေ့အကြုံရရှိမည်ဖြစ်သည်။ ပျံသန်းချိန်နာရီများနှင့်ညီမျှသည့် အတွေ့အကြုံဗဟုသုတရရှိရေး အစဉ်ဂရုစိုက်ပျံသန်းကြရမည်ဖြစ်သည်။ သို့မှသာ အရည်အသွေး၊ အရည်အချင်းများတိုးတက်လာမည်ဖြစ်သည်။ ဗဟုသုတဆိုရာ၌လည်း ပျံသန်းမှုကို အထောက်အကူပြုသည့်စာပေများ၊ နည်းပညာများ၊ လေယာဉ်ပျံသန်းမှုတွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးကို အထောက်အကူဖြစ်စေမည့် ပညာရပ်များကို ဆိုလိုခြင်းဖြစ်သည်။ ကမ္ဘာအရပ်ရပ်ရှိ နိုင်ငံအသီးသီး၏ တီထွင်ဆန်းသစ်မှုများ၊ လေကြောင်းဆိုင်ရာသတင်းအချက်အလက်များ၊ နိုင်ငံတကာ၏လေကြောင်းဆိုင်ရာသတင်းများ၊ ဗဟုသုတများကို လက်လှမ်းမီသမျှ ဖတ်ရှုလေ့လာရမည်ဖြစ်သည်။

လေသူရဲတစ်ဦးအနေဖြင့် ရဲစွမ်းသတ္တိရှိရန်လည်း လိုအပ်လုပေသည်။ ရဲစွမ်းသတ္တိကို လိုအပ်သည့်နေရာ၌ အကျိုးရှိစွာအသုံးချတတ်ရမည်ဖြစ်သည်။ မြန်မာစကားတွင် **"မယောင်ရာဆီလူး"**ဟူသောဆိုရိုးစကားရှိသည်။ ရဲစွမ်းသတ္တိကို အကြောင်းမဟုတ်သည့်နေရာ၌ ပြရန်မလိုအပ်ပေ။ အချည်းအနှီးဖြစ်ရုံမျှမက ဘေးအန္တရာယ်နှင့်ပင် ရင်ဆိုင်ရတတ်သည်။ ရဲစွမ်းသတ္တိရှိသူ လေသူရဲတစ်ဦးအနေဖြင့် ပိုင်းခြားဝေဖန်နိုင်မှု စွမ်းရည်ရှိရမည်ဖြစ်သည်။ ပြဿနာတစ်ရပ်ကို ဉာဏ်နှင့်ယှဉ်၍ သိမြင်တတ်ရပေမည်။ လေသူရဲကောင်းတစ်ဦးအနေဖြင့် ကိုယ်ရည်ကိုယ်သွေး ပြည့်ဝနေရမည်ဖြစ်သည်။ ဗလငါးတန်နှင့် ပြည့်ဝနေရမည်ဖြစ်သည်။ သို့မှသာ မိမိကိုယ်မိမိ ယုံကြည်စိတ်ချမှု အပြည့်အဝရှိမည်ဖြစ်သည်။ ယုံကြည်စိတ်ချမှု ပြည့်ဝမှုသည် ဆုံးဖြတ်နိုင်မှု စွမ်းအားမြင့်မားမည်ဖြစ်သည်။ လေသူရဲတစ်ဦးအနေဖြင့် စိတ်ပိုင်းဆိုင်ရာစွမ်းရည်အဆင့်မြင့်မားနေရန် လိုအပ်လုသည်။ အဓိကပိုင်ဆိုင်သည့် မြင့်မားသောစိတ်စွမ်းရည်ကသာ မှန်ကန်၊ မြန်ဆန်သည့် ဆုံးဖြတ်ချက်ကို ချမှတ်နိုင်မည်ဖြစ်သည်။ လေယာဉ်၊ ရဟတ်ယာဉ်ဟူသည် ကမ္ဘာမြေ၏ဆွဲအားကို ဆန့်ကျင်၍ အာကာသဟင်းလင်းပြင်၌ လှုပ်ရှားနေရသောအရာဖြစ်သည်။ လေသူရဲများသည်လည်း မမြင်တွေ့နိုင်သော အန္တရာယ်များကြား၌ ထူးခြားစွာလုပ်ကိုင်ဆောင်ရွက်နေရသူများဖြစ်သည်။ စက္ကန့်ပိုင်းမျှသော အချိန်အတိုင်းအတာအတွင်း၌ ဆုံးဖြတ်ချက်တစ်ခုကို မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်ရန် အရေးကြီးလှပေသည်။ ဆုံးဖြတ်ချက်တစ်ခုမှားသည်နှင့် ဆုံးရှုံးမှုအတိုင်းအတာ မည်မျှကြီးမားသည်ကို သဘောပေါက်ထားရမည်ဖြစ်သည်။

လေသူရဲတစ်ဦးဖြစ်လာသည်နှင့် တာဝန်ဝတ္တရားသည်လည်း ကြီးမားပေသည်။ လုပ်ငန်းသဘာဝအရ တန်ဖိုးကြီးမားသည့် နိုင်ငံတော်ပိုင်လေယာဉ်၊ ရဟတ်ယာဉ်များကို ကိုင်တွယ်မောင်းနှင်ကြရမည်ဖြစ်သည်။ ယုံကြည်စိတ်ချစွာဖြင့် အပ်နှံခြင်းခံကြရသူများဖြစ်သည်။ တာဝန်အပြည့်အဝယူလျက် ဆောင်ရွက်ရသူများလည်းဖြစ်သည်။ သို့ဖြစ်၍ မိမိကိုယ်ကိုယုံကြည်မှု အပြည့်အဝရှိရန်မှာ အရေးပါလှပေသည်။ ထို့ပြင် တပ်မတော်နှင့် နိုင်ငံတော်တို့မှ ယုံကြည်စိတ်ချရသည့် လေသူရဲတစ်ဦးလည်းဖြစ်ရပေမည်။ လေသူရဲဆိုရာ၌ တိုက်ခိုက်ရေးလေယာဉ်၊ ရဟတ်ယာဉ်များလည်း မောင်းနှင်ရပေမည်။ သယ်ယူပို့ဆောင်ရေးလေယာဉ်များကိုလည်း မောင်းနှင်နိုင်ရပေမည်။ ပျံသန်းရေးတာဝန်အမျိုးမျိုး ထမ်းဆောင်နိုင်ရမည်ဖြစ်သည်။ အထူးပေးအပ်သည့်တာဝန်၊ စစ်ဆင်ရေးတာဝန်များကို ရာနှုန်းပြည့် ပြီးမြောက်အောင်မြင်သည်အထိ ဆောင်ရွက်နိုင်ရေးကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ တပ်မတော်သားတစ်ဦးဖြစ်သည့်အလျောက် အထက်အကြီးအကဲများ၏ ယုံကြည်စိတ်ချခြင်းခံရသည့် လေသူရဲတစ်ဦးဖြစ်လာစေရေး အစဉ်ကြိုးစားနေရမည်ဖြစ်သည်။

နိုင်ငံတော်နှင့် တပ်မတော်မှ အားထားရသော လေသူရဲတစ်ဦးအနေဖြင့် ရဲစွမ်းသတ္တိရှိရန်မှာ အရေးကြီးကြောင်းဆိုခဲ့ပြီးဖြစ်သည်။ ပျံသန်းရေးတွင် ထိုသို့သောသတ္တိကို ဗျူဟာတတ္တိခေါ်(နှလုံးရည်ဖြင့်) ယှဉ်တွဲလျက် အသုံးပြုသင့်ပေသည်။ ရန်သူအား ပျံသန်းတိုက်ခိုက်ရာ၌ နည်းပညာနှင့် ရဲစွမ်းသတ္တိ၊ လက်ရုံးရည်၊ နှလုံးရည်တို့ပြည့်ဝစွာဖြင့် တိုက်ခိုက်ရပေမည်။ မည်သည့်ပျံသန်းမှုမျိုး၌မဆို ရဲစွမ်းသတ္တိကို အကြောင်းပြုလျက် **"ဆင်ကန်းတောတိုး"** မလုပ်သင့်ကြောင်း ဆိုလိုခြင်းဖြစ်သည်။ လေယာဉ်တစ်စီးပျံသန်းလှုပ်ရှားရာ၌ လေယာဉ်စက်ပစ္စည်း၊ သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတုအခြေအနေတို့မှာ ရင်ဆိုင်ရစမြဲဖြစ်သည်။ ရဲစွမ်းသတ္တိကို အကြောင်းပြု၍ မျက်စိမှိတ်ရင်ဆိုင်ခြင်းမျိုး မဖြစ်သင့်ပေ။ မိမိလေယာဉ်၊ ရဟတ်ယာဉ်၏ ကန့်သတ်ချက်များ၊ မိမိထမ်းဆောင်ရသည့်တာဝန်၏ အတိမ်အနက်၊ မိမိကိုယ်တိုင်၏ စွမ်းရည်၊အခြားလုပ်ဖော်ကိုင်ဖက် လေယာဉ်သားများ၊ ခရီးသည်များ စသည်တို့အပေါ်မူတည်၍ ရင်ဆိုင်သင့်၊ မသင့်ကို မှန်ကန်စွာဆုံးဖြတ်ချက်ချမှတ်ရပေမည်။

အချုပ်အားဖြင့်ဆိုသော် လေသူရဲတစ်ဦးဖြစ်လာရန်မှာ လွန်စွာခဲယဉ်းလှပေသည်။ ပျံသန်းရေးတာဝန်ဆိုသည်မှာလည်း အခြားသောလုပ်ငန်းတာဝန်များနှင့်မတူပေ။ အဆုံးအစမရှိသော ဟင်းလင်းပြင်ဝေဟင်တွင်း၌ သွားလာလှုပ်ရှားနေရခြင်းဖြစ်သည်။ အချိန်မရွေးတွေ့ကြုံလာနိုင်သည့် အန္တရာယ်များကြား၌ ထူးခြားစွာ လုပ်ကိုင်ဆောင်ရွက်နေရသူများဖြစ်သည်။ "သတိကိုတမံ ဉာဏ်ကိုမြေကတုတ်" ဆိုသကဲ့သို့ အမြဲသတိရှိနေရန် လိုအပ်လှပေသည်။ အမြဲတစေ ဉာဏ်ဖြင့်ယှဉ်၍ လှုပ်ရှားသွားလာနေရပေသည်။ နေ့စဉ်နှင့်အမျှ အချိန်တိုင်းအချိန်တိုင်း၊ နာရီ၊ မိနစ်၊ စက္ကန့်တိုင်း လေ့လာနေရပေမည်။ သင်ယူနေကြရပေသည်။ မိမိ၏အရည်အသွေး၊ အရည်အချင်းပြည့်ဝနေစေရေး ကြိုးပမ်းအားထုတ်နေကြရသူများဖြစ်သည်။ တပ်မတော်(လေ)၏အားထားရသော လေသူရဲကောင်းတစ်ယောက်ဖြစ်ရပေမည်။ တပ်မတော်၏အားကိုးရသော တိုက်စွမ်းရည်ကောင်းသော လေသူရဲတစ်ဦးဖြစ်ရပေမည်။ နိုင်ငံတော်အတွက် လိုအပ်လာလျှင် မိမိ၏အသက်ကိုပင် စွန့်လွှတ်ပေးလှူရဲသည့် လေသူရဲကောင်းတစ်ဦးဖြစ်ရပေမည်။ ထို့ကြောင့် တပ်မတော်(လေ)၏ လေသူရဲအပေါင်းအား **"စွမ်းရည်သတ္တိပြည့်ဝရှိ သတိနှင့်ယှဉ်တိုက်စွမ်းအင် ကျွမ်းကျင်စဉ်မြဲ လေသူရဲ"** ဆောင်းပါးဖြင့် လေယာဉ်မောင်းသင်တန်းအမှတ်စဉ် (၈၆) ကျောင်းဆင်းတောင်ပံအပ်နှင်းပွဲအား ဂုဏ်ပြုရေးဖွဲ့လိုက်ရပါကြောင်း....။

**ရွှေညာမြေမြတ်သင်းကြိုင်**

## တိမ်ပွင့်ဦး... ခူးမဲ့ဇာနည်

- မိုးယံကို ဆန်တက်
လှန်ထွက်စို့ညီညီ၊
နှောင်တွဲအမှန်
ဆောင်ဖွဲ့သန် ချိန်ခွင်ထူးမှာ
အောင်ပွဲခံ တိမ်ပွင့်ဦး
ခူးမဲ့ဇာနည်၊
လုံ့လနှင့် အရင်းတည်
ယုံကြည်ချက် မြင့်မား၊
ကောင်းကင်ကျယ် ပြိုင်အစွမ်းနဲ့
ပေါင်းယှဉ်ရွယ် နိုင် အတွန်း
ပိုင်ကျွမ်းစေသား။

- အာကာပြင် ကြယ်စင်တန်း
တက်လှမ်းမဲ့ သီအိုရီ၊
အတတ် အသိ ပန်းကောင်းပန်ဖို့
မြတ်ကဝိ လမ်းကြောင်းမှန်က
မွေခံရမည်၊
စိတ်ဓာတ်နဲ့ စွမ်းရည်
ခိုင်ကျည်လို့ ပြတ်သား၊
ဘယ်တော့မှ နောက်မတွန့်တဲ့
စွန့်လွှတ် စွန့်စားစိတ်
ဦးထိပ်မှာထား။

- လေကြောင်းဆိုပညာကောင်း
ပန်းပေါင်းဖွဲ့ ကျောင်းမဟာ၊
ဖြတ်သန်းလာ ခေတ်သမိုင်းတံတား
နှစ်ပိုင်းခြား အချိန်စုစည်းတော့
စိန်ရတု နီးလာ၊
မျိုးဆက်သစ် ထုံဝတ်လွှာ
ဆုံချစ်စွာ ဆင့်ပွား၊
လေသူရဲ ဇာနည်မော်တို့
ဘာမထီနော် ဆောင်ရည်အသွေးနဲ့
ထောင်ချီမွေးဖွား။

- အသက်ကို နှင်းကာအပ်
အတတ်လည်း ကျွမ်းအောင်သင်၊
အကြင်နာ ယှဉ်ကာပေါင်းလေတဲ့
အစဉ်လာ ခင်စရာကောင်း
ကျောင်းမြတ် ခေါ်ချင်
စာဆို့ရင် တစိမ့်စိမ့်နဲ့
သိမ့်သိမ့် တွေးမြင်၊
လူငယ်တို့ လှမ်းကာဝင်
ထမ်း တာဝန် ဆိုပစေပေ့၊
မောင်မယ်သို့ ပန်းပမာသွင်
လန်းဖြာရွှင် နဂိုရေကြေ့
ထီလာမြေ အညာမြို့ဆီက
တမာတို့ လေအန့်မှာ
အဆွေဖွဲ့ကာ ပြောသလိုထင့်
သဘောအဆို မပျက်နှောင်ထားတဲ့
မနော‌ချို လက်ဆောင်စကား
ပါးလိုက်မယ်နော့။ ။

**မောင်လတ်(ကမ်းရိုးတန်း)**

# မအူပင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲဧက ၅၉၈၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မအူပင် ဇန်နဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲဧက ၅၉၈၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းထံမှ သိရသည်။

မအူပင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၆၁၁၈၈ ဧကကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မတ်ပဲဧက ၅၉၈၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါမတ်ပဲများ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေး နည်းပညာများနှင့် သွင်းအားစုများကို ပံ့ပိုးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ဒီဆောင်းသီးနှံစိုက်ပျိုးရာသီ မအူပင်မြို့နယ်မှာ မတ်ပဲ ၆၁၁၈၈ ဧက လျာထားစိုက်ပျိုးနေပါတယ်။ လက်ရှိမတ်ပဲဧက ၅၉၈၃၀ ထိ စိုက်ပျိုးပြီးဖြစ်ပါတယ်။ မတ်ပဲအပါအဝင် ဆောင်းသီးနှံတွေ အားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့က လိုအပ်တဲ့နည်းပညာတွေနဲ့ သွင်းအားစုတွေကို ချိတ်ဆက်ကူညီ ပံ့ပိုးပေးထားပါတယ်"ဟု မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

အဆိုပါမတ်ပဲများ စနစ်တကျ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး၊ ဖြစ်ထွန်းအောင်မြင်စေရေး၊ ပိုးမွှား အန္တရာယ်ကင်းရှင်းစေရေး၊ အထွက်နှုန်းကောင်းမွန်စေရေး စသည့် လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက် စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ယခုဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲစိုက်ပျိုးရာတွင် မတ်ပဲ အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ပြည်တွင်းစားသုံးမှုဖူလုံပြီး ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်တင်ပို့နိုင်မည်ဖြစ်ရာ မတ်ပဲများ တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# နိုင်ငံတကာ သတင်းများ

## လွှတ်တော်၏ စွပ်စွဲပြစ်တင်မှုခံထားရသော တောင်ကိုရီးယားသမ္မတကို ရဲတပ်ဖွဲ့ဖမ်းဆီး

**ဆိုးလ် ဇန်နဝါရီ ၁၅**

လွှတ်တော်၏ စွပ်စွဲပြစ်တင်မှု ခံထားရသောသမ္မတယွန်ဆွတ်ယိုးကို အဆင့်မြင့်တာဝန်ရှိသူများ၊ အဂတိလိုက်စားမှု စုံစမ်းစစ်ဆေးရေးကော်မရှင် တာဝန်ရှိသူများနှင့် ရဲတပ်ဖွဲ့တို့က ယနေ့တွင် ဖမ်းဆီးခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယားအာဏာပိုင်များသည် သမ္မတယွန်ဆွတ်ယိုးကို အစိုးရပုန်ကန်ရန် ကြိုးပမ်းမှုစွဲချက်အတွက် စစ်ဆေးမေးမြန်းမှုပြုလုပ်ရန် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်ရာ သမ္မတယွန်ဆွတ်ယိုးမှာ တောင်ကိုရီးယားနိုင်ငံသမိုင်းတစ်လျှောက် တရားရုံးဖမ်းဝရမ်းဖြင့် ဖမ်းဆီးမှုခံခဲ့ရသော ပထမဆုံး တည်ဆဲသမ္မတအဖြစ် စာရင်းဝင်ခဲ့သည်။

ယနေ့တွင် တောင်ကိုရီးယားတာဝန်ရှိသူများက ရဲတပ်ဖွဲ့ဝင်ဦးရေ ၃၀၀၀ခန့်ကို သမ္မတအိမ်တော်သို့စေလွှတ်ခဲ့ပြီးနောက် စုံစမ်းစစ်ဆေးရေး လုပ်ငန်းစဉ်၌ ပူးပေါင်းပါဝင်ရန် သမ္မတယွန်ဆွတ်ယိုးက သဘောတူခဲ့ခြင်းဖြစ်သည်။

သမ္မတ ယွန်ဆွတ်ယိုးသည် စစ်အုပ်ချုပ်ရေးဥပဒေ ကြေညာပြဋ္ဌာန်းရန် ကြိုးပမ်းမှုဖြင့် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၁၄ ရက်တွင် လွှတ်တော်၏ စွပ်စွဲပြစ်တင်မှုခံခဲ့ရပြီး သမ္မတအာဏာများရုပ်သိမ်းခံထားရသည်။

လက်ရှိအချိန်တွင် တောင်ကိုရီးယားတာဝန်ရှိသူများအနေဖြင့် သမ္မတယွန်ဆွတ်ယိုးကို ၄၈ နာရီကြာ စစ်ဆေးမေးမြန်းခွင့်ရထားပြီး နောက်ပိုင်းတွင် ရက်ပေါင်း ၂၀နှင့်အထက် ဆက်လက်ထိန်းသိမ်းထားနိုင်ရေးအတွက် တရားရုံးခွင့်ပြုချက် ဆက်လက်ရယူမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## သမ္မတအမ်နန်ဂါဂွါ၏ သမ္မတသက်တမ်းကို နှစ်နှစ်ထပ်တိုးရန် ဇင်ဘာဘွေအာဏာရပါတီဆန္ဒရှိ




**ဟာရာရီ ဇန်နဝါရီ ၁၅**

ဇင်ဘာဘွေနိုင်ငံ၏ လက်ရှိအာဏာရ ဇာနူး-ပီအက်ဖ်ပါတီသည် လက်ရှိသမ္မတ အမ်မာဆင် အမ်နန်ဂါဂွါ၏ သမ္မတရာထူးသက်တမ်းကို ၂၀၃၀ ပြည့်နှစ်ထိ နှစ်နှစ် ထပ်တိုးရန် ဆန္ဒရှိနေသည်ဟု ဇန်နဝါရီ ၁၄ရက်သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

သမ္မတအမ်နန်ဂါဂွါ၏ လက်ရှိသမ္မတသက်တမ်းကို နှစ်နှစ်ထပ်တိုးနိုင်ရေးသည်ဇာနူး-ပီအက်ဖ်ပါတီက သဘောတူထားသော ရပ်တည်ချက်ဖြစ်ကြောင်း ဇာနူး-ပီအက်ဖ်ပါတီပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

သို့ရာတွင် အသက် ၈၂ နှစ်အရွယ် သမ္မတ အမ်နန်ဂါဂွါ၏ သမ္မတသက်တမ်းအား မည်သည့်နည်းလမ်းမျိုးဖြင့် ထပ်တိုးနိုင်မည်ကို ဇာနူး-ပီအက်ဖ်ပါတီပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ကြောင်း သိရသည်။

ဇင်ဘာဘွေနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတတစ်ဦးအနေဖြင့် ငါးနှစ်သက်တမ်းရှိသမ္မတရာထူးကို နှစ်ကြိမ်ထက်ပို၍ ရယူခွင့် မရှိကြောင်း သိရသည်။

လက်ရှိ သမ္မတသက်တမ်းသည် သမ္မတ အမ်နန်ဂါဂွါအတွက် ဒုတိယမြောက်နှင့် နောက်ဆက်သမ္မတ သက်တမ်းဖြစ်ပြီး ၂၀၂၈ ခုနှစ်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

သမ္မတအမ်နန်ဂါဂွါ၏ လက်ရှိသမ္မတသက်တမ်းကို နှစ်နှစ်ထပ်တိုးရန် ဇင်ဘာဘွေဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရဖွယ်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ၂၀၂၄ ခုနှစ်အတွင်း ဂျပန်နိုင်ငံသို့ ပြည်ပခရီးသွား ၃၆ ဒသမ ၈ သန်း ဝင်ရောက်

**တိုကျို ဇန်နဝါရီ ၁၅**



၂၀၂၄ ခုနှစ်အတွင်း ဂျပန်နိုင်ငံသို့ဝင်ရောက်လာသည့် ပြည်ပခရီးသွားအရေအတွက်မှာ စံချိန်တင်မြင့်တက်ခဲ့ကြောင်း ဂျပန်အစိုးရက ယနေ့တွင် ထုတ်ပြန်သည့် ကိန်းဂဏန်းများအရ သိရသည်။

၂၀၂၄ ခုနှစ်အတွင်း ဂျပန်နိုင်ငံသို့ ဝင်ရောက်ခဲ့သည့် ပြည်ပခရီးသွားအရေအတွက်မှာ ၃၆ ဒသမ၈ သန်းထိရှိခဲ့ကြောင်း သိရသည်။

၂၀၂၄ ခုနှစ်အတွင်း ဂျပန်နိုင်ငံသို့ ဝင်ရောက်ခဲ့သော ပြည်ပခရီးသည်အရေအတွက်မှာ ကိုဗစ်-၁၉ ရောဂါကပ်ဘေး မတိုင်မီကာလ ၂၀၁၉ ခုနှစ်ကထက်ပို၍များပြားခဲ့ကြောင်း ဂျပန်အစိုးရတာဝန်ရှိသူများက ပြောကြားခဲ့သည်။

နှိုင်းယှဉ်ကြည့်ပါက ၂၀၁၉ ခုနှစ်တွင် ဂျပန်နိုင်ငံသို့ ပြည်ပခရီးသည်အရေအတွက်မှာ ၃၂ သန်းနီးပါးထိရှိကြောင်း သိရသည်။

၂၀၃၀ ပြည့်နှစ်အရောက်တွင် ဂျပန်နိုင်ငံသို့ ဝင်ရောက်မည့် ပြည်ပခရီးသည်အရေအတွက်ကို နှစ်စဉ် သန်း ၆၀ထိ မြှင့်တင်နိုင်ရန် ဂျပန်အစိုးရက ရည်မှန်းထားသည်။

ကိုဗစ်-၁၉ ရောဂါ ကပ်ဘေးကာလအတွင်း ဂျပန်နိုင်ငံ၏ခရီးသွားလုပ်ငန်း ကျဆင်းခဲ့ရသော်လည်း နောက်ပိုင်းတွင် လုပ်ငန်းပြန်လည် အားကောင်းလာခဲ့ကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

## ပထမဆုံးအချက်ပြထောက်လှမ်းရေးသင်္ဘော အီရန်ရေတပ် လက်ခံရရှိ

**တီဟီရန် ဇန်နဝါရီ ၁၅**

အီရန်ရေတပ်သည် ၎င်း၏ ပထမဆုံးအချက်ပြ ထောက်လှမ်းရေးသင်္ဘောကို ယနေ့တွင် လက်ခံရရှိခဲ့ကြောင်း အီရန်ပြည်တွင်း မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဇာဂရော့စ်အမည်ရှိ အဆိုပါစစ်သင်္ဘောသည် အီလက်ထရွန်နစ် အာရုံခံစနစ်များ တပ်ဆင်ထားပြီး ဆိုက်ဘာစစ်ဆင်ရေးကြားဖြတ်ဟန့်တားမှုများ၊ထောက်လှမ်းရေးသတင်းရယူမှုများပြုလုပ်နိုင်ကြောင်း သိရသည်။

ဇာဂရော့စ်အချက်ပြထောက်လှမ်းရေးသင်္ဘောသည် ပင်လယ်ပြင်နှင့် သမုဒ္ဒရာရေပြင်များ၌ အီရန်ရေတပ်၏ မျက်လုံးဖြစ်လာမည်ဖြစ်ကြောင်း အီရန်မီဒီယာများ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အီရန်ကြည်းတပ်က မောင်းသူမဲ့လေယာဉ်သစ် အစင်း ၁၀၀၀ လက်ခံရရှိခဲ့ပြီး ရက်အနည်းငယ်အကြာတွင် အီရန်ရေတပ်ကလည်း အချက်ပြထောက်လှမ်းရေးသင်္ဘောသစ်လက်ခံရရှိခဲ့ခြင်းဖြစ်သည်။

အီရန်နိုင်ငံသည် နှစ်လကြာ စစ်ရေးလေ့ကျင့်မှုများကို ယခုလအစောပိုင်းတွင် စတင်ပြုလုပ်လျက်ရှိသည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုများထဲတွင် နျူကလီးယားအဆောက်အအုံများကို အကာအကွယ်ပေးမှုများလည်း ပါဝင်ကြောင်း အီရန်မီဒီယာများ၏အဆိုအရသိရသည်။

Ref : Xinhua

Trs : KKO




## ရေငုပ်သင်္ဘောတစ်စီး၊ ဖျက်သင်္ဘောတစ်စီးနှင့် ဖရီးဂိတ်စစ်သင်္ဘောတစ်စီးတို့ကို အိန္ဒိယရေတပ် တစ်ချိန်တည်းရေချခဲ့

**ဒေလီ ဇန်နဝါရီ ၁၅**

အိန္ဒိယရေတပ်သည် ယနေ့တွင် ရေငုပ်သင်္ဘောတစ်စီး၊ ဖျက်သင်္ဘောတစ်စီးနှင့် ဖရီးဂိတ်စစ်သင်္ဘောတစ်စီးတို့ကို တစ်ပြိုင်တည်းရေချခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ရေယာဉ်များကို နိုင်ငံပိုင်သင်္ဘောကျင်းများ၌ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း အိန္ဒိယမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါစစ်ရေယာဉ်သစ်များကို အိန္ဒိယသမုဒ္ဒရာဒေသကို ကာကွယ်ရာတွင်အသုံးပြုရန် အိန္ဒိယရေတပ်က ရည်မှန်းထားသည်။

အိန္ဒိယ သမုဒ္ဒရာဒေသသည် အိန္ဒိယနိုင်ငံ၏ ပို့ကုန်သွင်းကုန် ပမာဏစုစုပေါင်း၏ ၉၅ ရာခိုင်နှုန်း ဖြတ်သန်းနေသော ရေပြင်ဒေသဖြစ်သည်။

တစ်ချိန်တည်းမှာပင် တရုတ်နိုင်ငံကလည်း အိန္ဒိယသမုဒ္ဒရာဒေသ၌ စစ်ရေးနှင့် နိုင်ငံရေးအရ ဩဇာတည်ဆောက်ရန် ကြိုးပမ်းလျက်ရှိသည်။

အိန္ဒိယရေတပ်က ယနေ့တွင်ရေချခဲ့သောရေငုပ်သင်္ဘောမှာ ပြင်သစ်နိုင်ငံထံမှလိုင်စင်ယူ၍ ပြည်တွင်းမှာပင်တည်ဆောက်ခဲ့သော ပီ ၇၅ စကော်ပီနီအမျိုးအစား ရေငုပ်သင်္ဘောဖြစ်သည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက ဂြိုဟ်တုအမျိုးမျိုး ၁၃၁ စင်းကို လွှတ်တင်ပေးခဲ့



ဝါရှင်တန် ဇန်နဝါရီ ၁၅

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် ဂြိုဟ်တုအမျိုးမျိုး ၁၃၁ စင်းကို Transporter-12 အမည်ရှိ မစ်ရှင်ဖြင့် ဇန်နဝါရီ ၁၄ ရက်တွင် လွှတ်တင်ပေးခဲ့ကြောင်း သိရသည်။

အထက်ပါ ဂြိုဟ်တုအမျိုးမျိုး ၁၃၁ စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၇ ဒသမ ၅ မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းအနီးတွင် အောင်မြင်စွာ ပြန်လည် ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး ၅၄ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ထိပ်ဖူးအဆင့် ဒုံးယာဉ်သည် သယ်ဆောင်ထားသည့် ဂြိုဟ်တု ၁၃၁ စင်းကို ပတ်လမ်းပေါ်သို့ စတင်ပို့ဆောင်ခဲ့ရာ မိနစ် ၉၀ အကြာတွင် ဂြိုဟ်တုအားလုံးကို ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် Transporter မစ်ရှင်များဖြင့် ဂြိုဟ်တုအစင်း ၁၁၀၀ ကျော်ကို လွှတ်တင်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ပြင် Space-X အာကာသ နည်းပညာကုမ္ပဏီသည် Bandwagon အမည်ရှိ မစ်ရှင်များဖြင့်လည်း ဂြိုဟ်တုများအပြားကို စုပေါင်းစပ်ပေါင်း လွှတ်တင် ပေးလျက်ရှိကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## နိုင်ငံတကာသိပ္ပံပညာရှင်များက ကမ္ဘာမြေနှင့်အလင်းနှစ် ၅၇၈ နှစ်ခန့် အကွာတွင်ရှိနေသော ဂြိုဟ်သစ်တစ်စင်းကို ရှာဖွေတွေ့ရှိ

နယူးဒေလီ ဇန်နဝါရီ ၁၅

အိန္ဒိယ သိပ္ပံပညာရှင်များ ဦးဆောင်သည့် နိုင်ငံတကာ သိပ္ပံပညာရှင်များသည် ကမ္ဘာမြေနှင့် အလင်းနှစ် ၅၇၈ နှစ်ခန့် အကွာတွင် ရှိနေသော ဂြိုဟ်သစ်တစ်စင်းကို ရှာဖွေတွေ့ရှိထားကြောင်း ဇန်နဝါရီ ၁၄ ရက်သတင်းများအရ သိရသည်။

TOI-6038 A ဟူ၍အမည်ပေးထားသော အဆိုပါဂြိုဟ်သည် အရွယ်အစားအားဖြင့် ကမ္ဘာ့ဂြိုဟ်ထက် ခြောက်ဆပိုကြီးမားကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

TOI-6038 A ဂြိုဟ်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က လွှတ်တင်ထားသည့် တက်စ်ဂြိုဟ်တု၏ အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

TOI-6038 A ဂြိုဟ်ကိုကျောက်သားနှင့်သံသတ္တုကဲ့သို့ သိပ်သည်းသည့် ဒြပ်ထည်များဖြင့် ဖွဲ့စည်းထားဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ခန့်မှန်းထားသည်။

နာဆာ၏ တက်စ်ဂြိုဟ်တုသည် နေအဖွဲ့အစည်းအနီးရှိ ဂြိုဟ်ပေါင်း ၂၀၀၀၀၀ ခန့်ကို စောင့်ကြည့်နေသော ဂြိုဟ်တုဖြစ်ကြောင်း၊ အဆိုပါဂြိုဟ်တုသည် လက်ရှိအချိန်ထိ နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်ပေါင်း ၅၉၁ စင်းကို ရှာဖွေပေးနိုင်ခဲ့ကြောင်း သိရသည်။



Ref : Sputnik News
Trs : KKO

## အရွယ်အစားအလွန်ကြီးမားပြီး ပုံပန်းပျက်စီးမှုမရှိသေးသည့် ဒိုင်နိုဆောဦးခေါင်းကျောက်ဖြစ်ရုပ်ကြွင်းကို တရုတ်သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

ပေကျင်း ဇန်နဝါရီ ၁၅

အရွယ်အစား အလွန်ကြီးမားပြီး ပုံပန်းပျက်စီးမှုမရှိသေးသည့် ဒိုင်နိုဆောဦးခေါင်း ကျောက်ဖြစ်ရုပ်ကြွင်းကို တရုတ်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဇန်နဝါရီ ၁၄ ရက် သတင်းများအရ သိရသည်။



အဆိုပါ ဒိုင်နိုဆောဦးခေါင်းခွံသည် Sauropodomorph အုပ်စုဝင် ဒိုင်နိုဆောမျိုးစိတ်သစ်တစ်မျိုး၏ ဦးခေါင်းခွံဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

၎င်းဒိုင်နိုဆောမျိုးစိတ်သစ်ကို Lishulong Wangi ဟူ၍ တရုတ်သိပ္ပံပညာရှင်များက အမည်ပေးထားကြောင်း သိရသည်။

ဦးခေါင်းခွံ ကျောက်ဖြစ်ရုပ်ကြွင်းအရွယ်အစားအရ Lishulong Wangi ဒိုင်နိုဆောများသည် ကိုယ်ထည်အလျား ၃၃ ပေထိရှိနိုင်ကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

Lishulong Wangi ဒိုင်နိုဆော ဦးခေါင်းခွံ ကျောက်ဖြစ်ရုပ်ကြွင်း၏ သက်တမ်းမှာ နှစ်ပေါင်းသန်း ၂၀၀ ထိရှိပြီဖြစ်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

Lishulong Wangi ဒိုင်နိုဆောသည် ကမ္ဘာပေါ်၌ ရှာဖွေတွေ့ရှိခဲ့ဖူးသမျှ Sauropodomorph ဒိုင်နိုဆောများအနက် အရွယ်အစား အကြီးမားဆုံး ဖြစ်နိုင်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# HEALTH

## ခုခံအားစနစ်ဆေးတစ်မျိုးက ဆီးအိတ်ကင်ဆာလူနာများ အသက်ရှင်နိုင်မှုကာလကို မြှင့်တင်နိုင်

လန်ဒန် ဇန်နဝါရီ ၁၅

ခုခံအားစနစ် ဆေးတစ်မျိုးသည် ဆီးအိတ်ကင်ဆာလူနာများ အသက်ရှင်သန်နိုင်မှုကာလကို မြှင့်တင်ပေးနိုင်ဖွယ်ရှိကြောင်း ဇန်နဝါရီ ၁၄ ရက် သတင်းများအရ သိရသည်။

ဗြိတိန်နိုင်ငံ ရက်ဖီးတက္ကသိုလ်မှ သုတေသန ပညာရှင်များ၏ အဆိုအရ Durvalumab အမည်ရှိ ဆေးသည် ဆီးအိတ်ကင်ဆာ ရောဂါပိုဆိုးလာနိုင်ခြေ သို့မဟုတ် ကင်ဆာဆဲလ်များထပ်မံပေါ်ထွက်လာနိုင်ခြေကို ၃၀ ရာခိုင်နှုန်းကျော် လျှော့ချပေးနိုင်ကြောင်း သိရသည်။

ထို့ပြင် Durvalumab ဆေးဖြင့် ကုသမှုခံယူထားသည့် ဆီးအိတ်ကင်ဆာလူနာများ၏အသက်ရှင်သန်နိုင်ခြေမှာလည်း နှစ်နှစ်ထိ ပိုတိုးလာနိုင်ကြောင်း ဗြိတိန် သုတေသန ပညာရှင်များက ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ တတိယအဆင့် လက်တွေ့စမ်းသပ်မှုရလဒ်များအရ Durvalumab ဆေးသည် ဆီးအိတ်ကင်ဆာလူနာများ၌ကင်ဆာဆဲလ်များတစ်ကျော့ပြန်ပေါ်လာနိုင်ခြေကို ၃၂ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း၊ ထို့ပြင် Durvalumab ဆေးသည် စမ်းသပ်မှုတွင်ပါဝင်သည့်လူနာ ၈၂ ဒသမ ၂ ရာခိုင်နှုန်းတို့၏ အသက်ရှင်သန်နိုင်ခြေမှာ နှစ်နှစ်ထိ တိုးလာကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ Durvalumab ဆေး တတိယအဆင့် စမ်းသပ်မှုတွင် ဆီးအိတ်ကင်ဆာလူနာ ၁၀၆၃ ဦး တို့ပါဝင်ခဲ့ကြကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## အလွန်အကျွံပြုပြင်ထားသည့် အစားအစာများက ကလေးများ၏မေးရိုးဖွံ့ဖြိုးမှုအပေါ် ဆိုးကျိုးရှိနိုင်

မက်ဒရစ် ဇန်နဝါရီ ၁၅

အလွန်အကျွံ ပြုပြင်စီရင်ထားသည့် အစားအစာများ (UPFs) သည် ကလေးများ၏ မေးရိုးဖွံ့ဖြိုးမှုအပေါ် ဆိုးကျိုးသက်ရောက်မှုရှိနေနိုင်ကြောင်း ဇန်နဝါရီ ၁၄ ရက် သတင်းများအရ သိရသည်။

စပိန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ပျော့ပျောင်း၍ ဝါးရလွယ်သည့် UPFs အစားအစာများသည် ကလေးများ၏ မေးရိုးဖွံ့ဖြိုးအားကောင်းမှုအပေါ် ဆိုးကျိုးသက်ရောက်မှုရှိတတ်ကြောင်း သိရသည်။

အစားအစာ ဝါးစားမှုသည် ကလေးများ၏ မေးရိုးဖွံ့ဖြိုးအားကောင်းရေးအတွက် အရေးကြီးပြီး အရိုးဖွံ့ဖြိုးရေး၊ မျက်နှာပြင်ကြွက်သားများ သန်မာရေးနှင့်သွားများ ပုံစံတကျရှိရေးတို့ကို အထောက်အကူပြုသည်ဟု စပိန်သုတေသန ပညာရှင်များက ပြောကြားကြောင်း သိရသည်။

သို့ဖြစ်ရာ သစ်သီး၊ ဟင်းသီးဟင်းရွက်ကဲ့သို့ မာကျော၍အမျှင်ဓာတ်များသောအစားအစာများကို ဝါးစားမှုသည် မေးရိုးကိုလေ့ကျင့်ခန်းပြုလုပ်ရာရောက်ပြီး သွားများ ပုံစံတကျ ရှိစေရေးအတွက် အထောက်အကူပြုကြောင်း စပိန် သုတေသန ပညာရှင်များ၏အဆိုအရ သိရသည်။

သို့ရာတွင် ဝါးရလွယ်ကူသည့် UPFs အစားအစာများကြောင့် ကလေးများ၏ မေးရိုးဖွံ့ဖြိုးအားကောင်းမှု နည်းပါးသွားတတ်ပြီး သွားများ ပုံစံတကျပေါက်ရောက်မှု ထိခိုက်သွားနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO






## ခရစ်အူဘန့်နှင့်ကော်နာဘန်းတို့ လာမည့်ဧပြီလတွင် ထိုးသတ်သွားရန် သဘောတူညီချက်ရရှိ



**လန်ဒန် ဇန်နဝါရီ ၁၅**

ဗြိတိန် လက်ဝှေ့သမားများ ဖြစ်ကြသည့် IBOမစ်ဒယ်ဝိတ်တန်း ချန်ပီယံခရစ်အူဘန့်နှင့် စိန်ခေါ်သူ ကော်နာဘန်းတို့ လာမည့် ဧပြီလ တွင် ထိုးသတ်သွားရန် သဘောတူ ညီချက်ရရှိခဲ့ပြီဖြစ်ကြောင်း ဆော်ဒီ အာရေဗျလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဖြစ်သူ တာကီအလယ်ရှစ်ခ်က ယနေ့တွင် ပြောကြားခဲ့သည်။

ခရစ်အူဘန့်နှင့် ကော်နာဘန်း တို့၏ ဖခင်တို့မှာလည်း လက်ဝှေ့ လောကတွင်ကျင်လည်စဉ် အခိက ပြိုင်ဘက်များဖြစ်သလို ၎င်းတို့ အကြားပြဿနာလည်း မကြာခဏ ဖြစ်ပွားလေ့ရှိကြသည်။

ခရစ်အူဘန့်နှင့် ကော်နာဘန်း တို့အကြား စိန်ခေါ်ပွဲထိုးသတ်ရန် လည်း အကြိမ်ကြိမ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပြီး လန်ဒန်မြို့တွင် လာမည့်ဧပြီလ၌ ထိုးသတ်သွားရန် သဘောတူညီချက် ရရှိခဲ့ခြင်း လည်းဖြစ်သည်။

ဖခင်နှစ်ဦးအကြား ပြတ်သား သည့် အနိုင်အရှုံးရလဒ်ထွက်ပေါ်ခဲ့ ခြင်းမရှိသည့်အတွက် ၎င်းတို့၏ မျိုးဆက်အကြား အားပြိုင်မှုကို စောင့်ကြည့်သွားရမည်ဖြစ်သည်။

၂၀၂၅ခုနှစ်အတွက် အကောင်း ဆုံးသော လက်ဝှေ့ပွဲစဉ်တစ်ပွဲ ဖြစ်လာနိုင်ပြီး ဗြိတိန်လက်ဝှေ့ လောကနှင့် ကမ္ဘာ့လက်ဝှေ့အသိုင်း အဝိုင်းကြား စိတ်ဝင်စားစရာ ကောင်းသည့် လက်ဝှေ့ပွဲတစ်ပွဲ လည်းဖြစ်နေပြီး ယင်းစိန်ခေါ်ပွဲ ဖြစ်မြောက်ရေးအတွက် ဆော်ဒီ လက်ဝှေ့အဖွဲ့ချုပ်က ကြားဝင် ညှိနှိုင်းပေးခဲ့ခြင်းလည်း ဖြစ် ကြောင်း သိရသည်။

ဆော်ဒီအာရေဗျလက်ဝှေ့အဖွဲ့ ချုပ်ဥက္ကဋ္ဌဖြစ်သူ တာကီအလယ် ရှစ်ခ်က "ခရစ်အူဘန့်နဲ့ကော်နာ ဘန်းတို့အကြားသဘောတူညီချက် ရရှိခဲ့ပြီဖြစ်ပါတယ်။လာမယ့်ဧပြီလ တွင် ထိုးသတ်သွားကြမှာ ဖြစ်ပါ တယ်"ဟု ပြောကြားခဲ့သည်။

နာမည်ကြီး လက်ဝှေ့Promoter ဖြစ်သူ အက်ဒီဟန်းက "ဗြိတိန် လက်ဝှေ့လောကရဲ့ အကောင်းဆုံး စိန်ခေါ်ပွဲတစ်ပွဲဖြစ်လာမယ့်စိန်ခေါ် ပွဲကတော့ အထမြောက်သွားပါပြီ။ အားလုံးလဲ ဒီစိန်ခေါ်ပွဲကို မျှော်လင့် နေကြမယ်လို့ ယုံကြည်ပါတယ်" ဟုပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

## အားကစားသတင်းအတိုအထွာများ

- ❑ ဝက်စ်ဟမ်းအသင်းနည်းပြသစ် ပေါ်တာက ပွဲဦးထွက်တွင် ဖူလ်ဟမ်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီးနောက် တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် မာဆေးတိုက်စစ်မှူး ဝါဟီကို ခေါ်ယူရန်ဆွေးနွေးနေကြောင်း ပြောကြားခဲ့သည်။
- ❑ အာဆင်နယ်အသင်းနှင့်ကစားရမည့် ဒါဘီပွဲစဉ်တွင် စပါး အသင်းက တိုက်စစ်မှူး တီမိုဝါနာ၊ ရစ်ချာလီဆန်၊ ဂိုးသမား ဗီကာရီအိုအပါအဝင် အဓိကကစားသမား ၁၀ ဦးထိ လွဲချော် မည်ဖြစ်ကြောင်း အသင်းတာဝန်ရှိသူများက ထုတ်ပြန်ခဲ့သည်။
- ❑ ယခုနှစ်ဘောလုံးရာသီတွင် အသင်းနှင့်စာချုပ်ကုန်ဆုံးမည့် တိုက်စစ်မှူးစီရော်နယ်ဒိုကို အယ်နာဆာအသင်းက သက်တမ်း တိုးရန် ထပ်မံကမ်းလှမ်းခဲ့ကြောင်း သိရသည်။

ML

## ၂၀၂၅ အာရှအမျိုးသမီးဖူဆယ်ပြိုင်ပွဲ ခြေစစ်ပွဲအုပ်စုအဖွင့်ပွဲစဉ်တွင် ဗီယက်နမ်အသင်းကို မြန်မာအသင်းရှုံးနိမ့်

**ရန်ကုန် ဇန်နဝါရီ ၁၅**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၂၀၂၅ အာရှအမျိုးသမီး ဖူဆယ်ပြိုင်ပွဲ ခြေစစ်ပွဲအုပ်စု(D) အဖွင့်ပွဲစဉ် အဖြစ် ယနေ့ညနေ ၅နာရီက ရန်ကုန်မြို့ရှိ MFF Futsal Stadiumတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီး ဖူဆယ်အသင်းနှင့် ဗီယက်နမ် အမျိုးသမီးအသင်းတို့ ကစားခဲ့ရာ မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းက ငါးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။



အဆိုပါပွဲစဉ်တွင် မြန်မာ့ လက်ရွေးစင် အမျိုးသမီးဖူဆယ် အသင်းအနေဖြင့် ဗီယက်နမ် အမျိုးသမီးအသင်းကိုအကောင်းဆုံး တုံ့ပြန်ကစားခဲ့သော်လည်း ဗီယက် နမ်အမျိုးသမီးအသင်းက ရရှိသည့် အခွင့်အရေးများကို အသုံးချနိုင် ခဲ့ပြီး ပထမပိုင်းတွင် ဗီယက်နမ် အမျိုးသမီးအသင်းက လေးဂိုး တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့ကာ ဒုတိယပိုင်းတွင်လည်း ဗီယက်နမ် အမျိုးသမီးအသင်းက တစ်ဂိုး ထပ်မံ သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲစဉ်အပြီးတွင် ဗီယက်နမ် အမျိုးသမီးအသင်းကငါးဂိုးတစ်ဂိုး ဖြင့် အနိုင်ရရှိခဲ့ပြီး မြန်မာ့ လက်ရွေးစင် အမျိုးသမီးဖူဆယ် အသင်းအတွက် တစ်လုံးတည်း တည်းသောဂိုးကို ယမင်းသန့်စင်က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ယနေ့မွန်းလွဲ ၂ နာရီခွဲက အုပ်စု(D) ပွဲစဉ်အဖြစ် တရုတ်(တိုင်ပေ)အမျိုးသမီးအသင်း နှင့် မကာအိုအမျိုးသမီးအသင်း တို့ကစားခဲ့ရာ တရုတ်(တိုင်ပေ) အမျိုးသမီးအသင်းက ၁၈ဂိုး ဂိုးမရှိ ဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီး အသင်းသည် အုပ်စု(D)လက်ကျန် ပွဲစဉ်များအဖြစ် ဇန်နဝါရီ ၁၇ရက် ညနေ ၅နာရီတွင် တရုတ်(တိုင်ပေ) အသင်းနှင့်လည်းကောင်း၊ဇန်နဝါရီ ၁၉ရက် ညနေ ၅နာရီတွင် မကာအို အသင်းနှင့်လည်းကောင်း ဆက် လက်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

STA

## ဒေါ့မွန်အသင်းတိုက်စစ်မှူးမာလန်းကို အေဗီလာအသင်းက ယူရို ၂၅ သန်းဖြင့် ခေါ်ယူ



**လန်ဒန် ဇန်နဝါရီ ၁၅**

အေဗီလာအသင်းသည်တိုက်စစ် ပိုင်းဖြည့်တင်းရန်အတွက် ဒေါ့မွန် အသင်းတိုက်စစ်မှူး မာလန်းကို ပြောင်းရွှေ့ကြေးယူရို ၂၅ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၂၅ နှစ်ရှိ တိုက်စစ်မှူး မာလန်းသည် ပြီးခဲ့သည့်ရာသီက လည်း ပြိုင်ပွဲစုံ ၃၈ ပွဲ ပါဝင်ခဲ့ရပြီး သွင်းဂိုး ၁၅ ဂိုးနှင့် ဂိုးဖန်တီးမှု ငါးကြိမ် ပြုလုပ်နိုင်ခဲ့သည့်အပြင် ယခုနှစ်တွင်လည်း ၂၁ ပွဲတွင် သွင်းဂိုး ငါးဂိုးထိ သွင်းယူနိုင်ခဲ့ သောကြောင့် နည်းပြအမ်မရီက အပြီးသတ် ခေါ်ယူခဲ့ကြောင်း သိရသည်။

မာလန်းသည် ကစားသမား ဘဝကို အာဆင်နယ်လူငယ်အသင်း နှင့်စတင်ခဲ့ပြီး နှစ်နှစ်အကြာတွင် ပီအက်စ်ဗွီအသင်းသို့ ပြောင်းရွှေ့ ခဲ့ကာ အသင်းနှင့်ပြိုင်ပွဲစုံ ပွဲ ၈၀ တွင် သွင်းဂိုး၄၀ထိ သွင်းယူခြေစွမ်းပြ နိုင်ခဲ့သောကြောင့် ဒေါ့မွန်အသင်း က ခေါ်ယူခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူးမာလန်းအနေဖြင့် အေဗီလာအသင်း တိုက်စစ်ပိုင်း တွင် တောင်ပံကစားသမားများ ဖြစ်သည့် ဘိုင်လီနှင့် ရော်ဂျာ၊ တိုက်စစ်မှူး အိုလီဝက်ကင်းတို့နှင့် ပွဲထွက်ခွင့်အတွက် ယှဉ်ပြိုင်ရမည် ဖြစ်ကြောင်း နည်းပြအမ်မရီက ပြောကြားခဲ့သည်။

Ref : ESPN

Trs : ML

## Genesis Invitational ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်မသေချာသေးကြောင်း တိုက်ဂါးဝုဒ်ထုတ်ပြန်

**ကယ်လီဖိုးနီးယား ဇန်နဝါရီ ၁၅**

အမေရိကန်နိုင်ငံ ကယ်လီဖိုး နီးယားပြည်နယ် တောင်ဘက်ပိုင်း ၌ ကျင်းပသွားမည့် Genesis Invitationalဂေါက်သီးရိုက်ပြိုင်ပွဲ တွင် ပါဝင်ယှဉ်ပြိုင်ရန် မဆုံးဖြတ် ရသေးသည်ဟု တိုက်ဂါးဝုဒ်က ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Genesis Invitational ဂေါက်သီး ရိုက်ပြိုင်ပွဲကျင်းပသည့်နေရာသည် လော့စ်အိန်ဂျလိစ် ကောင်တီနှင့် နီးကပ်ပြီး လော့စ်အိန်ဂျလိစ် တောမီးလောင်ကျွမ်းနေမှုနှင့်ပတ် သက်၍ စိတ်မကောင်းဖြစ်နေသည့် တိုက်ဂါးဝုဒ်က လက်ရှိအခြေအနေ အရ ပြိုင်ပွဲဝင်ရန် အာရုံမစိုက်နိုင် သေးကြောင်းလည်း ပြောကြား ခဲ့သည်။

Genesis Invitationalဂေါက်သီး ရိုက်ပြိုင်ပွဲအား ကျင်းပသွားမည် ဖြစ်သော်လည်း တောမီးလောင် ကျွမ်းမှုကြောင့် မည်သည့်ဂေါက်က လပ်တွင် ကျင်းပသွားမည်ကို မရွေးချယ်ရသေးကြောင်းလည်း ပြိုင်ပွဲ ကျင်းပရေးကော်မတီက ထုတ်ပြန်ထားသည်။

တိုက်ဂါးဝုဒ်သည် ကယ်လီဖိုး နီးယားပြည်နယ် တောင်ဘက် ပိုင်းတွင် မွေးဖွားကြီးပြင်းလာသူ ဖြစ်ပြီး၎င်းတို့မိသားစုနှင့်ရင်းနှီးသူ များမှာလည်း တောမီးကူးစက် လောင်ကျွမ်းမှုကြောင့် ပိုင်ဆိုင်မှု များဆုံးရှုံးခဲ့ရခြင်းအပေါ် စိတ်မ ကောင်း ဖြစ်နေကြောင်းလည်း ပြောကြားခဲ့သည်။

တိုက်ဂါးဝုဒ်က " Genesis Invitational ဂေါက်သီးရိုက်ပြိုင်ပွဲ ကတော့ စီစဉ်ထားတဲ့အတိုင်း ကျင်းပသွားမယ်လို့ သိရပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ပြိုင်ပွဲ ဝင်ဖို့အရေးကိုအာရုံမစိုက်နိုင်သေး ဘူး။ လော့စ်အိန်ဂျလိစ် ဖြစ်ရပ်ဆိုး ကြောင့် အရမ်းကို စိတ်မကောင်း ဖြစ်မိတယ်။ ကျွန်တော်မွေးဖွား ကြီးပြင်းလာတဲ့နေရာမှာ အခုလို ဖြစ်ရပ်ဆိုးမျိုးကြုံတွေ့ခဲ့ရတာကိုပဲ စိတ်ထဲ ရောက်ရောက်နေတယ်။ ကျွန်တော့်မိတ်ဆွေတွေပိုင်ဆိုင်မှု တွေဆုံးရှုံးသွားခဲ့တာကိုလဲ တွေးမိ တိုင်း စိတ်မကောင်းဖြစ်မိတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ပြိုင်ပွဲဝင်ဖို့ကိစ္စတွေကို မစဉ်းစား နိုင်ဘူးဖြစ်နေတယ်။ ကျွန်တော့် အမြင်တော့ ဒီလိုအခြေအနေမျိုးမှာ ပြိုင်ပွဲကိစ္စတွေကို မေ့ထားသင့် တယ်လို့လဲ ထင်ပါတယ်" ဟု ပြော ကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# မြန်မာအမျိုးသား၊အမျိုးသမီး သက်တမ်းလိုက်အသင်းများ၏ အားကစားဝတ်စုံနှင့်အသုံးအဆောင်များကို Jogarbolaက လေးနှစ်စပွန်ဆာပေးအပ်




**ရန်ကုန် ဇန်နဝါရီ ၁၅**

မြန်မာအမျိုးသား၊အမျိုးသမီး ဘောလုံးအသင်းများ၊ ဖူဆယ် အသင်းများအတွက် အားကစား ဝတ်စုံနှင့် အသုံးအဆောင်များကို Jogarbolaက လေးနှစ်စပွန်ဆာ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

Jogarbola သည် ဂျပန် အားကစားဝတ်စုံလုပ်ငန်း အမှတ် တံဆိပ်တစ်ခုဖြစ်ပြီး ဗီယက်နမ် နိုင်ငံတွင်ထုတ်လုပ်ကာ လက်ရှိ ဗီယက်နမ် လက်ရွေးစင်အသင်း ကို ဝတ်စုံစပွန်ဆာပံ့ပိုးပေးထား သော အမှတ်တံဆိပ်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ စပွန်ဆာတစ်ခုဖြစ်သည့် Dong Lucဘောလုံးနှင့်မိသားစုဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နှင့် Jogarbola တို့ နှစ်ဖက် သဘောတူ စာချုပ်ချုပ်ဆိုပွဲနှင့် ဂျာစီအသစ် မိတ်ဆက်ပွဲအား မကြာမီ ကျင်းပပြုလုပ်သွားမည် ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ ချုပ်သည် Jogarbola မတိုင်မီက ထိုင်းနိုင်ငံမှ အားကစားဝတ်စုံ လုပ်ငန်းတစ်ခုဖြစ်သည့် Warrix နှင့် ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ထိ ဝတ်စုံစပွန်ဆာအဖြစ် ခြောက်နှစ် ကြာ ပံ့ပိုးကူညီပေးရန် လက်တွဲ ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် က လက်ရှိအိမ်ရှင်အဖြစ် လက်ခံ ကျင်းပမည့်AFC Women's Futsal Asian Cup 2025 Qualifiers အုပ်စု(D)ခြေစစ်ပွဲများတွင် မြန်မာ့ လက်ရွေးစင် အမျိုးသမီး ဖူဆယ် အသင်းအနေဖြင့် ဂျာစီဒီဇိုင်း အသစ်အား ဝတ်ဆင်အသုံးပြုနိုင် ဦးမည်မဟုတ်ဘဲ Jogarbolaမှ ကနဦးဝတ်ဆင်ရန် ထုတ်လုပ် ထားသော ဂျာစီများကိုသာ ယာယီ အသုံးပြုလျက် ရှိနေကြောင်း သိရသည်။

STA

# ဂျီးဆပ်၏ ဒူးဒဏ်ရာမှာအရှုတ်ထိခိုက်ခဲ့ကြောင်း အာဆင်နယ်အသင်းထုတ်ပြန်

**လန်ဒန် ဇန်နဝါရီ ၁၅**

အာဆင်နယ်အသင်းနှင့်မန်ယူ အသင်းတို့ကစားခဲ့သည့် အက်ဖ် အေဖလား တတိယအဆင့်တွင် ရရှိခဲ့သည့် တိုက်စစ်မှူးဂျီးဆပ်၏ ဒူးဒဏ်ရာမှာ အရှုတ်ထိခိုက်ခဲ့ ကြောင်း အာဆင်နယ်အသင်းက ထုတ်ပြန်ခဲ့သည်။

တိုက်စစ်မှူး ဂျီးဆပ်သည် အက်ဖ်အေဖလားပွဲတွင် ပွဲကစား ချိန် မိနစ် ၄၀ အရောက်၌ မန်ယူ အသင်းခေါင်းဆောင် ဖာနန်ဒက်စ် နှင့် ထိခိုက်မိခဲ့ရာ ဒူးဒဏ်ရာရရှိ ခဲ့ပြီး ပြိုင်ပွဲမှထွက်ခွာခဲ့ရကြောင်း သိရသည်။

ကနဦးတွင် ဂျီးဆပ်၏ဒဏ်ရာ မှာ ရက်သတ္တပတ်အနည်းငယ် အနားယူရမည်ဟု ထုတ်ပြန်ခဲ့ သော်လည်း လက်ရှိတွင် အရှုတ် ထိခိုက်ခဲ့သဖြင့် ခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်ကာ လာမည့် ရက်ပိုင်းအတွင်း ခွဲစိတ်မှုပြုလုပ် မည်ဖြစ်ကြောင်း သိရသည်။

နည်းပြအာတီတာ အနေဖြင့် ဂျီးဆပ်၏နေရာတွင် တိုက်စစ်မှူး တစ်ဦးအစားထိုးရန် ကြိုးပမ်း နေပြီး တောင်ပံကစားသမား ဆာကာက ကြွက်သားဒဏ်ရာ၊ တိုမီယာဆုက ဒူးဒဏ်ရာ၊ ဘန်ဝှိုက် က ဒူးဒဏ်ရာ၊နဝမ်နာရီနှင့်ကာလာ ဖီအိုရီတို့မှာလည်း ဒဏ်ရာကြောင့် အနားယူနေရသဖြင့် အသင်းနှင့် ပူးပေါင်းနိုင်ခြင်းမရှိသေးကြောင်း ပြောကြားခဲ့သည်။

Ref : ESPN

Trs : ML

# တိုက်စစ်မှူး မူအာနီကို ရာသီဝက်အငှားစာချုပ်ဖြင့်ခေါ်ယူရန် ဂျူဗင်တပ်အသင်း သဘောတူညီမှုရရှိ

**ရောမ ဇန်နဝါရီ ၁၅**

စပါးအသင်းနှင့် မန်ယူအသင်း တို့ကခေါ်ယူရန် ကြိုးပမ်းနေသည့် တိုက်စစ်မှူးမူအာနီကို ဂျူဗင်တပ် အသင်းကရာသီဝက်အငှားစာချုပ် ဖြင့် ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့သည်။

တိုက်စစ်မှူး မူအာနီသည် ပီအက်စ်ဂျီအသင်းတွင် ပြိုင်ပွဲစုံ ၅၄ ပွဲတွင် သွင်းဂိုး ၁၁ ဂိုးသွင်းယူ နိုင်ခဲ့သော်လည်း နည်းပြအန်းနရစ် က ယခုနှစ်တွင် ပွဲထွက်ခွင့်မပေး ခဲ့သဖြင့် ပြိုင်ပွဲစုံ ၁၃ ပွဲတွင် အမှတ် ပေးပွဲနှစ်ပွဲကိုသာ ပွဲကစားခွင့် ရရှိခဲ့သဖြင့် အသင်းမှထွက်ခွာရန် စီစဉ်ခဲ့သည်။

အသက် ၂၆ နှစ်ရှိ တိုက်စစ်မှူး သည် ဖရန့်ဖတ်အသင်းတွင်ကစား စဉ်က ပြိုင်ပွဲစုံ ပွဲ ၅၀ တွင် သွင်းဂိုး ၂၆ဂိုးနှင့် ဂိုးဖန်တီးမှု ၁၇ ကြိမ်ထိ ပြုလုပ်ခဲ့သဖြင့် မန်ယူအသင်းနှင့် စပါးအသင်းတို့က ခေါ်ယူရန် အပြိုင်ကြိုးပမ်းသော်လည်း ဂျူဗင် တပ်အသင်းကသာ လက်ဦးမှုရယူ နိုင်ခဲ့ပြီး ခေါ်ယူရန်သဘောတူညီ မှုရခဲ့သည်။

ဂျူဗင်တပ် အသင်းသည် မူအာနီ၏ အငှားစာချုပ်တွင် အပြီး သတ်ခေါ်ယူခွင့်နှင့် ပတ်သက်၍ ထုတ်ပြန်ခြင်းမရှိဘဲ လာမည့် စနေနေ့တွင်ကစားရမည့် အေစီ မီလန်အသင်းနှင့်ပွဲစဉ်တွင် ပါဝင် နိုင်ရန်မျှော်မှန်းထားသည်။

ဂျူဗင်တပ်နည်းပြ မော့တာ သည်အသင်းတိုက်စစ်ပိုင်းအားနည်း နေမှုကို ပြင်ဆင်ရန် မူအာနီအပြင် ဇက်ခ်ဇီးကိုလည်း ထပ်မံခေါ်ယူ ရန်ကြိုးပမ်းနေကြောင်းသိရသည်။

Ref : Goal.com

Trs : ML




# သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင်အနိုင်ရခဲ့သည့် ဂျိုကိုဗစ်က ဂရန်းစလန်းပြိုင်ပွဲ၌ ရော်ဂျာဖက်ဒဲရာစံချိန်ကို ကျော်ဖြတ်နိုင်ခဲ့

**မဲလ်ဘုန်း ဇန်နဝါရီ ၁၅**

သြစတြေးလျနိုင်ငံ မဲလ်ဘုန်း မြို့တွင် ကျင်းပနေသည့် သြစ တြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်သည် ပေါ်တူဂီတင်းနစ် ကစားသမားဖာရီယာနှင့် ယှဉ်ပြိုင် ကစားခဲ့ရပြီး ဂျိုကိုဗစ်က (၆-၁၊ ၆-၇၊ ၆-၃၊ ၆-၂) ရလဒ်ဖြင့် အနိုင် ရရှိကာ တတိယအဆင့်သို့တက် ရောက်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်သည် ဖာရီယာအား အနိုင်ရခဲ့သည့်အတွက် ဂရန်း စလန်းတင်းနစ်ပြိုင်ပွဲတွင် ပွဲပေါင်း ၄၃၀ထိ ကစားထားသော ကစား သမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ယင်းစံချိန်ကို ဆွစ်ဇာလန် ဂန္ထဝင် တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲရာက ရရှိထားပြီး ဂျိုကိုဗစ်က ရော်ဂျာဖက်ဒဲရာ၏ စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ခြင်း ဖြစ်သည်။

ဂျိုကိုဗစ်သည် ဖာရီယာနှင့် ယှဉ်ပြိုင်ကစားခဲ့သော ပွဲစဉ်တွင် ပထမပွဲငယ်၌ ပြတ်သားသည့် ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး ဒုတိယပွဲငယ်တွင် tie-break အဆင့်ထိကစားခဲ့ပြီး ရှုံးနိမ့်ခဲ့သော် လည်း တတိယပွဲငယ်နှင့် စတုတ္ထ ပွဲငယ်တို့တွင် ပြတ်သားသည့် ရလဒ်ဖြင့် ပြန်လည်အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက် နိုင်ခဲ့သည်။




ဂျိုကိုဗစ်က “ဒီကနေ့ပွဲစဉ်ဟာ ကျွန်တော့်အတွက် အရေးကြီးတဲ့ ပွဲစဉ်တစ်ပွဲဖြစ်ပါတယ်။ တင်းနစ် အားကစားမှာ ဂရန်းစလန်းပြိုင်ပွဲ ဆိုတာ အဓိကပြိုင်ပွဲဖြစ်သလို ကစားသမားတိုင်း ပါဝင်ယှဉ်ပြိုင် ခွင့်ရချင်တဲ့ ပြိုင်ပွဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကစားသမား ဘဝ သက်တမ်းတစ်လျှောက် ဂရန်းစလန်း တင်းနစ်ပြိုင်ပွဲတွေ မှာ မဖြစ်မနေပါဝင်ယှဉ်ပြိုင်နိုင်ဖို့ ဦးစားပေးခဲ့တယ်။ အခုဆိုရင် ပွဲပေါင်း ၄၃၀ ပြည့်မြောက်သွား ခဲ့ပြီ။ ရော်ဂျာလို ကစားသမားမျိုး ကပဲ ဒီလိုပွဲပေါင်းများစွာ ကစား နိုင်မှာဖြစ်တယ်။ အခုရော်ဂျာရဲ့ စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့တာဟာ ကျွန်တော့်အတွက် ဂုဏ်ယူစရာ ပါပဲ။ အကောင်းဆုံးပုံစံနဲ့ အနိုင် ရခဲ့လို့လဲ ဝမ်းသာဂုဏ်ယူပါတယ်” ဟုပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# နော်တင်ဟမ်အသင်းက အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် လီဗာပူးအသင်းကို တစ်ရာသီအတွင်း မရှုံးနိမ့်သည့်မှတ်တမ်းကောင်းရရှိ

**လန်ဒန် ဇန်နဝါရီ ၁၅**

ပရီးမီးယားလိဂ် ပွဲစဉ် (၂၁) အဖြစ် နော်တင်ဟမ်အသင်းနှင့် လီဗာပူးအသင်းတို့ ကစားခဲ့သည့် ပွဲစဉ်တွင် တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ပြီးနောက် နော်တင် ဟမ်အသင်းသည် အသင်းသမိုင်း တစ်လျှောက် ပထမဆုံးအကြိမ် အဖြစ် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် လီဗာပူးအသင်းကို တစ်ရာသီ အတွင်း အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စလုံးမရှုံးနိမ့်ခဲ့သည့်မှတ် တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင် ခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ် ပွဲစဉ်အဖြစ် ကစားခဲ့သည့် နော်တင်ဟမ်အသင်း နှင့် လီဗာပူးအသင်းတို့ပွဲစဉ်တွင် နော်တင်ဟမ်အသင်းက အိမ်ကွင်း ၌ ပွဲချိန် ရှစ်မိနစ်တွင် သွင်းယူနိုင် ခဲ့သည့် ခရစ်ဝုဒ်၏သွင်းဂိုးဖြင့် လီဗာပူးအသင်းကို စတင်ဦးဆောင် နိုင်ခဲ့သော်လည်း ပွဲချိန် ၆၆ မိနစ် တွင် ဂျိုတာက လီဗာပူးအသင်း အတွက် ချေပဂိုးသွင်းယူနိုင်ခဲ့ပြီး လက်ကျန်ပွဲချိန်များတွင် နော်တင် ဟမ်အသင်းက အကောင်းဆုံး တုံ့ပြန် ကစားနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် တစ်ဂိုးစီသရေ ရလဒ်ထွက်ပေါ်ခဲ့ပြီး နော်တင်ဟမ် အသင်းက မှတ်တမ်းကောင်း တစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

နော်တင်ဟမ် အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယား လိဂ်ပြိုင်ပွဲတွင် ပထမအကျော့ ပွဲစဉ်အဖြစ် လီဗာပူးအသင်း အိမ်ကွင်း၌ သွားရောက်ကစားခဲ့ရာ တွင်လည်း နော်တင်ဟမ်အသင်း က တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး အိမ်ကွင်းတွင်လည်း တစ်ဂိုးစီ သရေရလဒ်ရရှိအောင် စွမ်းဆောင် ပေးနိုင်ခဲ့ကာ နှစ်ကျော့စလုံးမရှုံး နိမ့်အောင်စွမ်းဆောင်ပေးနိုင်ခဲ့ခြင်း ဖြစ်ပြီး လီဗာပူးအသင်းအတွက် ယခုနှစ်ဘောလုံးရာသီ ပွဲစဉ် ၂၁ အပြီးတွင် နော်တင်ဟမ်အသင်း တစ်သင်းတည်းကိုသာရှုံးနိမ့်ထား ခြင်းဖြစ်သည်။

Ref : Fotmob

Trs : STA

# သင်္ပတ္တပျို့ (၃)

ဗိုလ်ရှိတ်(ရတနာပူရ)

သင်္ပတ္တဇာတ်သည် ဇင်းမယ်ပဏ္ဏာသကျမ်းလာ အာဒိတ္တဝဂ်ဇာတ် ၁၀ ဇာတ်တွင် ဒသမမြောက်ဇာတ်ဖြစ်သည်။ သင်္ပတ္တဇာတ်သည် ရှည်လျားသောဇာတ်တစ်ဇာတ်ဖြစ်သည်။ ဓမ္မာစရိယ ဦးစိုးမြင့်မြန်မာပြန်သော ဇင်းမယ်ပဏ္ဏာသ မြန်မာပြန်တွင် သင်္ပတ္တဇာတ်သည် စာမျက်နှာ ၄၆ မျက်နှာခန့်ရှိသည်။ တက္ကသိုလ်သျှင်သီရိ မြန်မာပြန်သော ဇင်းမယ်ပဏ္ဏာသကျမ်း ဒုတိယအကြိမ်ထုတ်တွင် သင်္ပတ္တဇာတ်သည် ၂၂ မျက်နှာရှိပေသည်။ ထို့ကြောင့် ဤမျှရှည်လျားလှသောဇာတ် အစအဆုံးဖော်ပြန်ရန်မလွယ်ချေ။ အကျယ်တဝင့် ကြည့်လိုသူများအနေဖြင့် ဇင်းမယ်ပဏ္ဏာသကျမ်းကို လုံးစေ့ပတ်စေ့မြန်မာပြန်ထားသော ဓမ္မာစရိယဦးစိုးမြင့်၏ ဇင်းမယ်ပဏ္ဏာသမြန်မာပြန်ကျမ်းကိုကြည့်ရာ၏။ မကျဉ်းမကျယ် အလယ်အလတ်ကြည့်လိုပါက တက္ကသိုလ်သျှင်သီရိ၏ မြန်မာပြန်ကိုကြည့်သင့်ပါသည်။ ဤနေရာ၌ သင်္ပတ္တဇာတ်ကို ဇာတ်လမ်းပေါ်ရုံသာ အကျဉ်းချုံး၍ ဖော်ပြပါမည်။

ရှေးအခါက အသကတိုင်း ပေါတပုရပြည်ကြီးတွင် ယသအမည်ရှိသော မင်းကြီး၌ သင်္ပတ္တအမည်ဖြင့် ထင်ရှားသောသားတော်ရှိသည်။ ယသမင်းကြီး၏ မိဖုရားမှာ လောမဒီပကျွန်းကို အစိုးရသော အင်္ကုရမင်းကြီး၏နှမတော်ဖြစ်သည်။ ယသမင်းနှင့် အင်္ကုရမင်းမှာ အလွန်ချစ်ခင်ကြသည်။ အင်္ကုရမင်းတွင် ရတနဝတီအမည်ရှိ ချောမောလှပသော သမီးတော်ရှိသည်။

တစ်နေ့တွင် အင်္ကုရမင်းသည် သမီးတော်နှင့် တူတော်သင်္ပတ္တကို ထိမ်းမြားလို၍ သံတမန်လွှတ်ပြီး သဝဏ်လွှာစေသည်။ ယသမင်းကြီးကလည်း သားတော် သင်္ပတ္တမင်းသားကို လောမဒီပကျွန်းသို့ စေလွှတ်ရန်ပြန်လည်သဝဏ်လွှာပါးသည်။ ထို့နောက် သင်္ပတ္တမင်းသားသည် ကျွမ်းကျင်သောသင်္ဘောသားများနှင့်အတူ အင်္ကုရမင်းကြီးထံသွားသည်။ လမ်းတွင် လေမုန်တိုင်းမိပြီး သင်္ဘောပျက်၍ ရေနစ်လေသည်။ သင်္ပတ္တမင်းသားသည် ကိုယ်လွတ်ရုန်းမပြေးဘဲ အခြားသင်္ဘောသားများကို သစ်တုံး၊ ပျဉ်ချပ်များခွာ၍ ကူညီပေးသည်။ အမတ်တစ်ဦးက ကိုယ်လွတ်ရုန်းဖို့ပြောသော်လည်း သင်္ပတ္တမင်းသားက လက်မခံပေ။ အကူအညီလိုသူများကို ကူညီပေးလျက်သာနေသည်။ နောက်တွင် တုံးတစ်တုံးကို မှီတွယ်၍ နေသည်။

ခုနစ်ရက်ကြာသောအခါ ဆိပ်ကမ်းတစ်ခုကို ကပ်မိသည်။ ဆိပ်ကမ်းရှိ သစ်ပင်တစ်ပင်တွင် ကြိုးဆွဲချ၍ သတ်သေရန်ပြုလုပ်နေသော ပုဏ္ဏားကို မြင်သဖြင့် သင်္ပတ္တမင်းသားက သတ်မသေသင့်ကြောင်း ပြောကြားသည်။ ကြွေးပူ၍ သတ်သေရန် ကြိုးစားကြောင်း ပုဏ္ဏားက ပြောသည့်အခါ မင်းသားက လက်ဝတ်တော်ကိုချွတ်ပေးသည်။ ပင်ပန်းလွန်း၍ မင်းသားသည် ပုဏ္ဏား၏ရင်ခွင်၌ အိပ်ပျော်စဉ် ပုဏ္ဏားက မင်းသား၏မျက်လုံးကိုထိုးဖောက်သည်။ မင်းသားက မျက်လုံးထိုးဖောက်ရသည့်အကြောင်းမေးသောအခါ နောက်ထပ် လက်စွပ်တစ်ကွင်းထပ်လိုချင်ကြောင်းပြောသဖြင့် မင်းသားက သူ၏လက်ဝတ်ရတနာများကို ပေးလှူလိုက်သည်။

သင်္ပတ္တမင်းသားသည် မျက်စိနှစ်လုံးဖောက်ခံရသောဝေဒနာကြောင့် ပင်ပန်းဆင်းရဲပြီး ဘယ်မှလည်း သွားမရပေ။ နောက်တစ်နေ့ ညနေတွင် မုဆိုးနှစ်ယောက်က မင်းသားကိုတွေ့ပြီး သနား၍ခေါ်သွားကြသည်။ မုဆိုးနှစ်ယောက်သည် သူတော်ကောင်းမင်းသားမှန်းသိသွားပြီး ကောင်းစွာလုပ်ကျွေးပြုစုသည်။ မင်းသားဟောသောတရားနာကြားပြီး မုဆိုးအလုပ်ကို စွန့်လိုက်ကြသည်။ မင်းသားဟောသော တရားကို လူအများတစ်နေ့တခြား တိုးတိုး၍နာကြားလာသောကြောင့် မုဆိုးအိမ်၌ တရားနာပရိသတ်မဆံ့သဖြင့် မင်္ဂလာဥယျာဉ်တော်တွင် မင်းသားကို ထားသည်။ နေ့စဉ် တရားနာပရိသတ်များပြည့်နေသည်။ မင်းသားက သူရောက်နေသောနေရာသည် အဘယ်နေရာဖြစ်သနည်းဟု မေးသောအခါ မုဆိုးတို့က လောမဒီပပြည်ဖြစ်ကြောင်း ပြောပြသည်။ ဤသို့မှ မင်းသားသည် သူသွားလိုသော လောမဒီပပြည်ဖြစ်ကြောင်း သိခဲ့သည်။

**❖သင်္ပတ္တမင်းသားသည် မျက်စိနှစ်လုံးဖောက်ခံရသောဝေဒနာကြောင့် ပင်ပန်းဆင်းရဲပြီး ဘယ်မှလည်းသွားမရပေ။ နောက်တစ်နေ့ ညနေတွင် မုဆိုးနှစ်ယောက်က မင်းသားကိုတွေ့ပြီး သနား၍ ခေါ်သွားကြသည်။ မုဆိုးနှစ်ယောက်သည် သူတော်ကောင်းမင်းသားမှန်းသိသွားပြီး ကောင်းစွာလုပ်ကျွေးပြုစုသည်။ မင်းသားဟောသော တရားနာကြားပြီး မုဆိုးအလုပ်ကို စွန့်လိုက်ကြသည်။ မင်းသားဟောသော တရားကို လူအများတစ်နေ့တခြား တိုးတိုး၍နာကြားလာသောကြောင့် မုဆိုးအိမ်၌ တရားနာပရိသတ်မဆံ့သဖြင့် မင်္ဂလာဥယျာဉ်တော်တွင် မင်းသားကိုထားသည်။ နေ့စဉ် တရားနာပရိသတ်များပြည့်နေသည်။ ❖**

တစ်နေ့တွင် ရတနဝတီမင်းသမီးသည် အထိန်းတော်များနှင့်အတူ သင်္ပတ္တမင်းသားထံ တရားနာလာသည်။ ရတနဝတီမင်းသမီးသည် သင်္ပတ္တမင်းသားနှင့် ထိမ်းမြားရန်စီစဉ်ထားသောမင်းသမီးဖြစ်သည်။ ရတနဝတီမင်းသမီးသည် တရားနာ၍ အလွန်ကြည်ညိုသောကြောင့် ရွှေစင်တစ်ထောင်ပူဇော်ကန်တော့သည်။ မင်းသမီးပြန်သွားပြီးမကြာမီ ပုဏ္ဏားတစ်ယောက်ရောက်လာပြီး မင်းသားကိုဖက်၍ ငိုသည်။ ၎င်းပုဏ္ဏားမှာ မင်းသားနှင့်အတူ သင်္ဘောပျက်ရာတွင်ပါသော မင်းသား၏လက်ရုံးတော်ပုဏ္ဏားဖြစ်သည်။ မင်းသားထက်အရင် လောမဒီပပြည်သို့ အရင်ရောက်နေသူဖြစ်သည်။

ထို့နောက် သင်္ပတ္တမင်းသား၏သတင်း တစ်မြို့လုံးပျံ့နှံ့သွားသည်။ မျက်မမြင်ဒုက္ခိတ တရားဟောဆရာသည် သင်္ပတ္တမင်းသားဖြစ်ကြောင်း သိသွားကြသည်။ လောမဒီပပြည့်ရှင် အင်္ကုရမင်းကြီးသည် မှူးမတ်သေနာပတိများနှင့်အတူ သင်္ပတ္တမင်းသားဆီသို့ ကြွချီလာသည်။ တူတော် သင်္ပတ္တမင်းသားကို နန်းတွင်းသို့ခေါ်သွားသည်။ ထိုအချိန်တွင် သင်္ပတ္တ၏ဖခမည်းတော် ယသမင်းကြီးနှင့် မယ်တော်တို့လည်း သင်္ဘောဖြင့်လောမဒီပပြည်သို့ ရောက်လာကြသည်။ သင်္ပတ္တမင်းသားပင်လယ်အတွင်း သင်္ဘောပျက်သည့်သတင်းကိုသိသဖြင့် လိုက်လာကြခြင်းဖြစ်သည်။ အင်္ကုရမင်းကြီးသည် ယောက်ဖတော် ယသမင်းကြီးနှင့် နှမတော်တို့ကို ကြီးကျယ်ခမ်းနားစွာ ကြိုဆိုသည်။

မကြာမီ တူတော် သင်္ပတ္တမင်းသားနှင့် သမီးတော် ရတနဝတီမင်းသမီးတို့၏ မင်္ဂလာလက်ထပ်ပွဲကို ကြီးကျယ်ခမ်းနားစွာကျင်းပသည်။ ရတနဝတီမင်းသမီးသည် သင်္ပတ္တမင်းသားကို ကောင်းမွန်ရိုသေစွာလုပ်ကျွေးပြုစုသည်။

တစ်နေ့တွင် မာနဓဇနိုင်ငံမှ မာနဓဇမင်းသည် သင်္ပတ္တမင်းသားထံမှ လက်စွပ်နှစ်ကွင်း လုယက်လာသောပုဏ္ဏားကိုဖမ်း၍ အင်္ကုရမင်းကြီးထံ ပို့ပေးခဲ့သည်။ ပုဏ္ဏားကို သံခြေချင်းခတ်၍လောမဒီပမြို့သို့ ရောက်ခဲ့သည်။ သံခြေချင်းခတ်၍ ခေါ်ဆောင်လာသော ပုဏ္ဏားသတင်းကြောင့် လောမဒီပမြို့တွင် အုတ်အုတ်ကျက်ကျက်ဖြစ်နေသည်။ ထိုအသံများကြောင့် မင်းသားသည် ထိတ်လန့်တကြားဖြစ်ကာ ရတနဝတီမင်းသမီးကို လှမ်းခေါ်သည်။ မင်းသမီးက သင်္ပတ္တမင်းသားကို ထိတ်လန့်သွားလျှင် သကြားဖျော်ရည်ကိုသောက်ပါဟု ရွှေခွက်ဖြင့်ဆက်သသည်။ မင်းသားသည် ဇာတိမာန်တက်စွာဖြင့် မင်းသမီး၏ ထိတ်လန့်လျှင်ဟူသောစကားသည် သူ့ကိုစော်ကားသည်ဟုမြင်ပြီး မသောက်ဘဲနေသည်။ ထိုအခါ မင်းသမီးသည် များစွာစိတ်မကောင်းဖြစ်ပြီး မင်းသားဖြစ်သူ ခင်ပွန်းအပေါ် စော်ကားစိတ်ဖြင့်ပြောခဲ့ခြင်းမဟုတ်ကြောင်း သစ္စာပြုသည်။ မင်းသမီး၏ သစ္စာစကားကြောင့် မင်းသား၏ မျက်လုံးတစ်ဖက်ပြန်မြင်လာသည်။

တစ်ဖန် သင်္ပတ္တမင်းသားသည်လည်း ရဟန်း၊ ပုဏ္ဏား၊ မိဘများအလယ်တွင် သူ၏ မျက်လုံးကို ထိုးဖောက်ခဲ့သော ပုဏ္ဏားအပေါ်တွင် အမျက်တစ်စုံတစ်ရာမထွက်ခဲ့ကြောင်း၊ ဤသစ္စာစကားကြောင့် ကျွန်ုပ်၏ ညာဘက်မျက်လုံးပြန်မြင်ပါစေဟု သစ္စာစကားဆိုလိုက်သည်။ သစ္စာစကားအဆုံး ညာဘက်မျက်လုံးသည် ပကတိအတိုင်း ပြန်မြင်လာသည်။

ထိုအချိန်တွင် သင်္ပတ္တမင်းသားထံမှ လက်စွပ်ခိုးယူခဲ့၊ လုယက်ခဲ့သောပုဏ္ဏားကို ရှေ့တော်သို့သွင်းလာသည်။ ပုဏ္ဏားသည် မိမိလက်စွပ်လုယက်ခဲ့သူမှာ ရှင်ဘုရင်၏ သားသမက်ဖြစ်မှန်းသိသောအခါ ပြင်းထန်စွာ ကြောက်ရွံ့သွားသည်။ မိတ်ဆွေကောင်းမင်းသားကို ပြစ်မှားခဲ့သဖြင့် မျက်စိမှာလည်း ထိုနေရာ၌ပင် ကွယ်သွားသည်။ ထိုအခါ မင်းသားသည် ရှေးနည်းတူ သစ္စာစကားကိုဆိုသောအခါ ပုဏ္ဏား၏ မျက်စိနှစ်လုံးမှာ ပြန်မြင်လာသည်။ မင်းသားသည် ပုဏ္ဏားကိုဆုံးမ၍ ရွှေစင်တစ်ထောင်ပေးပြီး ပြန်လွှတ်လိုက်သည်။

သင်္ပတ္တမင်းသားသည် သူမျက်မမြင်ဒုက္ခိတဘဝက လုပ်ကျွေးပြုစုခဲ့သော မုဆိုးနှစ်ယောက်ကို တွေ့လိုသောကြောင့် ရှေ့တော်သွင်းရန်အမိန့်ထုတ်သည်။ မုဆိုးနှစ်ဦးရှေ့တော်သို့ရောက်ရှိသောအခါ မင်းသားသည် ယောက္ခမတော်စပ်သူ အင်္ကုရမင်းကြီးကို ဤမုဆိုးနှစ်ဦး၏ကျေးဇူး အလွန်ကြီးမားကြောင်း လျှောက်တင်သည်။ အင်္ကုရမင်းကြီးသည် မုဆိုးနှစ်ဦးကို ရွာကြီးတစ်ထောင်ကို အပိုင်စားပေးသည်။

ဇာတ်ပေါင်းသည့်အခါ မျက်လုံးဖောက်၍ လက်စွပ်လုသော ပုဏ္ဏားသည် ဒေဝဒတ်၊ မုဆိုးနှစ်ဦးသည် ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလာန်၊ ယသမင်းသည် သုဒ္ဓေါဒန၊ ယသမင်းမိဖုရားသည် မဟာမာယာ၊ အင်္ကုရမင်းသည် အာနန္ဒာ၊ ရတနဝတီမင်းသမီးသည် ယသော်ဓရာ၊ သင်္ပတ္တမင်းသားသည် ငါဘုရားဖြစ်လာပြီး ထိုစဉ်က နှစ်နိုင်ငံမှ ပရိသတ်များသည် ယခုအခါ ငါဘုရားပရိသတ်ဖြစ်လာသည်ဟု ဇာတ်ပေါင်းတော်မူ၏။

ယခုဖော်ပြခဲ့သည်မှာ သင်္ပတ္တဇာတ်လမ်းကို အကျဉ်းချုံး၍ ဖော်ပြခဲ့ခြင်းဖြစ်သည်။

**သင်္ပတ္တဇာတ်နှင့် မြန်မာစာပေ**

ဇင်းမယ်ပဏ္ဏာသကျမ်းလာ သင်္ပတ္တဇာတ်လမ်းကို မြန်မာစာပေနယ်တွင် ပျို့၊ ပြဇာတ် စသည်ဖြင့် ရေးဖွဲ့ခဲ့ကြသည်။ ဘိုးတော်ဗဒုံမင်း၏သားတော် သုသီရိမဟာဓမ္မရာဇာဘွဲ့တော်ခံ တောင်ငူမင်းသားသည် နန်းတော်တွင်းကပြရန် သင်္ပတ္တနန်းတွင်းဇာတ်တော်ကြီးကို ရေးသားခဲ့သည်။ သို့သော်လည်း ကုန်းဘောင်ခေတ်တွင် ဇင်းမယ်ပဏ္ဏာသကျမ်းလာဇာတ်တော်များကို ညောင်ရမ်းခေတ်ကလောက် ရေးဖွဲ့မှုမများတော့ပေ။ ကုန်းဘောင်ခေတ် သာသနာပိုင်ဆရာတော်များသည် ဇင်းမယ်ပဏ္ဏာသကျမ်းလာဇာတ်များသည် ဘုရားဟောဇာတ်များမဟုတ်သောကြောင့် ခိုင်ခံ့သောကျမ်းများအဖြစ် မမှတ်ယူခဲ့ပေ။ ၎င်းအချက်နှင့်စပ်လျဉ်း၍ သမန္တစက္ခုဒီပနီကျမ်းတွင် မုံရွေးဆရာတော်ကြီးရေးသားချက်က ထောက်ခံနေသည်။ သမန္တစက္ခုဒီပနီကျမ်း၌ "ထိုပဏ္ဏာသဇာတ်ကျမ်းကို သင်္ဂါယနာတင်ကျမ်းမျိုးတွင် အရေအတွက်မဝင်သောကြောင့်လည်းကောင်း၊ ယွန်းတို့တိုင်းပြည်မှဖြစ်သောကျမ်းဟူ၍ ဆရာအစဉ်အဆက်ပြောဆိုကြသောကြောင့်လည်းကောင်း၊ သဘောယုတ္တိတန်မတန်ကို ချင့်မိ၍လည်းကောင်း၊ ပညာရှိတို့သည် အမြတ်တနိုးမပြုကုန်။ ပျို့ကဗျာလေ့လာသောပုဂ္ဂိုလ်တို့သာ ကြိုက်နိုးရာရာထုတ်နုတ်၍ ဇာတ်ငါးဆယ့်ငါးတွင် နရဇီဝဇာတ်၊ အရိန္ဒမဇာတ်၊ သုမ္ဘမိတ္တဇာတ်၊ သမုဒ္ဒဃောသဇာတ်၊ သင်္ပတ္တဇာတ်၊ နေ့ာဟရီဇာတ်၊ ဝေပုလယသကိတ္တိဇာတ်၊ သတ္တဓနုဇာတ်၊ ရတနပဇ္ဇောတဇာတ်တို့ကို ပျို့ကဗျာစပ်လေသဖြင့် ယခုတိုင်အောင် ပေါ်ထင်၍နေသည်ဖြစ်၍လည်း အချို့သောသူတို့သည် အခိုင်အခံ့ပင် ပြောဆိုမှတ်သားကြကုန်သည်"ဟူ၍ ရေးသားထားလေသည်။ ထို့ကြောင့် ကုန်းဘောင်ခေတ်ကာလတွင် ဇင်းမယ်ပဏ္ဏာသကျမ်းလာဇာတ်များကို ပျို့၊ ကဗျာ ရေးဖွဲ့မှုများစွာ လျော့ကျခဲ့ခြင်းဖြစ်ဟန်ရှိသည်။

မြန်မာစာပေနယ်ပယ်တွင် တွေ့ရသော ဇင်းမယ်ပဏ္ဏာသကျမ်းလာ သင်္ပတ္တဇာတ်ကိုရေးဖွဲ့ထားသည့် ပျို့၊ ကဗျာ၊ ပြဇာတ်စာရင်းကို ထင်ရှားအောင်ဆိုပါဦးမည်။ တွေ့ရသမျှ သင်္ပတ္တဇာတ်နောက်ခံ ပျို့၊ ကဗျာတို့မှာ သင်္ပတ္တပျို့၊ သင်္ပတ္တနန်းတွင်းဇာတ်တော်ကြီး (သုသီရိမဟာဓမ္မရာဇာဘွဲ့ခံ တောင်ငူမင်းသား)၊ သင်္ပတ္တပြဇာတ် (ပုဇွန်တောင်ဆရာခ) ဟူ၍ဖြစ်သည်။ မြန်မာစာပေနယ်တွင် သင်္ပတ္တဇာတ်နောက်ခံ ပျို့၊ ကဗျာမှာ အထက်ပါသုံးမျိုးသာ တွေ့ရသည်။

## SkyNet အခပေးရုပ်သံလိုင်း SKYPREMIER HD ရုပ်သံလိုင်းမှ စုံထောက်တင်မောင်ဆွေနှင့် ပင့်ကူနက်ဂိုဏ်း ရုပ်သံဇာတ်လမ်း ထုတ်လွှင့်ပြသမည်




**ရန်ကုန် ဇန်နဝါရီ ၁၅**

SkyNet အခပေး ရုပ်သံလိုင်း SKYPREMIER HD ရုပ်သံလိုင်းမှ စုံထောက် တင်မောင်ဆွေနှင့် ပင့်ကူနက်ဂိုဏ်း ရုပ်သံဇာတ်လမ်းကို ဇန်နဝါရီ ၁၇ ရက်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စုံထောက်တင်မောင်ဆွေနှင့် ပင့်ကူနက်ဂိုဏ်း ရုပ်သံဇာတ်လမ်းသည် စာရေးဆရာကြီး မိုးဆွေ၏ ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာဟိန်းဇော်က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ဟိန်းဇော်ကပင် တာဝန်ယူပုံဖော် ရိုက်ကူးထားသည့်ရုပ်သံဇာတ်လမ်း ဖြစ်ကြောင်း သိရသည်။

"တစ်ခေတ်တစ်ခါက နာမည်ကျော် လူကြိုက်များခဲ့တဲ့ စာရေးဆရာကြီး မိုးဆွေရဲ့ စုံထောက်တင်မောင်ဆွေဝတ္ထုတွေကို ရုပ်သံဇာတ်လမ်းအဖြစ် ဖန်တီးထားတာ ဖြစ်ပါတယ်။ ဒီဇာတ်လမ်းမှာလဲ မူရင်းဝတ္ထုရေးသားခဲ့တဲ့ ၁၉၆၀ ဝန်းကျင် ခေတ်ကာလ နောက်ခံနဲ့ ဝတ္ထုကျော့ရှိုးကြီးမပျောက်အောင် ကြိုးစားရိုက်ကူးတင်ဆက်ထားပါတယ်။ ဒီဇာတ်လမ်းမှာတော့ စုံထောက်တင်မောင်ဆွေနဲ့လျှို့ဝှက်ပြီး ရက်စက်သလို သူတို့ထဲက တစ်ယောက်ယောက်ကို မိလိုက်ပြီဆိုတာနဲ့ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားကြလို့ ကွင်းဆက်ကိုလိုက်ဖို့ ခက်ခဲလွန်းတဲ့ ပင့်ကူနက်ဂိုဏ်းသားတွေနဲ့ ဘယ်လိုရင်ဆိုင်ကြမလဲဆိုတာ စုံထောက်ဇာတ်လမ်းတွေကို ကြိုက်နှစ်သက်သူတွေ အကြိုက်တွေ့အုံးမဲ့ ဇာတ်လမ်းလဲ ဖြစ်ပါတယ်”ဟု ဒါရိုက်တာ ဟိန်းဇော်က ပြောပြသည်။

အဆိုပါ စုံထောက်တင်မောင်ဆွေနှင့် ပင့်ကူနက်ဂိုဏ်း ရုပ်သံဇာတ်လမ်းတွင် သရုပ်ဆောင်များအဖြစ် ထိုက်တန်၊ စွမ်းဘုန်းပြည့်၊ တေဇအောင်၊ ရဲမာန်၊ ဧကရာဇ်၊ ခြူးခန့်၊ ရွှေပိုးအိမ် စသည့်သရုပ်ဆောင်များစွာ ပါဝင်ထားကာ ဇန်နဝါရီ ၁၇ ရက် သောကြာနေ့ ည ၉ နာရီတွင် SkyNet အခပေးရုပ်သံလိုင်း SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ASH**

## ၉၇ ကြိမ်မြောက် အော်စကာဆုပေးပွဲ ဆန်ခါတင်စာရင်း ကြေညာမည့်အချိန် ဇန်နဝါရီ ၂၃ ရက်ထိနောက်ဆုတ်

**နယူးယောက် ဇန်နဝါရီ ၁၅**

၉၇ ကြိမ်မြောက် အော်စကာဆုပေးပွဲ ဆန်ခါတင်စာရင်းများ ကြေညာမည့်အစီအစဉ် အမေရိကန် ရုပ်ရှင်အနုပညာနှင့် သိပ္ပံအကယ်ဒမီက ဇန်နဝါရီ ၂၃ ရက်ထိ နောက်ဆုတ်ထားကြောင်း သိရသည်။

မူလက အမေရိကန် ရုပ်ရှင်အနုပညာနှင့်သိပ္ပံအကယ်ဒမီသည် ၉၇ကြိမ်မြောက်အော်စကာဆုပေးပွဲ ဆန်ခါတင်စာရင်းများကို ဇန်နဝါရီ ၁၉ ရက်တွင် ကြေညာရန် စီစဉ်ထားသော်လည်း လော့အိန်ဂျလိ တောမီးလောင်ကျွမ်းမှုကြောင့် အော်စကာဆန်ခါတင်စာရင်းများ ကြေညာမည့်အချိန်ကို ဇန်နဝါရီ ၂၃ ရက်ထိ နောက်ဆုတ်ထားကြောင်း အမေရိကန် ရုပ်ရှင်အနုပညာနှင့် သိပ္ပံအကယ်ဒမီက ဇန်နဝါရီ ၁၄ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် လော့အိန်ဂျလိတောမီးလောင်ကျွမ်းမှုကြောင့် ၉၇ ကြိမ်မြောက် အော်စကာဆုပေးပွဲအကြိုအခမ်းအနားတချို့ကိုလည်း ကာလရွှေ့ဆိုင်းထားရကြောင်း၊ သို့ရာတွင် ၉၇ ကြိမ်မြောက် အော်စကာဆုပေးပွဲကိုမူ မူလသတ်မှတ်ထားသည့်အချိန်အတိုင်း ကျင်းပရန် အမေရိကန်ရုပ်ရှင် အနုပညာနှင့် သိပ္ပံအကယ်ဒမီက စီစဉ်ထားကြောင်း သိရသည်။

၉၇ ကြိမ်မြောက် အော်စကာရုပ်ရှင်ဆုပေးပွဲကို လာမည့် မတ် ၂ ရက်တွင် ဘီဗာလီဟေးမြို့ ဘီဗာလီဟီတန်ဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



## ရုပ်ရှင်လောကသားများကို ဆန်၊ ဆီနှင့် စားသောက်ကုန်များပံ့ပိုးပေးမည့် အစီအစဉ်အတွက် အောင်သီရိ ရုပ်ရှင်ထုတ်လုပ်ရေးက အလှူငွေကျပ် ၁၀ သိန်း လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၁၅**

ရုပ်ရှင်လောကသားများကို ဆန်၊ ဆီနှင့် စားသောက်ကုန်များ ပံ့ပိုးပေးမည့် အစီအစဉ်အတွက် အောင်သီရိ ရုပ်ရှင်ထုတ်လုပ်ရေးက အလှူငွေကျပ် ၁၀ သိန်းကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ လာရောက် လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အစည်းအရုံးဝင် ရုပ်ရှင်လောကသားများကို ဆန်၊ ဆီနှင့် စားသောက်ကုန်များကို ၁၆ ကြိမ်မြောက်အဖြစ် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၂ ရက်မှ စတင်ကာ ဇန်နဝါရီ ၂၅ ရက်ထိ ပံ့ပိုးပေးအပ်သွားမည်ဖြစ်ကြောင်းသိရပြီး ထိုကဲ့သို့ ပံ့ပိုးပေးအပ်နိုင်ရန်အတွက် ရုပ်ရှင်လောကသားများနှင့် စေတနာရှင်၊ အလှူရှင်များက အလှူငွေများနှင့် စားသောက်ကုန်များကို လာရောက် လှူဒါန်းလျက်ရှိကြောင်း သိရသည်။

“မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ရုပ်ရှင်လောကသားတွေကို ၁၆ ကြိမ်မြောက် အဖြစ်နဲ့ ဆန်၊ ဆီနဲ့စားသောက်ကုန်တွေ ပံ့ပိုးပေးအပ်ပွဲကို နှစ်ဦးအလှူအနေနဲ့ ပံ့ပိုးပေးသွားမှာ ဖြစ်ပါတယ်။ အောင်သီရိရုပ်ရှင်ထုတ်လုပ်ရေးကလဲ ငွေကျပ် ၁၀ သိန်းကို ဇန်နဝါရီ ၁၄ ရက်က လာရောက်လှူဒါန်းသွားပါတယ်။ နှစ်ဦးအလှူအတွက် ရုပ်ရှင်လောကသားတွေ၊ စေတနာရှင်တွေက နေ့စဉ်လာရောက် လှူဒါန်းနေကြတာဖြစ်ပါတယ်”ဟု ဦးအေးကြူလေးက ပြောပြသည်။



မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ အစည်းအရုံးဝင် ရုပ်ရှင်လောကသားများကို (၁၅) ကြိမ်မြောက်အဖြစ် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် ဇူလိုင် ၂၉ ရက်မှစတင်ကာ ဩဂုတ် ၁ ရက်ထိ ရုပ်ရှင်နယ်ပယ် အသီးသီးရှိ အုပ်ချုပ်၊ ဖြန့်ချိ၊ ဇာတ်ညွှန်း၊ ထုတ်လုပ်၊ စက်မှု၊ ဇာတ်ပို့၊ ဇာတ်ရံ အလွှာအသီးသီးမှ ရုပ်ရှင်လောကသားများကို အလွှာအလိုက် ဆန်၊ ဆီ နှင့် စားသောက်ကုန်များ ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။

**ASH**

## ဒစ္စနီး၏ The Tangled ဇာတ်ကား၌ မင်းသမီး ကက်သရင်းဟန်း ပါဝင်ဖွယ်ရှိ

**နယူးယောက် ဇန်နဝါရီ ၁၅**

ဒစ္စနီးကုမ္ပဏီ၏ The Tangled ရုပ်ရှင်ဇာတ်ကား၌ မင်းသမီး ကက်သရင်းဟန်း ပါဝင်ဖွယ်ရှိကြောင်း ဇန်နဝါရီ ၁၄ ရက်သတင်းများအရ သိရသည်။

မင်းသမီး ကက်သရင်းဟန်းသည် မာဘယ်စတူဒီယို၏ Agatha All Along ဇာတ်ကားဖြင့်ထင်ရှားသူဖြစ်ပြီး လက်ရှိအချိန်တွင် The Tangled ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရန် မင်းသမီးကက်သရင်းဟန်းက စဉ်းစားနေသည်။

The Tangled ဇာတ်ကားသည် The Tangled (2010) ကွန်ပျူတာအင်နီမေးရှင်းဇာတ်ကားကို ရုပ်ရှင်အဖြစ် ပြန်လည်ရိုက်ကူးမည့် ဇာတ်ကားဖြစ်ပြီး အဆိုပါဇာတ်ကားသည် အလွန်အကျွံ ဖိနှိပ်ချုပ်ချယ်တတ်သော မိခင်၏လက်အောက်မှလွတ်မြောက်ခဲ့ပြီးနောက် စိတ်ကောင်း နှလုံးကောင်းရှိသည့် သူခိုးလူငယ်လေးတစ်ဦးနှင့်အတူ စွန့်စားခန်းခရီးထွက်ခဲ့သော ဆံပင်အလွန်ရှည်လျားသည့်မိန်းကလေးငယ်တစ်ဦး၏အကြောင်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

The Tangled ဇာတ်ကားကို ဒါရိုက်တာ မိုက်ကယ်ဂရာဆေးက တာဝန်ယူ ရိုက်ကူးဖွယ်ရှိကြောင်း သတင်းများ ပေါ်ထွက်လျက်ရှိသည်။

**Ref : Russia Today**
**Trs : KKO**



## တေးသံရှင် ယွန်းမြတ်သူ၏ Music Concert တေးဂီတဖျော်ဖြေပွဲကို ချမ်းအေးသာစံမြို့နယ်ရှိ The Square Theatre Bar တွင် ပြုလုပ်သွားမည်

**မန္တလေး ဇန်နဝါရီ ၁၅**

တေးသံရှင် ယွန်းမြတ်သူ၏ Music Concert တေးဂီတဖျော်ဖြေပွဲကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် The Square Theatre Bar တွင် ဇန်နဝါရီ ၁၈ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ယွန်းမြတ်သူက ပြောပြ၍ သိရသည်။

အဆိုပါ Music Concert တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် ယွန်းမြတ်သူ၏ သီဆိုဖျော်ဖြေမှုများကို Mystery Music Band က အကောင်းဆုံး တီးခတ်ပံ့ပိုး ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“The Square Theatre Bar မှာ ပရိသတ်တွေ ရင်းနှီးပြီးသားဖြစ်တဲ့ နှင်လမ်းခွဲခဲ့ရင်၊ အဆင်ပြေမနေပါဘူး၊ ငါချစ်တာမင်း စတဲ့ သီချင်းလေးတွေနဲ့ ဂီတညတစ်ညကို အတူတူခံစားသီဆို ဖြတ်သန်းကြရအောင်ပါ”ဟု တေးသံရှင် ယွန်းမြတ်သူက ပြောပြသည်။

အဆိုပါ တေးသံရှင် ယွန်းမြတ်သူ၏ Music Concert တေးဂီတဖျော်ဖြေပွဲကို The Square Theatre Bar တွင် ဇန်နဝါရီ ၁၈ ရက် ည ၇ နာရီမှစတင်ကာ ဖျော်ဖြေတင်ဆက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ASH**

# Myinmu Township harvests over 17,000 acres of rain-fed pigeon peas


Farmers harvesting rain-fed pigeon peas.

**Myinmu January 15**

A total of 17,113 acres of pigeon peas planted this year rainy season in Myinmu Township, Sagaing District, Sagaing Region, have been harvested, according to statistics from the Department of Agriculture for Sagaing District.

In Myinmu Township, 35,220 acres of pigeon peas were planted during this year's rainy season, and the cultivated pigeon peas fields were harvested from November 2024. Till date, 17,133 acres of pigeon peas have been harvested, yielding 17.87 baskets per acre.

"We are also helping to improve the yield in the cultivation of pigeon peas. Pigeon peas are grown separately and are also grown as intercrops," said Daw Thida Lwin, head of the Department of Agriculture for Sagaing District.

This year, the Township Department of Agriculture has provided field knowledge for the farmers who grow pigeon peas in Myinmu Township to select and cultivate good varieties, to have correct planting method, to learn about pest safety and better yield. 206

# Yinmabin District harvests over 40,000 acres of rain-fed pigeon peas

**Yinmabin January 15**

A total of 40,388 acres of pigeon peas planted in this year's rainy season in Yinmabin District, Sagaing Region, have been harvested, according to statistics from the Department of Agriculture for Yinmabin District.

During the 2024-2025 rain crops planting season, 91,688 acres of pigeon peas were planted in Yinmabin District, and the cultivated pigeon pea fields were harvested from November 2024. Till date, 40,388 acres have been harvested, with a yield of 19.11 baskets per acre.

"We are also helping to improve the yield in the cultivation of pigeon peas. Pigeon peas are grown separately and are also grown as intercrops," said Daw Myat Moe Win, head of the Department of Agriculture for Yinmabin District.

This year, the Township Department of Agriculture has provided field knowledge for the farmers who grow pigeon peas in Yinmabin District to select and cultivate good varieties, to have correct planting method, to learn about pest safety and better yield.

206

# Dabayin Township cultivates over 5,000 acres of winter vegetables this winter crop planting season

**Dabayin January 15**

A total of 5,012 acres of vegetables have been planted in this year's winter crops planting season in YeU District, Sagaing Region, according to statistics from the Department of Agriculture for YeU District.

During the 2024-2025 winter crops planting season, 2,790 acres of vegetables are planned to be planted in Dabayin Township, and since October this year, 5,012 acres have been planted.

"They planted mustards, chilis, spices, potatoes, cabbages, and eggplants. We provide technology to farmers so that they can grow all vegetables using the GAP system. We are providing farmers with techniques to grow healthy crops with as little chemical residue as possible," said U Zaw Myint Tun, head of the Department of Agriculture for YeU District.

This year, the Township Department of Agriculture has provided technical training to the vegetable farmers in Dabayin Township to cultivate using the GAP system, techniques to make the healthy vegetables produced from the fields, and to encourage the growers to expand the cultivation of vegetables. 206


A vegetable farm in Dabayin Township.

# Firefighters continue battling LA wildfires amid dangerous weather warning

**Los Angeles January 15**

Firefighters continued to work overnight to contain wildfires in greater Los Angeles, with "particularly dangerous" winds warning in effect through Wednesday.

Critical to extremely critical fire weather conditions will continue for coastal Southern California including the areas of the wildfires in Los Angeles County, said the U.S. National Weather Service (NWS) on Tuesday.

The "particularly dangerous" situation warning went into effect Tuesday and will last through noon Wednesday for swaths of Los Angeles and Ventura counties due to moderate to locally strong Santa Ana winds, according to NWS.

"Considering the extremely dry state of the fuels, recent fire behavior, and the strength of the winds, this is a particularly dangerous situation. There is a high risk for large fires, rapid fire spread, and long range spotting," said NWS.

Fierce wildfires across the Los Angeles area have killed at least 25 people, destroyed more than 12,300 structures and scorched more than 40,600 acres.

The two largest fires -- the Palisades and Eaton wildfires -- were 17 percent and 34 percent contained respectively as of Tuesday morning, according to the California Department of Forestry and Fire Protection. Xinhua


A firefighter works in the wildfire-ravaged area of Altadena, Los Angeles County, California, the United States, on Jan. 10, 2025.

# 82 miners rescued, 36 dead in South Africa mine operation

**Johannesburg January 15**

A total of 118 illegal miners were brought to the surface during rescue operations at an abandoned gold mine on Monday and Tuesday in Stilfontein in South Africa's North West Province, with 36 confirmed dead, according to the police.

As rescue operations entered the second day, "a total of 118 illegal miners have been extracted as of 4:00 p.m. (1400 GMT) on Tuesday," said South African Police Service national spokesperson Athlenda Mathe.

Mathe said that the first day of operations, which began on Monday, saw 35 illegal miners rescued, with nine confirmed dead. And on the second day, "a total of 83 illegal miners have been extracted: 56 alive and 27 certified dead."

"All 82 individuals arrested are facing charges of illegal mining, trespassing and contravention of the Immigration Act," she said.

Also on Tuesday, South African Minister of Mineral and Petroleum Resources Gwede Mantashe and Police Minister Senzo Mchunu visited the mine to assess the progress of the rescue operations. Mantashe described the situation in Stilfontein as criminal, calling it "an attack by foreigners."

The crisis at Stilfontein has been ongoing for months, with more than 1,500 illegal miners surfacing so far. In late 2024, at least eight bodies were retrieved. Many of the illegal miners are believed to be from neighboring countries.

Xinhua

# More than 70,000 baskets of 90day paddy sent to Yangon market in December



Photo shows piles of bags of rice.

**Kyonpyaw January 15**

Local merchants from Kyonpyaw Township of Ayeyawady Region sold 73,000 baskets of 90-day paddy to Yangon market in December, said Daw Myat Myat Thu, the rice and paddy wholesale trader in Kyonpyaw Township.

They shipped 52,000 baskets of paddy to Yangon market in November but 73,000 baskets in December.

Daw Myat Myat Thu explained: "Yangon market raised demand to purchase 90day paddy from Kyonpyaw in the first week of December last year. So, merchants sent 73,000 baskets of paddy in December. Demand is high from Yangon to purchase paddy and rice from Ayeyawady Region. Merchants from Yangon buy remnant monsoon paddy from the region."

In Yangon market, 90-day paddy fetches K1.99 million per 100 baskets. High demand of Yangon market to purchase paddy from Kyonpyaw Township help local farmers and those in production chain to be convenient in their livelihoods.

Kyaw Kyaw Lin

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Merchants from Bogale Township ship 72,000 viss of Gutum fish to Yangon market in December

**Bogale January 15**

Merchants and businesspersons from Bogale Township of Ayeyawady Region sold 72,000 viss of Gutum fish to Yangon market in December 2024, according to Daw Tin Htwe, the owner of fishery product trading centre in Bogale Township.

Merchants could sell 65,000 viss of Gutum fish to Yangon in November, compared to 72,000 viss in December 2024, fetching K21,000 per viss of Gutum fish in the market.

Daw Tin Htwe clarified: "I sent various kinds of fish including Gutum from Bogale Township to Yangon market last month. Local merchants supplied 72,000 viss of Gutum fish to Yangon. They focus on sale of all fish to Yangon market only. Yangon market raises demand of purchasing Gutum fish from Bogale Township. Hence, local fishermen and businesspersons are convenient in earning their incomes."

Consequently, merchants and those in production chains of fishery products in Bogale Township are convenient in their livelihoods.

Kyaw Kyaw Lin



Gutum fish seen at a market.

# Indaw Township harvests over 55,000 acres of rain-fed paddy

**Indaw January 15**

A total of 55,795 acres of rain-fed paddy planted in this year's rainy season in Indaw Township, Katha District, Sagaing Region, have been harvested, according to statistics from the Department of Agriculture for Indaw Township.

It is reported that 55,795 acres of rain-fed paddy were planted in Indaw Township during the rainy season planting this year, and the cultivated rain-fed paddy fields were harvested from October 2024 until today, yielding 76.61 baskets per acre.

"We have provided the necessary technology and varieties of rain-fed paddy cultivation. We have provided field work so that the farmers can plant rain-fed paddy on time," said U Thein Khaing, head of the Department of Agriculture for Indaw Township.

During this year's rain crops planting season, the relevant township Department of Agriculture and local farmers have cooperated with each other to ensure proper planting of rain-fed paddy without any difficulty.

The department offered agricultural technology, pest prevention education, crop protection strategies, and guidance on the timely storage of harvested rice under shelter to farmers in Indaw Township.

206



Monsoon paddy being harvested with the help of machinery.

# Katha District plants more than 1,000 acres of onions in cold season

**Katha January 15**

The statistics of Katha District Agriculture Department stated that a total of 1,315 acres of onion has been planted in Katha District of Sagaing Region this year.

In 2024-25 cold season, local authorities earmarked cultivation of 1,700 acres of onion in the district. But, local farmers planted 1,315 acres of onion starting from October 2024.

U Myint Soe, Head of Katha District Agriculture Department explained: "This year, farmers have planted 1,315 acres of onion against the target of 1,700 acres in Katha District. They are trying hard to meet the target cultivation. Our department helped local farmers with creation of market linkages for sale of onion to fetch good prices."

In Katha District, Katha Township planted 110 acres of onion, Indaw Township 90 acres, Htigyaing Township 1,028 acres and Bamauk Township, 87 acres, totalling 1,315 acres.

With regard to cultivation plans, Katha Township authorities earmarked 110 acres of onion, Indaw Township 300 acres, Htigyaing Township 730 acres and Bamauk Township 560 acres, totalling 1,700 acres.

Officials from relevant Agriculture Departments create links of market shares for local farmers, provide agricultural techniques and produce quality crops.

Farmers need to spend some K1.8 million per acre of growing onion, yielding 5,000 viss per acre.

The townships where the largest sown acreage of onions are located are Monywa, Yinmabin, Chaung-U, Shwebo and Myinmu townships.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အင်ဒိုနီးရှားက အိန္ဒိယထံမှ ဘရားမို့စ်ခရုဇ်ဒုံးကျည်များ ဝယ်ယူရေးနှင့်ပတ်သက်၍ စတင်လုပ်ဆောင်လာ




အင်ဒိုနီးရှားနိုင်ငံသည် အိန္ဒိယနိုင်ငံထံမှ ဘရားမို့စ်ခရုဇ်ဒုံးကျည်များ ဝယ်ယူရေးနှင့် ပတ်သက်၍ စတင်လုပ်ဆောင်လာပြီဖြစ်ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဂျကာတာမြို့တော်ရှိ အိန္ဒိယနိုင်ငံသံရုံးက အမေရိကန်ဒေါ်လာ သန်း ၄၅၀ တန်ဖိုးရှိ ဘရားမို့စ်ခရုဇ်ဒုံးကျည်များ ဝယ်ယူရေးနှင့်ပတ်သက်၍ အင်ဒိုနီးရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနထံမှ စာတစ်စောင် လက်ခံရရှိခဲ့သည်။

ဝယ်ယူရေးလုပ်ငန်းစဉ်များ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရန်အတွက် အိန္ဒိယနိုင်ငံဘဏ်များနှင့် ချေးငွေအစီအစဉ်များမှ တစ်ဆင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံပိုင် သတင်းဌာနများက ရေးသားဖော်ပြထားသည်။ နှစ်နိုင်ငံစလုံးသည် BRICS အဖွဲ့ဝင်နိုင်ငံများဖြစ်သည့်အတွက် အစိုးရနှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်မှု တစ်စိတ်တစ်ပိုင်းအနေဖြင့် သက်ဆိုင်ရာ နိုင်ငံများ၏ ငွေကြေးများဖြင့် ပင် ပေးချေဝယ်ယူနိုင်စေမည်ဖြစ်ကြောင်း သိရသည်။

ယခုလနှောင်းပိုင်းတွင် နယူးဒေလီမြို့တော်သို့ အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီယန်တို၏ အလည်အပတ်ခရီးစဉ်အတွင်း ကြေညာချက်တစ်ရပ်ထွက်ပေါ်လာဖွယ်ရှိနေသည်။ သမ္မတဆူဘီယန်တိုကို နယူးဒေလီမြို့တော်တွင် နှစ်စဉ် ဇန်နဝါရီ ၂၆ ရက်၌ ကျင်းပလေ့ရှိသည့် အိန္ဒိယသမ္မတနိုင်ငံနေ့ အခမ်းအနားတွင် အရေးကြီး ဧည့်သည်တော်အဖြစ်ဖိတ်ကြားထားသည်။ သို့သော်လည်း အိန္ဒိယသည် ၎င်း၏တောင်အာရှ အိမ်နီးချင်းနိုင်ငံနှင့် သံတမန်ရေးအရ မဆက်ဆံလိုသောကြောင့် အင်ဒိုနီးရှားသမ္မတ၏ တစ်ဆက်တစ်စပ်တည်း သွားရောက်ရန်စီစဉ်ထားသော ပါကစ္စတန်နိုင်ငံ ခရီးစဉ်ကိုမူ အိန္ဒိယအစိုးရအနေဖြင့် ကန့်ကွက်ခဲ့ကြောင်း၊ ပါကစ္စတန်နိုင်ငံ ခရီးစဉ်သည် ဘရားမို့စ်ခရုဇ်ဒုံးကျည် ဝယ်ယူရေး သဘောတူညီချက်အပေါ် သက်ရောက်မှုရှိလာနိုင်ကြောင်း သိရသည်။

မည်သို့ပင်ဖြစ်စေကာမူ အိန္ဒိယနိုင်ငံ သတင်းဌာနများ၏ နောက်ဆုံးရေးသားအစီရင်ခံဖော်ပြချက်များအရ အင်ဒိုနီးရှားသမ္မတသည် ပါကစ္စတန်ခရီးစဉ်ကိုဖျက်သိမ်းခဲ့ပြီး ဘရားမို့စ်ခရုဇ်ဒုံးကျည်ဝယ်ယူရေး ကြေညာချက်အတွက် လမ်းရှင်းပေးနိုင်ခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသည် လွန်ခဲ့သည့်နှစ်များစွာကတည်းက အိန္ဒိယ-ရုရှား ပူးတွဲထုတ် ဘရားမို့စ်ခရုဇ်ဒုံးကျည်ကို ဝယ်ယူရန်အတွက် စိတ်ဝင်စားမှုရှိခဲ့သည်။ အင်ဒိုနီးရှား ကာကွယ်ရေးဝန်ကြီး Sjafrie Sjamsoeddin က ဘရားမို့စ်ခရုဇ်ဒုံးကျည်နည်းပညာနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားနိုင်ရန် ထုတ်ဖော်ပြောကြားခဲ့ဖူးသည်။ သတင်းများ ထွက်ပေါ်နေသည့်အတိုင်း အမှန်တကယ် အရောင်းအဝယ်ဖြစ်သွားမည်ဆိုပါက အင်ဒိုနီးရှားနိုင်ငံသည် ဖိလစ်ပိုင်ပြီးလျှင် အိန္ဒိယထံမှ ဘရားမို့စ်ခရုဇ်ဒုံးကျည် ဝယ်ယူအားပေးမည့် ဒုတိယ မြောက်ပြည်ပနိုင်ငံ (အရှေ့တောင်အာရှနိုင်ငံ တစ်နိုင်ငံ) ဖြစ်လာလိမ့်မည်ဖြစ်သည်။

ဘရားမို့စ်ခရုဇ်ဒုံးကျည်သည် ကြည်း၊ ရေ၊ လေ ပလက်ဖောင်း သုံးခုစလုံးမှ ပစ်လွှတ်နိုင်သည့် ဒုံးကျည်အမျိုးအစားဖြစ်ပြီး အလျင်နှုန်း Mach 3 ဝန်းကျင်တွင် ပျံသန်းတိုက်ပွဲဝင်နိုင်ကာ ၎င်းနှင့်အမျိုးအစားတူ ခရုဇ်ဒုံးကျည်များတွင် ကမ္ဘာ့အမြန်ဆုံးဒုံးကျည်အဖြစ် သတ်မှတ်ခံထားရကြောင်း သိရသည်။

ပြည်ပတင်ပို့သည့်ဗားရှင်း သီးသန့်ရှိပြီး အကွာအဝေး ကီလိုမီတာ ၂၉၀ ထိသာ ကန့်သတ်ရောင်းချပေးထားသည်။ ပြည်တွင်း၌ အသုံးပြုနေသော ပြည်တွင်းထုတ်ဗားရှင်းများသည် အကွာအဝေး ကီလိုမီတာ ၅၀၀ ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ထို့ထက်ပို၍ တာဝေးတိုက်ပွဲဝင်နိုင်စွမ်းရှိမည့် ဘရားမို့စ်ခရုဇ်ဒုံးကျည်ဗားရှင်းများကိုလည်း တီထွင်ထုတ်လုပ်နေဆဲဖြစ်ကြောင်း သိရသည်။

**Indonesia Initiates $450 Million Brahmos Deal With India**ကို ဘာသာပြန်ဆိုထားပါသည်။

## ယူကရိန်းနိုင်ငံက ရုရှားနိုင်ငံ၏ စွမ်းအင်အခြေခံအဆောက်အအုံကို ဒရုန်းများဖြင့် တိုက်ခိုက်ခဲ့

ယူကရိန်းနိုင်ငံသည် ရုရှားနိုင်ငံမှ တူကီယဲနိုင်ငံသို့ သဘာဝဓာတ်ငွေ့များ ပို့ဆောင်ပေးသည့် ရုရှား၏ စွမ်းအင်အခြေခံအဆောက်အအုံကို ဒရုန်းများ အသုံးပြုတိုက်ခိုက်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၃ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ရုရှားနိုင်ငံ Krasnodar ဒေသ Gai-kodzor ကျေးရွာအနီးရှိ Russkaya စွမ်းအင်အခြေခံ အဆောက်အအုံကို ယူကရိန်းတပ်ဖွဲ့များက ကာမီကာဇီဒရုန်း ကိုးစင်းဖြင့် ပစ်လွှတ်တိုက်ခိုက်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ စွမ်းအင်အခြေခံအဆောက်အအုံသည် ရုရှား၏သဘာဝဓာတ်ငွေ့များကို ပင်လယ်နက်အောက်မှ တူကီယဲနိုင်ငံသို့ ပို့ဆောင်ပေးနေသည့် Turk Stream ဓာတ်ငွေ့ပိုက်လိုင်း၏ လည်ပတ်မှုအတွက် အရေးကြီးသည်။ ဥရောပသမဂ္ဂအဖွဲ့ဝင် ဟန်ဂေရီနိုင်ငံ အပါအဝင် ဥရောပတောင်ပိုင်းရှိ နိုင်ငံအများအပြားသည် ဓာတ်ငွေ့ပံ့ပိုးမှုများရရှိရန် တူကီယဲနိုင်ငံ လမ်းကြောင်းတစ်ခုတည်းကို အသုံးပြုနေကြသည်။ ယူကရိန်း၏ တိုက်ခိုက်မှုသည် တူကီယဲနိုင်ငံမှတစ်ဆင့် ဥရောပနိုင်ငံများအတွက် ဓာတ်ငွေ့ပံ့ပိုးမှုကို ရပ်တန့်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

"ယူကရိန်းတို့ရဲ့ တောင်ပံပုံသေတပ် ဒရုန်းတစ်စင်းဟာ ဓာတ်ငွေ့တိုင်းတာရေး မီတာစက်အနီး ကျရောက်ပေါက်ကွဲခဲ့ပြီး ထိခိုက်မှုအနည်းငယ်ရှိခဲ့ပါတယ်။ ဝန်ထမ်းတွေက အချိန်မီ ပြန်လည်ပြင်ဆင်နိုင်ခဲ့ပါတယ်။ အခုဖြစ်စဉ်ကြောင့် ဓာတ်ငွေ့တင်ပို့မှုတွေမှာ တစ်စုံတစ်ရာ အနှောင့်အယှက်မျှ ဖြစ်ပေါ်ခဲ့ခြင်းမရှိပါဘူး"ဟု ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ထည့်သွင်းပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံသည် ယခုနှစ်စတွင် ၎င်းပိုင်နက်မှတစ်ဆင့် ဥရောပနိုင်ငံများသို့ ရုရှားဓာတ်ငွေ့များ တင်ပို့ပေးခြင်း အပါအဝင် ရုရှားနှင့်ချုပ်ဆိုခဲ့သော ဓာတ်ငွေ့ပို့လွှတ်မှု ဖြတ်သန်းခွင့်စာချုပ် သက်တမ်းကုန်ဆုံးခဲ့မှုအပေါ် ထပ်မံအသစ်ချုပ်ဆိုခဲ့ခြင်း မရှိပေ။ ယူကရိန်း၏ ဆုံးဖြတ်ချက်ကြောင့် ထိခိုက်မှုရှိခဲ့သော နိုင်ငံများထဲမှ ဆလိုဗက်ကီးယားနိုင်ငံက ယူကရိန်းသည် စွမ်းအင်အကျပ်အတည်း၏ လက်သည်တရားခံအဖြစ် စွပ်စွဲပြောကြားခဲ့သည်။ ဆလိုဗက်ကီးယား ဝန်ကြီးချုပ် Robert Fico က ယူကရိန်း သမ္မတဇီလန်စကီးသည် ရုရှားနိုင်ငံကို တိုက်ခိုက်ရန် စစ်ရေးအကူအညီများ ပိုမိုရယူနိုင်ရေး မျှော်လင့်ချက်ဖြင့် ဥရောပတိုက်ရှိ အနောက်နိုင်ငံများထံမှ ငွေကောက်ခံနေသူ တစ်ဦးဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဇီလန်စကီးကလည်း Fico ကို ရုရှားနှင့် ပနံသင့်ပြီး ဥရောပသမဂ္ဂအဖွဲ့၏ စည်းလုံးညီညွတ်မှု ပျက်ပြားအောင် ပြုလုပ်နေသူဖြစ်ကာ ဆလိုဗက်ကီးယား လူ့ို့ဝှက်အေးဂျင့်များအနေဖြင့် Fico ကို အကျင့်ပျက်ခြစားမှုအတွက် စုံစမ်းစစ်ဆေးသင့်သည်ဟု ပြောကြားခဲ့ဖူးသည်။



ဓာတ်ငွေ့ပိုက်လိုင်းသည် လမ်းကြောင်း နှစ်ခုဖြင့် ပို့လွှတ်ပေးနိုင်ပြီး တစ်ခုမှာ တူကီယဲနိုင်ငံသို့ သီးသန့်ပေးပို့နေသည့် ပိုက်လိုင်းဖြစ်သည်။ အခြား တစ်လိုင်းမှာ ဟန်ဂေရီ၊ ဆားဘီးယား၊ ဘူလ်ဂေးရီးယား၊ ဆလိုဗက်ကီးယား၊ ဘော့စနီးယား၊ ဟာဇီဂိုဗီးနားနှင့် ဂရိနိုင်ငံတို့သို့ ဓာတ်ငွေ့များ ပို့လွှတ်နေခြင်းဖြစ်သည်။ ယူကရိန်းတို့ဘက်က မကြာသေးမီနှစ်များအတွင်း ရုရှား၏ စွမ်းအင်ပို့လွှတ်မှုများကို ဖျက်လိုဖျက်ဆီးပြုလုပ်ရန်အကြိမ်ကြိမ် ကြိုးပမ်းခဲ့ကြောင်း ရုရှားနိုင်ငံအစိုးရ တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခဲ့သည်။

**Ukraine attempted drone strike on Russian gas supply to NATO states – Moscow**ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၇၂၅၆ ဧက စိုက်ပျိုးပြီးစီး



**စစ်ကိုင်း ဇန်နဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၇၂၅၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၇၂၅၅ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၂၅၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ ဂျုံ ၇၂၅၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၇၂၅၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဂျုံကို ရေသွင်းပြီး မြေဩဇာကျွေးဖို့ နှုန်းထားတွေ၊ ပေါင်းရှင်းဖို့တွေကိုဆောင်ရွက်ပေးနေပါတယ်။ ဂျုံသီးနှံ အထွက်တိုးစေဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲစေဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ဂျုံသီးနှံများအားလုံး လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရေး၊ ဂျုံများအထွက်နှုန်းတိုးတက်ကောင်းမွန်စေရေး၊ အရည်အသွေးကောင်းဂျုံများ စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဂျုံသီးနှံများ အထွက်နှုန်းကောင်းအောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေပြီး ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သည့်ဝယ်လိုအားမျှတလာကာ လူမှုစီးပွားဘဝများလည်း မြင့်မားလာမည်ဖြစ်သဖြင့် ဂျုံသီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်ထံမှ သိရသည်။

(၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ရေဘဝဲ ပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ ဇန်နဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ရေဘဝဲ ပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဦးက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ခုနှစ် နိုဝင်ဘာလအတွင်း ရေဘဝဲပိဿာချိန် ၅၃၀၀၀ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၄ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက် ထိ ရေဘဝဲ ပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသမှ ရေဘဝဲများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေကြောင်း သိရသည်။

''ဒေသထွက် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်း ဖျာပုံမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ရေဘဝဲပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရေဘဝဲတွေရဲ့ လတ်ဆတ်မှုနဲ့ အရွယ်အစား အလေးချိန်အပေါ် မူတည်ပြီး ဈေးနှုန်း အပြောင်းအလဲရှိပါတယ်။ လက်ရှိမှာလဲ ရေဘဝဲတွေ ဝယ်ယူမှု များနေပါတယ်။ ရေဘဝဲတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကိုပါ ပြန်လည် တင်ပို့ရောင်းချနေပါတယ်''ဟု ဖျာပုံမြို့နယ်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဦးက ပြောပြသည်။



ဖျာပုံမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ရေဘဝဲအသေး လက်ရှည်တစ်ကီလိုလျှင်ငွေကျပ် ၂၇၀၀၀၊ ရေဘဝဲလက်တိုတစ်ကီလိုလျှင် ငွေကျပ် ၂၅၅၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# အောင်လံမြို့နယ် ရွှေပန်းတောလေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**အောင်လံ ဇန်နဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက အောင်လံ- ကျောက်ပန်းတောင်း - သမ္ဘူလလမ်းမှ ရွှေပန်းတောလေးကျေးရွာ၌ ကျေးရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၁၄ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဝင်းမိုးထိုက်၊ အောင်လံမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနဦးစီးအရာရှိ (မြို့ပြ) ဦးဘိုမင်းက သက်ဆိုင်ရာ ကုမ္ပဏီ တာဝန်ရှိသူများနှင့်အတူ ရွှေပန်းတောလေးကျေးရွာ အဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဝင်းမိုးထိုက်က လုပ်ငန်းများ သတ်မှတ် အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်သွားရန် ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ရွှေပန်းတောလေး ကျေးရွာအဝင်လမ်း အရှည် ပေ ၂၆၄၀၊ အကျယ် ၁၈ပေ၊ အမြင့်ခုနစ် လက်မရှိ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို တိုင်းဒေသကြီးရန်ပုံငွေကျပ် သန်း၂၆၀ဖြင့် Global Green Line ကုမ္ပဏီက ဇွန်လ စတုတ္ထပတ်ကစတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၅ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်းဦးစီးအရာရှိ (မြို့ပြ) ဦးဘိုမင်းက ပြောပြ၍ သိရသည်။

**ကိုလှိုင်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၅-၁-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၈၂၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၄၅၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၉၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၉၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၇၅ |
| (သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်) | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)






ရှေ့ဖုံးမှအဆက်

ပိုးရယ်အောင်သိန်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ဦးညာဏ်ထွန်း၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒေသကွပ်ကဲရေးမှူးတို့က ကယားပြည်နယ်နေ့အထိမ်းအမှတ်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက အထိမ်းအမှတ်မုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနားကို ပြည်နယ်ခန်းမ၌ဆက်လက်ကျင်းပရာ သဘာပတိအဖွဲ့ဝင်များရောက်ရှိနေရာယူပြီး နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းကို အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ပေးပို့သော ၇၃ နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ်သဝဏ်လွှာကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ဖတ်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ကယားပြည်နယ်နေ့အထိမ်းအမှတ် နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ဆက်လက်၍ ၇၃ နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုရရှိသူများ၊ ပဉ္စမအကြိမ် အမျိုးသားအားကစားပြိုင်ပွဲနှင့် ၂၅ ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိသူများကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒေသကွပ်ကဲရေးမှူးတို့က ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က နယ်စပ်ရေးရာဝန်ကြီးဌာနကပေးအပ်သည့် 50 KW ဆိုလာအစုံ ၁၀၀ နှင့် ကယားပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအတွက် ငွေကျပ် ၁၅၁ သိန်းတန်ဖိုးရှိ အခြေခံစားသောက်ကုန်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးညာဏ်ထွန်းက ပြန်ကြားရေးဝန်ကြီးဌာနကပေးအပ်သည့် DTH စလောင်းအစုံ ၅၀ နှင့် Set Top Box အစုံ ၁၀၀ တို့ကိုလည်းကောင်း ပေးအပ်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်များက လက်ခံရယူကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် အခမ်းအနားသို့တက်ရောက်လာကြသူများ၊ ဆုရရှိသူများနှင့် အတူစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ၇၃ နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ကျင်းပသည့် ကယားရိုးရာစပါးထောင်း၊ ကယား၊ ကယန်းရိုးရာ နပန်းအပါအဝင် ရိုးရာအားကစားပွဲများနှင့် မူကြိုကလေးငယ်များ၏ ကာယစွမ်းရည်ပြိုင်ပွဲများတွင် ကလေးငယ်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တိုင်းရင်းသားလူငယ်များပျော်ရွှင်စွာဝင်ရောက်ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ဆုရရှိကြသူများအား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကာ ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယမန်နေ့ကလည်း ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ၇၃ နှစ်မြောက် ကယားပြည်နယ်နေ့



အထိမ်းအမှတ်အဖြစ် လွိုင်ကော်မြို့ လောဓမ္မရပ်ကွက်နှင့် ဒေါတမရပ်ကွက်ရှိ ဘူတာလမ်း ကတ္တရာကွန်ကရစ်လမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်ပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဘူတာလမ်း ကတ္တရာကွန်ကရစ်လမ်းသစ်ဖွင့်ပွဲမုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အကအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်၍ လမ်းသစ်ကိုဖြတ်သန်းကြည့်ရှုကာ တက်ရောက်လာသော တိုင်းရင်းသားရိုးရာအကအဖွဲ့များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် လွိုင်ကော်မြို့ တည်ဆောက်ဆဲသီရိမင်္ဂလာဈေးသစ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လုပ်ငန်းပြီးစီးမှုအခြေအနေများကိုလှည့်လည်ကြည့်ရှုပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အဆင့်မြင့် ဈေးသစ်တည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ လွိုင်ကော်မြို့ ခုတင် ၅၀၀ ဆံ့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆေးပဒေသာပင်ရန်ပုံငွေကျပ် ၅၅ သိန်း၊ တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေကျပ် ၁၀ သိန်းနှင့် စားသောက်ဖွယ်ရာများချီးမြှင့်ပေးအပ်ရာ ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများက လက်ခံရယူကြသည်။

ထို့နောက် ဖျားနာဆောင်နှင့် သားဖွားမီးယပ်ဆောင်တွင် တက်ရောက်ဆေးကုမှုခံယူလျက်ရှိသည့် လူနာများကို ကြည့်ရှုအားပေးကာ လူနာများအတွက် အာဟာရဖြည့်စွက်စာနှင့် ချီးမြှင့်ငွေများပေးအပ်ပြီး ကျောက်ကပ်တုသန့်စင်ဌာန၊ ရောဂါရှာဖွေရေးဌာန၊ ကွန်ပျူတာဓာတ်မှန်ဌာနနှင့် ဆေးသိုလှောင်ရုံများသို့ လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့ပေါ်ရှိ ရွှေတောင်ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည့် ဆန်၊ ဆီ၊ ပဲ၊ ဆားစသော လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းခြင်း မင်္ဂလာအခမ်းအနားသို့တက်ရောက်ပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များက ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် လွိုင်ကော်မြို့အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးသွားသော သာသနိကအဆောက်အအုံများ ပြုပြင်ခြင်းလုပ်ငန်းအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက လှူဒါန်းငွေကျပ် ၂၃၉ ဒသမ ဝ၆ဝ သန်းနှင့် လွိုင်ကော်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများအတွက် လှူဒါန်းငွေကျပ် သိန်း၁၅ဝ ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းနှင့် ဦးရွှေကြိမ်းတို့ကပေးအပ်ရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ရွှေတောင်ပရိယတ္တိစာသင်တိုက်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ရေကြီးမြင့်တက်ခဲ့မှုများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများ ပြန်လည်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေကိုလည်းကောင်း၊ ကယားပြည်နယ်နေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ဗဟိုပြခန်း၊ MSME ပြခန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ သစ်တောနှင့် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းအသိပညာပေးပြခန်းများ၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မှုပြခန်းများနှင့် ကယားရိုးရာအစားအစာနှင့် အဝတ်အထည်အရောင်းဆိုင်ပြခန်းတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး ဟုမ္မလင်းတပ်နယ်နှင့် လဟယ်မြို့ရှိ နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံ



ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး ဟုမ္မလင်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၅**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် ဇန်နဝါရီ ၁၄ရက် နံနက်ပိုင်းတွင် ဟုမ္မလင်းမြို့ တပ်နယ်ခန်းမ၌ ဟုမ္မလင်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်၊ တပ်မတော်အရာရှိကြီးများနှင့်တာဝန်ရှိသူများ၊ တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် တစ်ဦးချင်းစွမ်းရည်မြှင့်တင်ရေး၊ တပ်ဖွဲ့လိုက်စွမ်းရည်မြှင့်ရေးတို့အတွက် အမြဲလေ့ကျင့်နေရန်၊ တပ်တိုင်း၊ ရဲဘော်တိုင်းရှိရမည့် အခြေခံအရည်အချင်းငါးပါးကိုသိရှိနားလည်ပြီး ကျင့်ကြံလိုက်နာဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဟုမ္မလင်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် တပ်နယ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နယ်မြေခံတပ်မတော်ဆေးရုံသို့သွားရောက်၍ ဆေးရုံတက်ရောက်ကုသနေသည့် စစ်သည်များကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားပြီး အာဟာရဖြည့်စွက်စာများပေးအပ်ခဲ့သည်။

အလားတူ ညနေပိုင်းတွင်ပြည်ထောင်စုဝန်ကြီးသည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့်အတူ လဟယ်မြို့ နယ်မြေခံတပ်ရင်းသို့ သွားရောက်ပြီး တပ်ရင်းရှိ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။(၅၀၁)

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် ပြည်တွင်းသတင်းမီဒီယာများ တွေ့ဆုံ

**ရန်ကုန် ဇန်နဝါရီ ၁၅**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် ပြည်တွင်းရှိ ပုံနှိပ်မီဒီယာ၊ ရုပ်သံလွှင့်မီဒီယာ၊ အွန်လိုင်းမီဒီယာများတွေ့ဆုံပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ရွှေဥဒေါင်းခန်းမ၌ ကျင်းပသည်။



တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဒုတိယဥက္ကဋ္ဌ(၁)ဦးခင်မောင်ဇော်နှင့်ဒုတိယဥက္ကဋ္ဌ(၂) ဦးခင်မောင်ကျော်ဒင်တို့က မီဒီယာဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာဆက်ဆံရေးကဏ္ဍဆိုင်ရာများ၊ ပြည်တွင်းသတင်းမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသည့် မီဒီယာအဖွဲ့ ၄၁ ဖွဲ့မှ သတင်းမီဒီယာသမားများက မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြံပြုချက်များကိုဆွေးနွေးကြရာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသို့ နေပြည်တော်မှုခင်းနှင့်သတင်းစုံအွန်လိုင်းအေဂျင်စီက ငွေကျပ် ၁၀ သိန်း လှူဒါန်းသည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသည် နိုင်ငံတကာဆက်ဆံရေးကော်မတီ၊ ဥပဒေရေးရာကော်မတီ၊ သတင်းမီဒီယာကျင့်ဝတ်နှင့် သတင်းမီဒီယာသမားများ အကာအကွယ်ပေးရေးကော်မတီ၊ စာရင်းစစ်ကော်မတီ၊ ဘဏ္ဍာရေးကော်မတီ၊ အငြင်းပွားမှုနှင့်တိုင်ကြားမှုများ ညှိနှိုင်းဖြေရှင်းရေးကော်မတီ၊ ပြန်ကြားရေးကော်မတီ၊ သတင်းမီဒီယာဖွံ့ဖြိုးရေးကော်မတီနှင့် စီမံခန့်ခွဲရေးကော်မတီတို့ကိုဖွဲ့စည်းထားပြီး သတင်းမီဒီယာကိုစောင့်ကြည့်ခြင်းနှင့် အရည်အသွေးမြှင့်တင်ပေးခြင်း၊ သတင်းမီဒီယာလုပ်ငန်းသုံးပစ္စည်းများကို ပြည်ပမှတင်သွင်းရာတွင် အဆင်ပြေချောမွေ့စေရန် သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းပေးခြင်း၊ သတင်းမီဒီယာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများနှင့်ဟောပြောပွဲများ စီစဉ်ကျင်းပပေးခြင်း၊ သက်ဆိုင်ရာထူးချွန်သူများကို ဆုချီးမြှင့်ရေးအတွက် စာနယ်ဇင်းအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်းနှင့် သတင်းမီဒီယာလုပ်ငန်းများတိုးတက်ရေးအတွက် စီမံချက်များရေးသားဖော်ဆောင်ခြင်း စသည့်အဓိကလုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ထနီးကျေးရွာ အောင်ကျိုက္ခမီဘုန်းကြီးကျောင်းရှိ ဓမ္မရတနာဗိမာန်တွင် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

☆ ကျောဖုံးမှအဆက်

မအူပင်မြို့နယ် ထနီးကျေးရွာ အောင်ကျိုက္ခမီဘုန်းကြီးကျောင်းရှိ ဓမ္မရတနာဗိမာန်တွင် အခြေပြု၍ အဆိုပါမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှဒေသခံပြည်သူ ၄၅၅ ဦးတို့ကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၁၄၅ ဦး၊ ခွဲစိတ်ရောဂါ ၁၆ ဦး၊ သားဖွားမီးယပ်ရောဂါ၂၁ ဦး၊ ကလေးရောဂါ ၂၂ ဦး၊ အရိုးရောဂါ ဦးရေ ၇၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၂ ဦး၊ မျက်စိရောဂါ ၈၈ ဦး၊ သွားရောဂါ ၅၁ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။

ထို့ပြင် အထွေထွေခွဲစိတ်လူနာ လေးဦးကို ခွဲစိတ်ကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ ၁၁ ဦး၊ တယ်လီဗေးရှင်းဓာတ်မှန်ရိုက်လူနာ ၃၁ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၈ ဦးနှင့်ဓာတ်ခွဲစမ်းသပ်လူနာ ၅၇ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီအရေးယူခံရနိုင်ပါသည်။**

# တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၂/၂၀၂၅)**

၁၃၈၆ခုနှစ် ပြာသိုလပြည့်ကျော် ၂ ရက်
(၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ**ကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ခ)၊ (ဏ)နှင့် (ဓ)တို့ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"(ခ) **မွေးမြူရေးလုပ်ငန်း**ဆိုသည်မှာငါးလုပ်ငန်းနှင့် ရေထွက်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများ လုပ်ကိုင်ခြင်းမှအပ နည်းစနစ်တစ်မျိုးမျိုးဖြင့်ဖြစ်စေ၊ စုဆောင်းခြင်းဖြင့်ဖြစ်စေ တိရစ္ဆာန်များအားမွေးမြူခြင်းလုပ်ငန်း၊ တိရစ္ဆာန်ထွက်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း၊ တိရစ္ဆာန်များအား မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း သို့မဟုတ် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းဖွင့်လှစ်ဆောင်ရွက်ခြင်းလုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းနှင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလည်းပါဝင်သည်။

(ဏ) **သားသတ်ခြင်းလုပ်ငန်း**ဆိုသည်မှာ စီးပွားဖြစ်ထုတ်လုပ်ရောင်းချရန် တိရစ္ဆာန်ကိုသတ်ဖြတ်သည့်လုပ်ငန်းဖြစ်စေ၊ ယင်းလုပ်ငန်းမှရရှိသည့် တိရစ္ဆာန်ထွက်ပစ္စည်းများသိုလှောင်သည့်လုပ်ငန်းကိုဖြစ်စေဆိုသည်။

(ဓ) **ထောက်ခံချက်လက်မှတ်**ဆိုသည်မှာ ပြည်ပသို့တင်ပို့မည့်၊ ပြည်ပမှတင်သွင်းမည့်ပြည်တွင်း၌ ထုတ်လုပ်သည့် သို့မဟုတ် ပြုပြင်ထုတ်လုပ်သည့် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း သို့မဟုတ် တိရစ္ဆာန်သုံးဆေးဝါးများနှင့်စပ်လျဉ်း၍ အရည်အသွေးပြည့်မီခြင်း၊ တိရစ္ဆာန်ကျန်းမာရေးကောင်းမွန်ခြင်း၊ကူးစက်ရောဂါကင်းရှင်းခြင်းစသည်တို့ ရှိ၊ မရှိတို့ကို စစ်ဆေးပြီး ဦးစီးဌာနကထုတ်ပေးသော လက်မှတ်ကို ဆိုသည်။"

၃။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(န)တွင်ပါရှိသော "သားသတ်ရုံတည်ထောင်ခြင်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်း"ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၄။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၉ ပုဒ်မခွဲ(င)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(င) လိုအပ်သည့် နေရာဒေသများတွင် စစ်ဆေးရေးစခန်းနှင့် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ရောဂါကင်းရှင်းဇုန်နှင့် ရောဂါထိန်းချုပ်ဇုန်တည်ထောင်ခြင်းနှင့် ဇီဝလုံခြုံမှုဆိုင်ရာအစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊"

၅။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲ (ဈ)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ဈ) သားသတ်ရုံလုပ်ငန်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်းကို မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ မှတ်ပုံတင်သက်တမ်းတိုးခြင်း၊ သားသတ်ရုံနှင့် သားသတ်ခြင်းလုပ်ငန်းကို စစ်ဆေးကြီးကြပ်ခြင်း၊"

၆။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၁၁ တွင်-

(က) ပုဒ်မခွဲ (တ)၏ နောက်တွင်ပုဒ်မခွဲ(ထ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ထ) ဤဥပဒေအရ ထောက်ခံချက်လက်မှတ်၊ ခွင့်ပြုလက်မှတ်၊ အသိအမှတ်ပြုလက်မှတ်၊ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းနှင့် မှတ်ပုံတင်သက်တမ်းတိုးခြင်းတို့အတွက်ဝန်ဆောင်ခ၊ မှတ်ပုံတင်ကြေး၊ နှစ်စဉ်ကြေးနှင့် အခြားအခကြေးငွေများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်သတ်မှတ်ခြင်း၊"

(ခ) မူလဥပဒေပုဒ်မခွဲ (ထ)ကို ပုဒ်မခွဲ (ဒ)အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၇။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၁)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(၁) တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ မွေးမြူရေးခြံလုပ်ငန်း၊ မျိုးခြံလုပ်ငန်း၊ ဥဖောက်စက်လုပ်ငန်း၊ လုပ်ငန်းသုံးအဆောက်အအုံနှင့်ပစ္စည်းများ၊"

၈။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၂၂ တွင်ပါရှိသော "နစ်နာကြေး၊လျော်ကြေး သို့မဟုတ် အကူအညီရရှိရန်"ဆိုသည့်စကားရပ်ကို "အာမခံကြေး၊နစ်နာကြေး၊လျော်ကြေး သို့မဟုတ် အကူအညီရရှိရန်"ဆိုသည့်စကားရပ်ဖြင့်အစားထိုးရမည်။

၉။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေအခန်း(၉)၏နောက်တွင် အခန်း(၉-က)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**"အခန်း(၉-က)**
**တိရစ္ဆာန်များအားစုဆောင်းမွေးမြူခြင်းလုပ်ငန်း သို့မဟုတ် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းဖွင့်လှစ်ဆောင်ရွက်ခြင်း လုပ်ငန်း**

၂၂-က။ တိရစ္ဆာန်စုဆောင်းမွေးမြူခြင်းလုပ်ငန်း သို့မဟုတ် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့် စစ်ဆေးရေးစခန်းဖွင့်လှစ်ဆောင်ရွက်ခြင်းလုပ်ငန်းလုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် လုပ်ကိုင်ခွင့်အတွက် ခွင့်ပြုလက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၂၂-ခ။ ပုဒ်မ ၂၂-ကပါ လျှောက်ထားချက်နှင့် စပ်လျဉ်း၍ မြို့နယ် ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်နှင့်အညီသော်လည်းကောင်း၊ ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်နှင့်အညီသော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေဦးစီးဌာနမှူးသည် ပုဒ်မ ၁၇ ပုဒ်မခွဲ(ဂ)ပါ ပြဋ္ဌာန်း ချက်နှင့်အညီသော်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၁၇ ပုဒ်မခွဲ(ဃ)ပါပြဋ္ဌာန်း ချက်နှင့်အညီသော်လည်းကောင်း ဆောင်ရွက်ရမည်။

၂၂-ဂ။ ပုဒ်မ ၂၂-ခ အရ ခွင့်ပြုလက်မှတ်ရရှိသူသည်-

(က) ခွင့်ပြုလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

(ဂ) ဤဥပဒေနှင့် ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။"

၁၀။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၂၃ တွင် ပါရှိသော "သားသတ်ရုံတည်ထောင်ခြင်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်းကိုဖြစ်စေ"ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၁၁။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၂၉ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၂၉။ ဦးစီးဌာနသည် ပြည်ပသို့ တင်ပို့ခြင်း သို့မဟုတ် ပြည်ပမှတင်သွင်းခြင်းပြုမည့် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း သို့မဟုတ် တိရစ္ဆာန်သုံးဆေးဝါးများကိုစစ်ဆေးနိုင်ရန် ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် စစ်ဆေးရေးစခန်းနှင့် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိက တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းများကို စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။"

၁၂။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေအခန်း(၁၁)၏နောက်တွင် အခန်း(၁၁-က)အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

**"အခန်း(၁၁-က)**
**မှတ်ပုံတင်ခြင်း**

၃၁-က။ တိရစ္ဆာန်၊မွေးမြူရေးခြံလုပ်ငန်း၊မျိုးခြံလုပ်ငန်း၊ဥဖောက်စက်လုပ်ငန်း၊ ပျားမွေးမြူရေးလုပ်ငန်းများ သို့မဟုတ် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊တိရစ္ဆာန်သုံးဆေးဝါး၊ တိရစ္ဆာန်သုံးပစ္စည်းများနှင့်စပ်လျဉ်း၍ ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း သို့မဟုတ် ရောင်းချခြင်းလုပ်ငန်း၊ သားသတ်ရုံလုပ်ငန်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်းကိုလုပ်ကိုင်လိုသည့် ပုဂ္ဂိုလ်သို့မဟုတ်အဖွဲ့အစည်းသည် သက်ဆိုင်ရာပစ္စည်းအမျိုးအစားနှင့် လုပ်ငန်းအမျိုးအစားအလိုက် မှတ်ပုံတင်ခွင့်ရရှိရန် သတ်မှတ် ချက်များနှင့်အညီ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထား ရမည်။

၃၁-ခ။ (က) ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးသည်-

(၁) ပုဒ်မ ၃၁-က အရ လျှောက်ထားချက်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ၊ မညီ စိစစ်၍ မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက မိမိထုတ်ပေးပိုင်ခွင့်ရှိသော ပစ္စည်းအမျိုးအစားနှင့် လုပ်ငန်းအမျိုးအစားဖြစ်ပါက သတ်မှတ်သည့်အခကြေးငွေကိုပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။ မှတ်ပုံတင်ခွင့်ပြု ရန်ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့် အညီ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

(၃) မိမိထုတ်ပေးပိုင်ခွင့်မရှိသည့် ပစ္စည်းအမျိုးအစားနှင့် လုပ်ငန်းအမျိုးအစားဖြစ်လျှင် ဦးစီးဌာန၏ခရိုင် ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်။

(ခ) ဦးစီးဌာန၏ခရိုင်ဦးစီးဌာနမှူးသည်-

(၁) ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၃)အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ၊ မညီစိစစ်၍ မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက မိမိထုတ်ပေးပိုင်ခွင့်ရှိသော ပစ္စည်းအမျိုးအစားနှင့် လုပ်ငန်းအမျိုးအစားဖြစ်ပါက သတ်မှတ်သည့်အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။မှတ်ပုံတင်ခွင့်ပြုရန်ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့်အညီ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

(၃) မိမိထုတ်ပေးပိုင်ခွင့်မရှိသည့် ပစ္စည်းအမျိုးအစားနှင့်လုပ်ငန်းအမျိုးအစားဖြစ်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်။

(ဂ) ဦးစီးဌာန၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေဦးစီးဌာနမှူးသည်-

(၁) ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၃)အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ၊ မညီစိစစ်၍ မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက မိမိထုတ်ပေးပိုင်ခွင့်ရှိသော ပစ္စည်းအမျိုးအစားနှင့် လုပ်ငန်းအမျိုးအစားဖြစ်ပါက သတ်မှတ်သည့်အခကြေးငွေကိုပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။ မှတ်ပုံတင်ခွင့်ပြုရန်ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့် အညီ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

(၃) မိမိထုတ်ပေးပိုင်ခွင့်မရှိသည့် ပစ္စည်းအမျိုးအစားနှင့် လုပ်ငန်းအမျိုးအစားဖြစ်လျှင် ညွှန်ကြားရေးမှူးချုပ်ထံ ဆက်လက်တင်ပြရမည်။

(ဃ) ညွှန်ကြားရေးမှူးချုပ်သည်-

(၁) ပုဒ်မခွဲ(ဂ)၊ပုဒ်မခွဲငယ် (၃)အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ၊မညီစိစစ်၍ မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက သတ်မှတ်သည့်အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။ မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ပါက လျှောက်ထားသူအား

စာမျက်နှာ ၁၉ သို့

# နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်းရှိ ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများအား အလှူတော်ငွေ၊ ပဋ္ဌာန်းပါဠိတော်ကျမ်းစာအုပ်နှင့် အရှင်ဂဝမ္ပတိမထေရ်စာအုပ်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၅**

နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်းရှိ ရေဘေးသင့် ဘုန်းတော်ကြီးကျောင်းများကို ပျဉ်းမနား မြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်း တိုက်ပဓာနနာယကဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ၊ နေပြည်တော်သံဃ နာယကအဖွဲ့ဥက္ကဋ္ဌ သုခဝိဟာရသရက် ကုန်းကျောင်းတိုက် ပဓာနနာယကဆရာ တော် ဒေါက်တာဘဒ္ဒန္တမုနိကုမာရဒက္ခိဏ သီရိမြို့နယ် ရန်အောင်မြင်တောရ (မြို့တော်ဝန်) ကျောင်းဆရာတော် ဘဒ္ဒန္တ ခေမာနန္ဒနှင့် အလှူရှင်များက အလှူငွေ၊ ပဋ္ဌာန်းပါဠိတော်ကျမ်းစာအုပ်နှင့် အရှင် ဂဝမ္ပတိမထေရ်စာအုပ်များ လှူဒါန်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင်သာ သနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရုံး အမှတ်(၃၁)ရှိ စုပေါင်းအစည်းဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပျဉ်းမနားမြို့မင်္ဂလာ ဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလ ဗုဒ္ဓိအမှူးပြုသော ဆရာတော်၊သံဃာတော် များ ကြွရောက်ချီးမြှင့်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဦးအေးထွန်း၊ အမြဲတမ်း အတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ နှင့် အလှူရှင်များ တက်ရောက်ကြသည်ညို ကြသည်။

ဦးစွာ သုခဝိဟာရသရက်ကုန်းကျောင်း တိုက် ပဓာနနာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တမုနိကုမာရထံမှ ပရိသတ် များက ငါးပါးသီလခံယူဆောက်တည်ကြ ပြီး သံဃာတော်အရှင်သူမြတ်များရွတ်ပွား သရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ် တရားတော်များကို နာယူကြည်ညို ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော်၊သံဃာတော်အရှင်သူမြတ်များ အား ပြည်ထောင်စုဝန်ကြီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ၊ ပဋ္ဌာန်းပါဠိတော် ကျမ်းစာအုပ်များနှင့် ရေဘေးအား တားဆီးတော်မူခဲ့သော အရှင်ဂဝမ္ပတိ မထေရ်စာအုပ်များ ဆက်ကပ်လှူဒါန်း ကြသည်။

ယင်းနောက်အလှူရှင်များက အလှူငွေ များပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စု ဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ဘဒ္ဒန္တဝိမလ ဗုဒ္ဓိပါဠိဆရာတော်ထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်း မှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေး ဝေကြသည်။

အခမ်းအနားအပြီးတွင် ရေဘေးသင့် ဘုန်းတော်ကြီးကျောင်း ၁၁၆ ကျောင်းတို့ ကိုလှူဒါန်းမည့် ပဋ္ဌာန်းပါဠိတော်ကျမ်းစာ အုပ်များ၊ အရှင်ဂဝမ္ပတိမထေရ်စာအုပ်များ၊ Pagoda Digital Directory ဘုရား၊ စေတီ များသမိုင်းနှင့် ဘုရားဖူးလမ်းညွှန်တို့ကို ဆရာတော်ကြီးများအား ပြည်ထောင်စု ဝန်ကြီးက ရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်ဩဝါဒါစရိယ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ မဟာနာယကချုပ်ဆရာတော်ကြီးအား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ဖူးမြော်ပြီး ကျန်းမာရေးအခြေအနေများ မေးမြန်းလျှောက်ထား

**မန္တလေး ဇန်နဝါရီ ၁၅**

မန္တလေးပြည်သူ့ဆေးရုံကြီး ကိုးထပ် ဆောင်ရှိ အထူးသီးသန့်ခန်းတွင် တက် ရောက် ဆေးကုသမှုခံယူ သီတင်းသုံးနေ သည့် မန္တလေးတိုင်းဒေသကြီး အမရပူရ မြို့နယ် နိုင်ငံတော်ဩဝါဒါစရိယ မဟာ ဂန္ဓာရုံကျောင်းတိုက်ကြီး၏ မဟာနာယက ချုပ်ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဣန္ဒောဘာသာဘိဝံသ သက်တော် ၉၃ နှစ် သိက္ခာတော် ၇၃ဝါ အား မန္တလေးတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက သွားရောက်ဖူးမြော် ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆရာတော်ကြီးအား ဖူးမြော်၍လှူဖွယ် ပစ္စည်းများနှင့် အာဟာရဖြည့်စွက်များ လှူဒါန်းကာ ကျန်းမာရေးအခြေအနေများ ကို မေးမြန်းလျှောက်ထားသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် နှင့်အဖွဲ့ကို တိုင်းဒေသကြီး ပြည်သူ့ကျန်းမာ ရေးနှင့် ကုသရေးဦးစီးမှူး၊ ဆေးရုံအုပ်ကြီး နှင့် တာဝန်ရှိသူများက ဆရာတော်ကြီး၏ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်နေမှုအခြေအနေများ ကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆရာတော်ကြီးအား ကျန်းမာ ရေးစောင့်ရှောက်ပေးရာတွင် လစ်ဟင်းမှု မရှိစေရန်အထူးကြပ်မတ်ဆောင်ရွက်ပေး ရေးတို့ကိုတာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက် ပေးသည်။



နိုင်ငံတော်ဩဝါဒါစရိယ မဟာဂန္ဓာရုံ ကျောင်းတိုက်ကြီး၏ မဟာနာယကချုပ် ဆရာတော်ကြီးမှာ မန္တလေးပြည်သူ့ဆေးရုံ ကြီး ကိုးထပ်ဆောင်ရှိ အထူးသီးသန့်ခန်း တွင် သီတင်းသုံးကာ လိုအပ်သည့်ဆေးဝါး ကုသမှုများခံယူလျက်ရှိပြီး ဆရာတော်ကြီး ၏ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ပတ်သက်၍ ဆေးရုံအုပ်ကြီး ဒေါက်တာ ဆန်းလွင်ဦး၊ အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ အေးအေးချစ်၊ အစာအိမ်နှင့် အူလမ်းကြောင်းအထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဝင်းဖြူ ဖြူမြင့်တို့အဖွဲ့က အနီးကပ်ကြပ်မတ်ကာ ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိ ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

**စာမျက်နှာ ၁၈ မှအဆက်**

သတ်မှတ်ချက်များနှင့်အညီ ပြန်လည်လျှောက် ထားနိုင်ရန်အကြောင်းကြားရမည်။

၃၁-ဂ။ မှတ်ပုံတင်လက်မှတ်ရရှိသူသည်-

(က) မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

( ခ ) ဦးစီးဌာန၏စစ်ဆေးမှုကိုခံယူရမည်။

( ဂ ) မိမိလုပ်ငန်းတွင် ကူးစက်ရောဂါဖြစ်ပွားကြောင်း သံသယဖြစ်ဖွယ်တွေ့ရှိရပါက ဦးစီးဌာနသို့ အမြန် ဆုံးအသိပေးအကြောင်းကြားရမည်။

(ဃ) ပုဒ်မခွဲ(ဂ)အရအသိပေးအကြောင်းကြားပြီးနောက် ဦးစီးဌာန၏ ညွှန်ကြားချက်များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရမည်။”

၁၃။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပုဒ်မ ၃၇ ခြေဆင်း၊ပုဒ်မ၃၇ပုဒ်မခွဲ (ဂ)နှင့် (ဃ)၊ ပုဒ်မ၄၂၊ ၄၃နှင့် ၄၈တို့၏ ခြေဆင်းတွင်ပါရှိသော“ခွင့်ပြုလက်မှတ် သို့မဟုတ် ထောက်ခံ ချက်လက်မှတ်”ဆိုသည့်စကားရပ်ကို “ခွင့်ပြုလက်မှတ်၊ ထောက်ခံချက် လက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ်”ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၄။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပုဒ်မ ၄၂ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၄၄ နှင့် ၄၉ တို့တွင်ပါရှိသော“သားသတ် ရုံတည်ထောင်ခြင်း”နှင့် “သားသတ်ရုံတည်ထောင်ခြင်းလုပ်ငန်း”ဆိုသည့် စကားရပ်တို့ကို “သားသတ်ရုံလုပ်ငန်း”ဆိုသည့်စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၁၅။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပုဒ်မ ၅၃ ၏ နောက်တွင်ပုဒ်မ ၅၃-ကအဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

“၅၃-က။ ဝန်ကြီးဌာနသည် အများပြည်သူအကျိုးငှာ ဝန်ဆောင်ခ နှင့် အခြားအခကြေးငွေအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ ကင်းလွတ်ခွင့်ပြုနိုင်သည်။”

၁၆။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ ပုဒ်မ ၅၅ ၏ နောက်တွင်ပုဒ်မ ၅၅-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

“၅၅-က။ ဤဥပဒေဖြင့်ရုပ်သိမ်းသော တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ် နည်းများ၊အမိန့်နှင့်ညွှန်ကြားချက်များသည် ဤဥပဒေနှင့်မဆန့်ကျင် သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။”

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ကယားပြည်နယ်အတွင်းရှိ လွိုင်ကော်တက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၁၅

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့ မွန်းလွဲပိုင်းတွင် ကယားပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးစိန်ဦး၊ တာဝန်ရှိသူများ နှင့်အတူ လွိုင်ကော်တက္ကသိုလ် ပင်မဆောင်ပြန်လည်ပြုပြင်ရန် လိုအပ်မှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီး က ကျောင်းဝင်းအတွင်းရှိ ဘွဲ့နှင်းသဘင် ခန်းမ၊ စာကြည့်တိုက်၊ စာသင်ဆောင်၊ အိပ်ဆောင်၊ ဝန်ထမ်းဆောင်များ ပြန်လည် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို ဦးစားပေးအဆင့်လိုက် ခွဲခြားဆောင်ရွက် နိုင်ရေးနှင့် တက္ကသိုလ်ပြန်လည်ဖွင့်လှစ်နိုင် ရေးအတွက် လိုအပ်သောပြင်ဆင်ထိန်း သိမ်းရေးလုပ်ငန်းများ အမြန်ဆုံးဆောင် ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သည် လွိုင်ကော်ပညာရေးဒီဂရီကောလိပ် ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ် ကြီး၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ သင်တန်းသား၊ သင်တန်းသူများနှင့်လည်း ကောင်း၊ ပြည်နယ်ပညာရေးမှူးရုံး၌ ခရိုင် ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာများနှင့်လည်းကောင်း၊ လွိုင်ကော် မြို့ အမှတ်(၇) အခြေခံပညာအထက်တန်း ကျောင်း၌ ကျောင်းအုပ်ကြီး၊ ဆရာ၊ဆရာမ များနှင့်လည်းကောင်း ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အမှာစကားပြောကြားပြီး တက် ရောက်လာသူများ၏ လိုအပ်ချက်တင်ပြမှု များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့ပင်လယ်ပြင်တွင် ကင်းမွန်အထိအမိကောင်း၍ ပြည်ပဈေးကွက်ထိ တင်ပို့ရောင်းချရလျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၁၅**

မြန်မာ့ပင်လယ်ပြင်တွင် ကင်းမွန် အထိအမိကောင်း၍ ပြည်တွင်းစားသုံးမှု အတွက်သာမက ပြည်ပဈေးကွက် အထိပါ တင်ပို့ရောင်းချရလျက်ရှိကြောင်း ရန်ကုန်မြို့ ရွှေပိတောက်ငါးဈေးမှ သိရသည်။

ဇန်နဝါရီနှင့် ဖေဖော်ဝါရီလတို့တွင် ကင်းမွန်အများဆုံး ဖမ်းမိရရှိလေ့ရှိပြီး အရွယ်အစား သုံးလက်မအောက်ကင်းမွန် များကို ပြည်တွင်းစားသုံးမှုအတွက် ရောင်းချလျက်ရှိပြီး အရွယ်အစားသုံး လက်မအထက်ကင်းမွန်များကို ပြည်ပ ဈေးကွက်သို့ တင်ပို့လျက်ရှိသည်။

"ဒီရာသီမှာကင်းမွန် အထိအမိကောင်း တယ်။ သုံးလက်မအထက်အရွယ်အစား တွေကို ဟိုတယ်နဲ့ပြည်ပကိုပို့ပြီး နှစ်လက်မ အောက်အရွယ်အစားတွေကို ပြည်တွင်း ဈေးကွက်ကိုပို့ပါတယ်။ ပင်လယ်ပြင်ကနေ ကင်းမွန်အများကြီးရပြီး ဈေးကွက်အဝင် များတဲ့အတွက် ပြည်ပကိုကောင်းကောင်း ပို့နိုင်သလို ပြည်တွင်းစားသုံးမှုအတွက် လည်း အဆင်ပြေပါတယ်။ ဆောင်းရာသီ ပင်လယ်ပြင်နှင်းကျချိန်မှာ ကင်းမွန်အမိ များတဲ့အတွက် ဒီလကုန်ပိုင်းဆိုရင်ပိုပြီး အဝင်များနိုင်ပါတယ်"ဟု ရွှေပိတောက် ငါးဈေးမှ ရေထွက်ကုန်လုပ်ငန်းရှင် တစ်ဦးက ပြောပြသည်။

အရွယ်အစား နှစ်လက်မအောက် ကင်းမွန်တစ်ပိဿာလျှင် ငွေကျပ် ၄၈၀၀၀၊ နှစ်လက်မနှင့် သုံးလက်မကြား ကင်းမွန် တစ်ပိဿာလျှင် ငွေကျပ် ၁၆၆၀၀၀၊ သုံးလက်မနှင့် ငါးလက်မကြား ကင်းမွန် တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀ နှင့် ငါး လက်မနှင့် ခြောက်လက်မကြား ကင်းမွန် တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀၀ ဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

မြိတ်ကျွန်းစုပင်လယ်ပြင်မှ ဆလုံ တိုင်းရင်းသားများ ဖမ်းမိရရှိသည့် ကင်းမွန် များကိုလည်း ပြည်ပဈေးကွက်အတွက် မြိတ်မြို့မှတစ်ဆင့် ရန်ကုန်မြို့သို့တင်ပို့ပြီး ကွန်တိန်နာသင်္ဘောဖြင့် ပြည်ပသို့



အဆက်မပြတ် တင်ပို့ရလျက်ရှိသည့် အတွက် မြန်မာ့ကင်းမွန်များ ပြည်ပဈေး ကွက်ပွင့်လန်းလျက်ရှိကြောင်း ရွှေပိတောက်ငါးဈေးမှသိရသည်။**သစ္စာ(MNA)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင် ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက် ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေး အပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့် အညီ အရေးယူခံရနိုင်ပါသည်။**



တောင်ကြီးမြို့ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးဓမ္မာရုံ၌ မဟာပန်းလည်တိုင်စိုက်ထူခြင်းနှင့် အလှူငွေပေးအပ်ပွဲကျင်းပပြုလုပ်စဉ်။

# တောင်ကြီးမြို့ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ဓမ္မာရုံ၌ မဟာပန်းလည်တိုင်စိုက်ထူခြင်းနှင့် အလှူငွေပေးအပ်ပွဲကျင်းပပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးဓမ္မာရုံ၌ မဟာပန်းလည်တိုင်စိုက်ထူခြင်းနှင့် အလှူငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဩဝါဒါစရိယ တောင်ကြီးမြို့ စွန်းလွန်းဂူ ကမ္မဋ္ဌာန်းကျောင်းတိုက်ဦးစီး ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ အဂ္ဂမဟာဘိဝံသအမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက စွန်းလွန်းဂူ ကမ္မဋ္ဌာန်းကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များထံ ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲ၊ ပရိတ်ချည်နှင့်ပရိတ်ကျောက်များကိုဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲ၊ ပရိတ်ချည်နှင့် ပရိတ်ကျောက်များကို စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း အရှေ့အရပ်မှစတင်ကာ လက်ယာရစ် ပက်ဖျန်းချည်နှောင်ကြကာ ပန်းလည်တိုင်အမှတ်(၁/၂)တို့ကို သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့က စေတီတော်မတည်အလှူငွေပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ရှမ်းပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇဝန္တထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် မဟာပန်းလည်တိုင်အမှတ်(၁/၂)တို့ကို ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား လက်ယာရစ် သုံးပတ်လှည့်လည်ပူဇော်ကြပြီး အဆင့်ဆင့်ပင့်ဆောင်၍ စိုက်ထူတင်လှူကြကာ မဟာပန်းလည်တိုင်အား နံ့သာရည်များ ပက်ဖျန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြစ်ကြီးနားမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကျင်းပပြုလုပ်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေး ပြည်နယ်အဆင့်လူမှုထူးချွန်ဆုရရှိသော ဆရာမတစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ပြုလုပ်ရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများက "ကြိုဆိုပါသည် စုံညီပွဲတော်"သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ထူးချွန်ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများကိုလည်းကောင်း၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် လုပ်သက်အရ ပင်စင်ယူသော်လည်း နိုင်ငံ့တာဝန်များကို ပညာသင်နှစ် တစ်နှစ်ပြီးဆုံးအောင် ဆက်လက် သင်ကြားပေးလျက်ရှိသော ဆရာမ နှစ်ဦးနှင့် ပြည်နယ်အဆင့်လူမှုထူးချွန်ဆုရရှိသော ဆရာမ တစ်ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်ကာ ကျောင်းသား၊ ကျောင်းသူများ၏ သီဆို၊ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။(၅၀၁)

ကျန်းမာရေးဝန်ကြီးဌာန
(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ
၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် မှ ၂၄ ရက်
ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

# ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ် အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြအပ်များအပေါ် လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

# ကော့မှူးမြို့နယ် သမင်ခြံကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၅**


ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် သမင်ခြံကျေးရွာရှိ ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိသမင်ခြံကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ၌ ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၆၂ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွေးတိုးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ မျက်စိရောဂါ၊ အရေပြားရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။ (၅၀၁)



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# မန္တလေးမြို့၌ မြန်မာ-အိန္ဒိယနယ်စပ်သို့ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်သည့်အဖွဲ့ကို ဘိန်းဖြူ ၅ ဒသမ ၉၄ ကီလို၊ PHENSEDYL ပုလင်း ၃၀ နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ








ဖြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၅**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၇ ရက် ညနေ ၄ နာရီတွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂) ရပ်ကွက် ၄၁(A)လမ်း ၆၁ - ၆၂ လမ်းကြားတွင် မူးယစ်ဆေးဝါးအရောင်းအဝယ်ပြုလုပ်နေကြောင်း သတင်းအရ ရှာဖွေစစ်ဆေးခဲ့ရာ စောဖြိုးအောင်၊ လင်းလင်းအောင်၊ လှိုင်ဖြိုးထွေး(ခ)ကိုထွေးနှင့် အောင်မျိုးသိန်း(ခ)တာတီးတို့ လေးဦးကို TOYOTA CROWN မော်တော်ယာဉ်တစ်စီး၊ ပလတ်စတစ်ဆပ်ပြာခွက် ၆၆၀ ဖြင့် ထည့်လျက် ဘိန်းဖြူ ၅ ဒသမ ၉၄ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက် ဖော်ထုတ်ချက်အရ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် ချမ်းအေးသာစံမြို့နယ် ပြည်ကြီး မျက်ရှင်ရပ်ကွက်ရှိ စောဖြိုးအောင်၏ နေအိမ်မှ တစ်ပုလင်းလျှင် မီလီလီတာ ၁၀၀ စီပါ PHENSEDYL ပုလင်း ၃၀ ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း၊ ဖမ်းဆီးရမိမှုဖြစ်စဉ်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် နားရိုင်းရွာသစ်ကျေးရွာနေ ကိုစိုင်း(ခ)အားချိန်၏ အစီအမံဖြင့် ချမ်းအေးသာစံမြို့နယ်နေ အောင်သူ(ခ)စိန်သောင်းက တာဝန်ခံ၍ လှိုင်ဖြိုးထွေး၊ သန့်ဇင်ထွန်း၊လင်းလင်းအောင်နှင့်ဇော်မျိုးသိန်းတို့ကို သယ်ဆောင်ခိုင်းပြီး ချမ်းအေးသာစံမြို့နယ်နေ စောဖြိုးအောင်က မန္တလေးမြို့တွင် ဘိန်းဖြူများ ဝယ်ယူ၍ မြန်မာ-အိန္ဒိယနယ်စပ် တမူးမြို့နယ်သို့ သယ်ဆောင်ရောင်းဝယ်ပြီး မြန်မာ-အိန္ဒိယနယ်စပ်နေ ကီရန်းက ပြန်လည်ရောင်းချခြင်းဖြစ်ကြောင်းနှင့်ကလေးမြို့မှ မန္တလေးမြို့သို့ PHENSEDYL များ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ဘိန်းဖြူရောင်းချပေးခဲ့သည့် အောင်သူနှင့် သန့်ဇင်ထွန်းတို့ကို ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် လိန်းလီကျေးရွာအနီးတွင် SUZUKI Ciaz မော်တော်ယာဉ်တစ်စီးနှင့်လည်းကောင်း၊ PHENSEDYL များ ရောင်းချပေးခဲ့သူ လှိုင်မျိုးထွန်း(ခ)သီလွန်းကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက်တွင်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့၍ ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၅၀၁)

## ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၅ ရက် ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၃၈၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

# ချောက်မြို့နယ် ဆည်ကန်ရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း မဟုတ်မမှန်သတင်းမှားများရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်ရှိ ဆည်ကန်ကျေးရွာကို လုံခြုံရေး တပ်ဖွဲ့ဝင်က မီးရှို့ခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

အဆိုပါသတင်းနှင့် ပတ်သက်ပြီး သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်ဆိုသည့်သတင်းမှာ သတင်းအမှားသာဖြစ်ကြောင်းသိရှိရပြီး အကြမ်းဖက်သမားများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို မလိုလားဘဲ ငြိမ်းချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူလူထုအား အနိုင်ကျင့်ခြိမ်းခြောက်မှုများလုပ်ဆောင်လျက်ရှိပြီး ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့်ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများ ငြိမ်းချမ်းစွာနေထိုင်နိုင်ရေးအတွက် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ အခြေအမြစ်မရှိသည့်ဓာတ်ပုံများ အသုံးပြု၍ မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



# လော့စ်အိန်ဂျလိစ်တောမီးကြောင့် ပျက်စီးဆုံးရှုံးမှုပမာဏ ကန်ဒေါ်လာ ဘီလီယံ ၂၅၀ ကျော်ရှိလာကြောင်း Accuweather က ထုတ်ပြန်



ဝါရှင်တန် ဇန်နဝါရီ ၁၅

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့တွင် ဇန်နဝါရီ ၇ ရက်မှစ၍ တောမီးကူးစက်လောင်ကျွမ်းမှုဖြစ်ပေါ်ခဲ့ပြီး တောမီးကြောင့် ပျက်စီးဆုံးရှုံးမှုပမာဏ အမေရိကန်ဒေါ်လာ ဘီလီယံ ၂၅၀ ကျော်ထိ ရှိလာပြီဖြစ်ကြောင်း Accuweather က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုကို နေရာတချို့တွင် ထိန်းချုပ်နိုင်ပြီဖြစ်သော်လည်း လော့စ်အိန်ဂျလိစ်ကောင်တီ အနီးပတ်ဝန်းကျင်မှ တောမီးကူးစက်လောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေဆဲဖြစ်ကြောင်း၊ လော့စ်အိန်ဂျလိစ်ကောင်တီတစ်ခုတည်း၌ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ ဦးရေ ၈၈၀၀၀ ကျော်ရှိနေပြီဖြစ်ကြောင်း၊ လော့စ်အိန်ဂျလိစ် တောမီးကူးစက်လောင်ကျွမ်းမှုနှင့် ပတ်သက်ပြီး ကယ်လီဖိုးနီးယားပြည်နယ် ဝန်ကြီးချုပ် ဂါဗင်နယူးဆင်၏ ထုတ်ပြန်ချက်အရ တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် သစ်တောမြေနှင့် အိမ်ရာမြေ ဧက ၄၀၀၀၀ ကျော် ပျက်စီးခဲ့ကြောင်း သိရသည်။

"လော့စ်အိန်ဂျလိစ်မှာ တောမီးကူးစက် လောင်ကျွမ်းမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရတဲ့ တန်ဖိုးပမာဏက အမေရိကန်ဒေါ်လာ ဘီလီယံ ၂၅၀ ကျော်နေပါပြီ။ တောမီးကူးစက် လောင်ကျွမ်းနေဆဲဖြစ်တဲ့အတွက် ပျက်စီးဆုံးရှုံးတဲ့ပမာဏ ဒီထက်ပိုပြီး မြင့်တက်လာနိုင်ပါတယ်"ဟု Accuweather အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# အင်ဒိုနီးရှားနိုင်ငံတွင် လာနီညာရာသီဥတုဖြစ်စဉ်ကြောင့် လာမည့်လများအတွင်း သဘာဝဘေးအန္တရာယ်များဖြစ်ပွားနိုင်

ဂျကာတာ ဇန်နဝါရီ ၁၅

အင်ဒိုနီးရှားနိုင်ငံတွင် လာနီညာရာသီဥတု ဖြစ်စဉ်ကြောင့် လာမည့်လများအတွင်း သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားနိုင်ဖွယ်ရှိနေကြောင်း သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေး အေဂျင်စီ၏ ဇန်နဝါရီ ၁၄ ရက် ထုတ်ပြန်ချက်များကို ကိုးကား၍ ယနေ့သတင်းများတွင် ဖော်ပြထားသည်။

လာနီညာရာသီဥတုဖြစ်စဉ်ကြောင့် အင်ဒိုနီးရှားနိုင်ငံအတွင်း ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလမှ ဧပြီလအတွင်း မိုးသည်းထန်စွာရွာသွန်းခြင်းများဖြစ်ပေါ်နိုင်ဖွယ်ရှိပြီး နိုင်ငံအနှံ့အပြားတွင် ရေကြီးခြင်း၊ မြေပြိုခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာနိုင်ကြောင်း သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေးအေဂျင်စီက သတိပေးထားကြောင်း သိရသည်။

"၂၀၂၄ ခုနှစ်မှာ လာနီညာရာသီဥတုဖြစ်စဉ်ကြောင့် ရေကြီးရေလျှံမှုနဲ့ ပြင်းထန်တဲ့ရာသီဥတုဖြစ်စဉ်တွေဖြစ်ပွားခဲ့ပါတယ်။ အခုလဲ လာနီညာဖြစ်စဉ်က ဆက်လက်ဖြစ်ပေါ်နေတာကြောင့် ဒီနှစ်အတွင်းမှာ ပြင်းထန်တဲ့ သဘာဝဘေးဖြစ်စဉ်တွေ ဖြစ်ပေါ်နိုင်တာကြောင့် ပြည်သူတွေအနေနဲ့ သတိထားနေထိုင်ရမဲ့ အခြေအနေပဲ ဖြစ်ပါတယ်"ဟု သဘာဝဘေးအန္တရာယ် တုံ့ပြန်ရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူ မုဟာရီက ပြောကြားခဲ့သည်။



အင်ဒိုနီးရှားနိုင်ငံအတွင်း ၂၀၂၄ ခုနှစ်က သဘာဝဘေးအန္တရာယ် စုစုပေါင်း ၂၁၀၇ ကြိမ်ဖြစ်ပွားခဲ့ရာ လူ ၅၄၇ ဦး သေဆုံးခဲ့ပြီး ၆ ဒသမ ၃ သန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်ကာ နိုင်ငံတစ်ဝန်း အိမ်ခြေ ၆၀၀၀၀ ခန့်ပျက်စီးခဲ့ကြောင်း၊ ဖြစ်စဉ်ထက်ဝက်ကျော်သည် ရေကြီးရေလျှံခြင်းများကြောင့်ဖြစ်ပြီး ပြင်းထန်သော ရာသီဥတုအခြေအနေများက ဒုတိယအဆင့်တွင်ရပ်တည်နေကြောင်း အေဂျင်စီက ထုတ်ပြန်ထားသည်။

Ref : Russia Today
Trs : AZH

# ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်တွင် လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပေါ်ခဲ့

ကင်ဘာရာ ဇန်နဝါရီ ၁၅

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ် ကာပရီကွန်ကမ်းခြေဒေသများတွင် ဇန်နဝါရီ ၁၄ ရက်ညပိုင်းမှစ၍ အားကောင်းသည့်လေပြင်းတိုက်ခတ်ခဲ့ပြီး မိုးသည်းထန်စွာရွာသွန်းမှု ဖြစ်ပေါ်ခဲ့ကြောင်း Bureau of Meteorology က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မိုးရေချိန်မြင့်မားခဲ့ပြီး မိုးသီးများကျရောက်ကာ မိုးသီးပမာဏမှာ ၆ စင်တီမီတာမှ ၈ စင်တီမီတာထိ ရှိကြောင်း၊ မိုးရေချိန်ပမာဏမြင့်မားခြင်းကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားပြီး ယပ်ပွန်ဧရိယာ၏ နေရာတချို့တွင် လမ်းပေါ်သို့ရေစတင်တက်လာပြီဖြစ်ကြောင်း၊ လေပြင်းတိုက်ခတ်မှုမှာ တစ်နာရီလျှင် ၁၀၇ ကီလိုမီတာနှုန်း ရှိနေပြီး လေပြင်းတိုက်ခတ်မှုသည် ယပ်ပွန်ဧရိယာမှ ဂရန်းနိုက်ဘက်ဧရိယာနှင့် စတန်းသောပီဧရိယာဘက်သို့ ဦးတည်တိုက်ခတ်နေကြောင်း သိရသည်။

"လေပြင်းတွေ တိုက်ပြီးတော့ မိုးသည်းထန်စွာ ရွာသွန်းခဲ့တယ်။ မိုးသည်းထန်စွာ ရွာသွန်းမှုနဲ့ အတူ အရွယ်အစားကြီးမားတဲ့မိုးသီးတွေပါ ကျရောက်ခဲ့တယ်။ မိုးသီးတွေကြောင့် ပန်းသီးစိုက်ခင်း၊ ဘယ်ရီသီးစိုက်ခင်းတွေ တော်တော်လေးပျက်စီးခဲ့တယ်။ တချို့မော်တော်ယာဉ်တွေလဲ ထိခိုက်ပျက်စီးမှုတွေ ရှိခဲ့ပါတယ်။ လေပြင်းတိုက်ခတ်မှုကလဲ လေဆင်နှာမောင်းအသွင်ဖြစ်ပါတယ်။ အပူလှိုင်းဖြတ်သန်းပြီး ရုတ်တရက် လေပြင်းတိုက်မိုးရွာသွန်းတာမျိုးဖြစ်တဲ့အတွက် မျှော်လင့်မထားတဲ့ ရာသီဥတုပြောင်းလဲမှုမျိုး ဖြစ်ပါတယ်"ဟု ဂရန်းနိုက်ဘက်ဧရိယာ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ နာရစ်ဆာက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# မိုဇမ်ဘစ်နိုင်ငံ ချီဒိုဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် မူကူဖီခရိုင်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အခက်အခဲရှိနေဆဲဖြစ်

မာပူတို ဇန်နဝါရီ ၁၅

မိုဇမ်ဘစ်နိုင်ငံတွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်က ချီဒိုဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် မူကူဖီခရိုင်တွင် တစ်လခန့်ကြာမြင့်သည်ထိ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုထိထိရောက်ရောက်ဆောင်ရွက်နိုင်ခြင်းမရှိသေးသည့်အပြင် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသောဒေသခံများမှာလည်း နေရပ်ကိုပြန်နိုင်ခြင်းမရှိသေးဘဲ ကျန်းမာရေးစောင့်ရှောက်မှုများလိုအပ်ကာ အခက်အခဲဖြစ်နေကြောင်း Médecins Sans Frontières(MSF) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ချီဒိုမုန်တိုင်းဒဏ်ဖြင့် အဆိုးရွားဆုံးရင်ဆိုင်ခဲ့ရသည့် မူကူဖီခရိုင်ရှိ ဒေသများတွင် ဒေသခံအများစုမှာ ကျန်းမာရေးစောင့်ရှောက်မှုအပြင် စိတ်ကျန်းမာရေးဆိုင်ရာများလည်း ထိခိုက်မှုရှိနေကြောင်း Médecins Sans Frontières(MSF)က ထုတ်ပြန်ခဲ့သည်။

"မူကူဖီခရိုင်အတွင်းက မုန်တိုင်းဒဏ်သင့်ခဲ့တဲ့ ပြည်သူတချို့ ကျန်းမာရေးထိခိုက်မှုတွေ ရှိနေသလို စိတ်ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုတွေလဲ ရှိနေတယ်။ မုန်တိုင်းဒဏ်သင့်ခဲ့တာ တစ်လနီးပါး ရှိနေပြီဖြစ်ပေမဲ့ အခုချိန်ထိ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်း မရှိသေးဘူး။ မုန်တိုင်းဒဏ်သင့်ပြည်သူတချို့ဟာ စိတ်ကျရောဂါတွေ ခံစားလာရတာတွေ့ရတယ်။ ပျက်စီးသွားခဲ့တဲ့ သူတို့ဘဝကို ဘယ်လိုပြန်စရမလဲ မသိတော့ဘူး ဖြစ်နေတဲ့အချိန်မှာ ဖိအားတွေ ရလာတာပါ"ဟု Médecins Sans Frontières(MSF)မှ စိတ်ကျန်းမာရေးအတိုင်ပင်ခံ ဘာစီလီယိုက ပြောကြားခဲ့သည်။

မုန်တိုင်းဒဏ်သင့် ပြည်သူများကို နိုင်ငံတကာက ပံ့ပိုးပစ္စည်းများ ပေးပို့ကူညီထားသော်လည်း နိုင်ငံရေးပဋိပက္ခများကြောင့် မိုဇမ်ဘစ်အစိုးရအနေဖြင့် မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးသည့်အခြေအနေဖြစ်နေကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# ဂါဇာကမ်းမြောင်ဒေသတွင် နေထိုင်သူများ မိုးရွာသွန်းခြင်း၊ ရေကြီးရေလျှံခြင်းများကြောင့် ရာသီဥတုဒဏ်ကို ဆိုးရွားစွာခံစားနေကြရ

ဂျေရုဆလင် ဇန်နဝါရီ ၁၅

ဂါဇာကမ်းမြောင်ဒေသတွင် နေထိုင်သူများ အအေးလွန်ကဲမှုနှင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးရေလျှံခြင်းများကြောင့် ရာသီဥတုဒဏ်ကို ဆိုးရွားစွာခံစားနေကြရကြောင်း ပါလက်စတိုင်းလခြမ်းနီအသင်း၏ ထုတ်ပြန်ချက်များကို ကိုးကား၍ ယနေ့သတင်းများတွင်ဖော်ပြထားသည်။

ဂါဇာကမ်းမြောင်ဒေသရှိ ထောင်ပေါင်းများစွာသော လူများသည် ရွက်ဖျင်တဲများ၊ အချို့မှာ လမ်းများပေါ်တွင် အမိုးအကာမရှိဘဲ ရာသီဥတုအေးခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ရေကြီးရေလျှံခြင်းများကြောင့် ရာသီဥတုဆိုးရွားမှုဒဏ်ကိုခံရပြီး ကျန်းမာရေးဆိုင်ရာပြဿနာများ ဖြစ်ပွားလာကြောင်း ပါလက်စတိုင်းလခြမ်းနီ အသင်း၏ ပြောရေးဆိုခွင့်ရှိသူ နီဘယ်ဖာဆက်က ပြောကြားခဲ့သည်။

အဆိုပါဒေသတွင် နေထိုင်သူများအတွက် ဆိုးရွားသောရာသီဥတုဒဏ်ကိုကာကွယ်ရန် အဝတ်အထည်နှင့် အခြားအသုံးအဆောင်ပစ္စည်းများမရှိကြောင်း၊ အမိုးအကာလိုအပ်ချက်၏ ရာခိုင်နှုန်း ၂၀ ခန့်သာ ဖြေရှင်းပေးနိုင်ပြီး လူတစ်သန်းကျော်အတွက် နေစရာလုံလောက်မှုမရှိကြောင်း ပါလက်စတိုင်းလခြမ်းနီအသင်း၏ ပြောရေးဆိုခွင့်ရှိသူ နီဘယ်ဖာဆက်က ပြောကြားခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် အမိုးအကာများကိုပျက်စီးစေပြီး ရေကြီးရေလျှံခြင်းများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းစေကာ ရောဂါများကူးစက်ပျံ့နှံ့လျက်ရှိရာ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များအတွက် ဆေးဝါးများ လိုအပ်လျက်ရှိကြောင်း သိရသည်။

Ref : Russia Today
Trs : AZH




(၁)

ကျွန်မတို့ အိမ်ကလေးသည် နေ့ဘက်တွင် ပကတိအေးချမ်းလှသည်။ သားသမီးလည်းမရှိသောကြောင့် တိတ်ဆိတ်သည်။ နံနက်ရှစ်နာရီတွင် ခင်ပွန်းဖြစ်သူက အလုပ်သွားသည်။ရှစ်နာရီခွဲတွင် ကျွန်မက အလုပ်သွားသည်။ ကျွန်မတို့ဇနီးမောင်နှံတွေ့ဆုံချိန်က ညနေပိုင်းအလုပ်ပြန်ချိန်ဖြစ်သည်။

သူနှင့်ပထမဆုံးစတင်ဆုံစည်းချိန်က ကျွန်မဘဝ သာယာခဲ့သည်။ ကြည်နူးခဲ့ရသည်။ ပျော်ရွှင်ခဲ့ရသည်။ သူနှင့်ဒုတိယအကြိမ် ပြန်လည်တွေ့ဆုံရချိန်တွင် ကျွန်မဘဝ တစ်ဆစ်ချိုးပြောင်းလဲခဲ့ရသည်။ ကျွန်မဘဝသည် သံသယထောင်တွင် စံခဲ့ရသည်။ စကားလုံးပိုက်ကွန်တွင် ထွက်ပေါက်မဲ့ခဲ့ရသည်။

သူနှင့်ကျွန်မ ဒုတိယအကြိမ်ပြန်လည်ဆုံတွေ့ခဲ့ခြင်းသည် ကျွန်မခင်ပွန်းပြန်လာမည့် ဘူတာရုံကို သွားစောင့်နေချိန်တွင်ဖြစ်သည်။

" ညို ခရီးသွားမလို့လား"

နောက်ဘက်ဆီက နှုတ်ဆက်သံကြောင့် ရင်းနှီးကျွမ်းဝင်မှုရှိသည်ဟု ကျွန်မ ခံစားလိုက်မိသည်။ ထို့ကြောင့် လှမ်းနေသော ခြေလှမ်းများကို ကျွန်မ စုံရပ်လိုက်သည်။ နှုတ်ဆက်သူကို ပြန်လှည့်ကြည့်လိုက်သည်။ နှုတ်ဆက်သူကို မြင်လိုက်ရချိန်တွင် ကျွန်မ အလွန် အံ့သြသွားမိ၏။

ကျွန်မတို့ မတွေ့ဖြစ်ကြသည့်မှာ ဆယ်စုနှစ်ကျော်ပြီ ဖြစ်သည်။သူကသာ နှုတ်မဆက်လျှင် ကျွန်မ သူ့ကို မှတ်မိလိမ့်မည် မဟုတ်ပေ။ သူ့အသံသည် ဟိုတုန်းကလို နူးညံ့မှုမရှိတော့ပေ။ ကြင်နာတတ်မှုကတော့ မျက်လုံးတွင် ကျန်ရစ်နေဆဲဖြစ်သည်။ သူသည် ကျွန်မနှင့် ချစ်ခဲ့ဖူးသူ မဟုတ်တော့ဘဲ သူစိမ်းတစ်ယောက်ဖြစ်နေလေပြီ။သူ့ရုပ်ရည်လည်း ပြောင်းလဲနေသည်။ အသားအရေကလည်း ယခင်နှင့်မတူ ကွဲပြားနေခဲ့သည်။သူ့အပြောအဆို ၊ သူ့လေသံသည် ယခင်နှင့်မတူ ခြားနားသွားခဲ့လေသည်။

"ဟုတ် အဲ မဟုတ်ဘူး။ အမျိုးသားကို လာကြိုတာ"

"ဪ... ဟုတ်လား"

"ဒါနဲ့ နင်ကကော ဘယ်သူ့ကိုလာကြိုတာလဲ"

"ဪ နင် တဲ့လား။ ဟား ဟား၊ နင် တဲ့ လား၊ ဟို တစ်ချိန်ကတော့ "

ကိုမိုးထက်၏ အမူအရာ နှင့် အသံကြောင့် ကျွန်မ စိတ်အနှောင့်အယှက်ဖြစ်သွားမိသည်။

"တော်ပါတော့ ကိုမိုးထက်ရယ်။ အတိတ်ကို ပြန်မတူးဆွပါနဲ့တော့"

ကြားဖြတ်ဝင်ပြောလိုက်သော ကျွန်မ စကားကြောင့် သူ ငြိမ်သက်သွားသည့် ပုံစံသည် ဟိုးယခင်ကနှင့် အတူတူပင် ဖြစ်နေပြန်သည်။

(၂)

"ကျွန်မ စိတ်လွတ်၊ လက်လွတ် နေပါရစေ ကိုနိုင်မြင့်ရယ်။ ခုလို ဒေါသဖြစ်တာ ကျွန်မ အမှားလား။ ကျွန်မ အပြစ်လား ကိုနိုင်မြင့်"

"မင်းအပြစ်မဟုတ်လို့ ငါ့အပြစ်လား။ အခုကိစ္စက ဘယ်သူလုပ်ခဲ့တဲ့အမှားလဲ၊ ပြောစမ်းပါအုံး ညိုမိမိခင်"

"အတိတ်ဆိုတာ လူတိုင်းမှာရှိတယ်လေ။ ကိုနိုင်မြင့်မှာကော အတိတ်မရှိခဲ့ဘူးလား"

"ရှိတာပေါ့။ ဒါပေမဲ့ အတိတ်ကိုထားခဲ့တာကြာပြီလေ။ ပြန်လဲ မလွမ်းဆွတ်သလို ပြန်လဲ တမ်းတမနေဘူး။ မင်းကတော့"

"တော်ပါတော့ရှင်။ တော်ပါတော့။ ကျွန်မအပြစ်၊ ကျွန်မ အမှားတွေပါ"

ကျွန်မ၏ ဒေါသနှင့် အော်သံအဆုံးမှာ ဆိုင်ကယ်စက်သံ ခပ်ပြင်းပြင်းဖြင့် မောင်းထွက်သွားသူက ကျွန်မ၏ ခင်ပွန်း ကိုနိုင်မြင့်။

ညဉ့်နက်မှ ပြန်လာမည့် ခင်ပွန်းကို စောင့်နေရသည်မှာ ကျွန်မ၏ တာဝန်။ ခင်ပွန်းပြန်လာချိန်တိုင်း ဝေဒနာတစ်ရက်ကို တိုးတိတ်စွာ ခံစားနေရသူက ကျွန်မ။

(၃)

"ညိုတို့ အဆက်အသွယ်လုပ်နေကြပြန်ပြီလား"

ဖုန်းပြောနေစဉ် နောက်ကျောဘက်မှ ကြားလိုက်ရသော စကားကြောင့် ကျွန်မ အံ့သြသွားမိသည်။

"ကျွန်မကို သံသယ ရှိနေတာလား ကိုနိုင်မြင့်။ ကျွန်မ ဖုန်းပြောတာကို ခိုးနားထောင်တာ လူကြီး၊ လူကောင်း မဆန်ဘူးနော်"

"မင်းကကော လူကြီးလူကောင်းဆန်လို့လား။ ကဲပြော ဘယ်သူနဲ့ ဖုန်းပြောနေတာလဲ။ငါ့ကွယ်ရာမှာ အခြားယောကျ်ားနဲ့ စကားပြောနေတာလဲ ဖောက်ပြန်တာပဲ ညိုမိမိခင်"

"ရှင့်စကားတွေ လွန်နေပြီ၊ ကျွန်မ ဆက်ပြီး သည်းမခံချင်တော့ဘူး။ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ၊ ဆက်ပြောလေ။ မင်းမှာ ပြောစရာ စကားမရှိတော့ဘူး မဟုတ်လား"

"ရှင်မူးလာရင်လဲ ရေချိုးလိုက်ပါတော့ ကိုနိုင်မြင့်ရယ်၊ ကျွန်မ ထမင်းပွဲပြင်ပေးမယ်"

ကျွန်မလေသံကို အချိုသာဆုံးပြောဆိုလိုက်သည်။ ကိုနိုင်မြင့်လည်း ကျေနပ်မှုမရှိသော မျက်လုံးဖြင့်စိုက်ကြည့်ကာ ကျွန်မရှေ့က ထွက်သွားလေသည်။

(၄)

ညနေအလုပ်ဆင်းချိန်တွင် ခြေလှမ်းသွက်သွက်လှမ်းကာ ကျွန်မထွက်လာခဲ့သည်။ မဖြစ်မနေလုပ်ဆောင်ရမည့် ကိစ္စမို့ နောက်ကျရင်လည်း မဖြစ်။ ပတ်ဝန်းကျင်အခြေအနေကို ကျွန်မ ဝေ့ကြည့်လိုက်သည်။ သံသယဖြစ်စရာလူ မတွေ့သည်မို့ ပန်းခြံထဲသို့ အလောတကြီးဝင်လာခဲ့သည်။ချိန်းထားသည့်နေရာတွင် ကိုမိုးထက်က ဦးစွာရောက်ရှိနေလေသည်။

"အဆင်ပြေရဲ့လား ကိုမိုးထက်"

"ပြေတယ်ပြောရမှာပဲ ညို။ လိုအပ်တာမှန်သမျှဖြည့်ဆည်းပေးနေတဲ့ ညိုလဲ ပင်ပန်းနေပြီ"

"ရပါတယ် ကိုမိုးထက်။ ကျွန်မတာဝန်ပဲလေ။ ဒီကိစ္စကို ကျွန်မ တာဝန်မယူရင် ဘယ်သူတာဝန်ယူမလဲ၊ ကျွန်မပို့လိုက်တဲ့ ငွေကော လုံလောက်ရဲ့လား ကိုမိုးထက်"

"လုံလောက်ပါတယ်။ ချင့်ချိန်ပြီး သုံးစွဲနေကြတာပါ"

"အင်း။ ရှောင်လွှဲလို့မှ မရတာ ကိုမိုးထက်ရယ်"

"ဒီကိစ္စကို ညို့ခင်ပွန်း သိလား"

"အမယ်လေး ဘယ်သိမလဲ။ သိရင် မိုးမီးလောင်မှာပေါ့"

"ညို့ကို ကျွန်တော် တောင်းပန်ချင်တယ်"

ဆွေးစိတ်မကင်းသည့် အသံကြောင့် ကျွန်မ အကြည့်က ကိုမိုးထက်ထံသို့ ရောက်သွားသည်။

"ဘာကိစ္စ တောင်းပန်တာလဲ ကိုမိုးထက်"

"ဘူတာရုံမှာ ဖြစ်ခဲ့တဲ့ကိစ္စကိုပါ"

"ပြီးတာတွေ မေ့လိုက်ပါ။ အခုအချိန်မှာ အရေးကြီးဆုံးက ကျွန်မတို့ကိစ္စအဆင်ပြေဖို့ပဲ။ တနင်္ဂနွေနေ့ သေချာတယ်နော်။ ကျွန်မ လာခဲ့မယ်"

ကိုမိုးထက် ပြန်သွားချိန်တွင် ကျွန်မ တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ တစ်ချိန်က ကျွန်မနှင့် ကိုမိုးထက် ချစ်သူတွေဖြစ်ခဲ့ကြသည်။ ထိုအချိန်က ကိုမိုးထက်သည် စိတ်ကူးဖြင့် တိုက်ဆောက်သူဖြစ်သည်။ မည်သည့်အလုပ်ကိုမျှ ရေရာစွာ မလုပ်။ မိဘငွေကို ဖြုန်းတတ်သူလည်း ဖြစ်သည်။

ဘဝကို လက်တွေ့ဆန်တတ်သော ကျွန်မနှင့် အမြဲဆန့်ကျင်ဘက်ဖြစ်ခဲ့သည်။သို့သော် ကျွန်မသူ့ကို ချစ်ခဲ့သည်။ ကိုမိုးထက်၏ တစ်ဖက်သားအပေါ် ကြင်နာတတ်မှု၊ နားလည်းတတ်မှု၊ ကူညီပေးတတ်မှု၊ စာနာတတ်မှုတို့ကြောင့် ကျွန်မ ကိုမိုးထက်ကို ရွေးချယ်ခဲ့မိခြင်းလည်း ဖြစ်နိုင်ပါသည်။

ချစ်တိုင်းမညားတတ်သည့်ကံတရားကြောင့်ထင်ပါသည်။ သဘောထားမတိုက်ဆိုင်တော့သည့်အတွက် ကျွန်မတို့လမ်းခွဲခဲ့ကြသည်။ လမ်းခွဲပြီး သုံးနှစ်အကြာတွင် ကျွန်မ အိမ်ထောင်ကျခဲ့သည်။နောက်ပိုင်းတွင် ကိုမိုးထက် အိမ်ထောင်ကျသည့် သတင်းကြားပြီး ကျွန်မတို့အဆက်အသွယ် ပြတ်တောက်သွားခဲ့ကြပြန်သည်။

(၅)

ကျွန်မရင်ထဲ လှပ်ခနဲစို့တက်သွားသည်။ကျွန်မနဲ့မတွေ့မီ ဘဝကို ဘယ်လိုဖြတ်သန်းနေလည်း ကျွန်မ မသိသော်လည်း ကျွန်မနဲ့ဆုံတွေ့ခဲ့သည့်နောက်ပိုင်းတွင် အနာကြီးရောဂါသည် ဒေါ်ရွှေစိုး၏ကျန်းမာရေးကို အကောင်းမွန်ဆုံး ဆောင်ရွက်ပေးခဲ့ပါသည်။

"ကျေးဇူးတင်ပါတယ် သမီးရယ်"

"မလိုပါဘူး အန်တီရယ်။ လူသားချင်းစာနာတတ်တဲ့စိတ်ကြောင့် သမီး ကူညီတာပါ"

"သမီးတို့ ပြန်အုံးမယ်နော်"

ကျွန်မနှင့် ကိုမိုးထက် ခြံအပြင်သို့ထွက်လာခဲ့ကြသည်။

"အတော်ပျော်ခဲ့ကြတယ်ပေါ့ ညိုမိမိခင်"

ရုတ်တရက်ထွက်ပေါ်လာသော အသံကြောင့် ကျွန်မ ခြေလှမ်းများရပ်တန့်သွားသည်။

"ကဲ ပြောကြစမ်းပါအုံး။ကျွန်မတို့က ရိုးရိုးသားသားပါဆို၊ အခုတော့ ဟား ဟား"

ခင်ပွန်းဖြစ်သူ ကိုနိုင်မြင့် စကားကြောင့် ကျွန်မ ဒေါသကို ထိန်းထားလိုက်ရသည်။

"ကျွန်တော်တို့က ရိုးရိုးသားသား အလုပ်တစ်ခုကို တွဲလုပ်နေကြတာပါ ကိုနိုင်မြင့်"

"အရင်က ရည်းစားနဲ့ ရိုးရိုးသားသား အလုပ်တွဲလုပ်နေတယ်ဆိုတာ ဘယ်သူကယုံမလဲဗျာ။ ဒီမှာ ကိုမိုးထက်ခင်ဗျားက လူမှမဟုတ်တာ။ ဒီတော့ ခင်ဗျား အတွက်က ဒါပဲ"

ကိုနိုင်မြင့်သည် ဒေါသစိတ်ကြောင့် ကိုမိုးထက် အင်္ကျီကို ဆွဲ၍ ထိုးရန် ချိန်ရွယ်လိုက်သည်။

" သား"

"ဟင် အမေ ၊ အမေ "

ခင်ပွန်းဖြစ်သူ၏ ရုတ်တရက်ပြောင်းလဲသွားပုံကြောင့် ကျွန်မအံ့သြသွားမိသည်။

"ဟုတ်ပါတယ် ကိုနိုင်မြင့်။ ကျွန်တော်က ကိုနိုင်မြင့်ရဲ့ အမေကို စောင့်ရှောက်ထားတာပါ။ ဒါကို ညို သိတာမကြာသေးပါဘူး။ သူနဲ့ကျွန်တော် ပြန်ဆုံတော့ ညို့ကို အကျိုးအကြောင်းပြောပြလိုက်တယ်၊ ညိုက သူ့မှာလဲ တာဝန်ရှိတယ်။ လိုအပ်တာမှန်သမျှ သူလဲ ကူညီမယ်ပြောတော့ ကျွန်တော်လက်ခံခဲ့တာပါ"

စာမျက်နှာ ၂၅ သို့ ➤

# မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၈၁၉၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဇန်နဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း၈၁၉၉ ကေထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၀၈၂ ကေနှင့်ဖူးစားပြောင်း ကေ ၇၉၄၀ စုစုပေါင်း ၉၀၂၂ ကေစိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလ တတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၉၇၉ ကေနှင့်ဖူးစားပြောင်း ကေ ၇၂၂၀ စုစုပေါင်း ၈၁၉၉ ကေ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန် မုံရွာမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်းကေ ၉၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိကေ ၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက် လျက်ရှိပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေဆောင်ရွက်ပေးနေပါတယ်" ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်တောင်သူများအနေဖြင့် အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေပြီး ဈေးကွက်လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာပါက လူမှုစီးပွားဘဝမြင့်မားလာမည် ဖြစ်သဖြင့် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းကိုတိုးချဲ့ စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း မနောသုခ စပါးတင်းရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဇန်နဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း မနောသုခစပါးတင်းရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်ဆန်စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခိုင်ခိုင်လင်းက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ခုနှစ် နိုဝင်ဘာလတွင် မနောသုခစပါးတင်းရေ ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ မနောသုခစပါးတင်းရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း မနောသုခ စပါးတင်းရေများများ ရန်ကုန်ဈေးကွက်ဘက် တင်ပို့ရောင်းချခဲ့ရပါတယ်။မနောသုခ စပါးအမျိုးအစားက အကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစား ဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ တင်ပို့အားတက်ခဲ့တာ ဖြစ်ပါတယ်။ မနောသုခစပါး အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်" ဟု ကျိုက်လတ်မြို့နယ်မှ ဆန်စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခိုင်ခိုင်လင်း ပြောပြသည်။



ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် မနောသုခစပါး အမျိုးအစားတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၆၀၀၀၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

➤ စာမျက်နှာ ၂၄ မှအဆက်

"ဒီနေ့ အမေ့ရဲ့ ဆေးခန်းပြရက်မို့ ညီက ကူညီပေးနေတာပါ"

"ကျွန်တော်မှားပြီဗျာ။ အမေ့ရောဂါက လူတော မတိုးသည့် အနာကြီးရောဂါဆိုတော့ အမေ့ကို ပစ်ထားမိခဲ့တာ။ အမေ တစ်ယောက်ထဲ ဘယ်လောက်အထိ အထီးကျန်နေမလဲ၊ ဝမ်းနည်းနေမလဲ၊ သိမ်ငယ်နေမလဲ ကျွန်တော် မတွေးမိခဲ့ဘူး"

မိခင်ဖြစ်သူ လက်ကိုကိုင်ကာ တောင်းပန်နေသည့် ခင်ပွန်းကို ကြည်ကြည်နူးနူးဖြင့် ကျွန်မ ကြည့်နေမိသည်။

"ကျွန်တော်တောင်းပန်ပါတယ် ကိုမိုးထက်။ ကျေးဇူးလဲ တင်ပါတယ်"

"ကျေးဇူးတင်တယ်ဆိုရင် အမေ့ကို စောင့်ရှောက်ပေးပါ။ အမေရှိနေတုန်း အမေ့ဆီက ရတဲ့ကုသိုလ်တွေကို ယူပါ။ အမေ့ရဲ့ ဆန္ဒတွေကို ဖြည့်ပေးပါ ကိုနိုင်မြင့်"

"စိတ်ချပါ။ အခုချိန်ကစပြီးအမေအမြဲပြုံးနေစေရမယ်လို့ ကျွန်တော် ကတိပေးပါတယ်"

"ကျေးဇူးပါ။ ကျွန်တော့်ကို ပြန်ခွင့်ပြုပါအုံး"

ကျွန်မတို့ကို နှုတ်ဆက်ထွက်ခွာသွားသည့် ကိုမိုးထက်ကို ကျွန်မ ပြုံးပြ နှုတ်ဆက်လိုက်ပါသည်။

"သားတို့နဲ့အတူ လိုက်နေနော်အမေ"

အမေက ခေါင်းညိတ်ပြသည်။

"ကိုနိုင် တောင်းပန်ပါတယ် ညို"

ခင်ပွန်းအသံက နူးညံ့နေသည်။ ကျွန်မတို့ဆက်ဆံရေးသည် ဟိုးယခင်ကလို ပြန်လည်ချိုမြိန်လာမည်ဟု သံသယကင်းစွာ ကျွန်မ ယုံကြည်လိုက်ပါသည်။

အမေ့လက်ကိုဆွဲ၍ ကျွန်မတို့ခြေလှမ်းလိုက်စဉ် အမေ့ပါးထက်တွင် မျက်ရည်တစ်စက်ပေါက်ခနဲ ကျလာသည်ကို ကျွန်မ တွေ့လိုက်သည်။ ထို့အတူ ဖိတ်ခေါ်ခြင်းမရှိဘဲ ကျွန်မပါးပေါ်တွင်လည်း မျက်ရည်စက်များ စိုစွတ်နေခဲ့သည်။

ထိုမျက်ရည်စက်များသည် အမေနှင့်ကျွန်မအတွက် ချိုသောမျက်ရည်များသာ ဖြစ်ပါတော့သည်။

## ကောက်သစ်စားချိန်

- ဆောင်းလခါတွင်း
  နှင်းမှုန်ဆင်း
  မယွင်းငွေသွင် မြင်သလော့။

- ဆောင်းခိုတဲ့ငှက်
  အင်းအိုင်ထက်
  သွက်သွက်ဝဲပျံ မြန်သလော့။

- ပန်းမြတ်ခွာညို
  လန်းလန်းစို
  ပြာသိုလပန်း လန်းသလော့။

- တောင်ပေါ်မြေပြန့်
  ဝဲယာဖြန့်
  အနံ့လယ်ကွင်း ဝင်းသလော့။

- စာခြောက်ရုပ်များ
  လယ်ကွင်းကြား
  မနားဝန်ဆောင် နှောင်သလော့။

- ကောက်လှိုင်းပုံကြီး
  တောင်နှယ်ဟည်း
  ရိတ်ပြီးချိန်ခါ ဖြာသလော့။

- ကောက်ဦးပေါ်ပြီ
  ချိန်ခါမီ
  တူညီပျော်ရေး တွေးသလော့။

- ဖော်ချင်းတွေ့ဆုံ
  မီးဖိုလှုံ
  ကခုန်ဝိုင်းပတ် ထပ်သလော့။

- ကောက်သစ်စားပွဲ
  ပျော်ပျော်နွှဲ
  ဆိုမြဲတေးသံ ညံသလော့။ ။

မန်းတင့်မော်

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရသော အမေရိကန်၏အာရှဗဟိုပြုမဟာဗျူဟာ

မောင်စိန်အိ(နဘဲမြေ)

တရုတ်၊ ရုရှား၊ မြောက်ကိုရီးယားတို့ကြောင့် ဖြစ်ပေါ်လာသည့်ခြိမ်းခြောက်မှုများသည် အမေရိကန်နှင့် ပစိဖိတ်ဒေသရှိ၎င်း၏ မိတ်ဖက်များကိုကာကွယ်ရေးဆိုင်ရာ ဦးစားပေးလုပ်ငန်းများ ပြန်လည်သုံးသပ်မှုလုပ်ဆောင်ရန် ဖိအားဖြစ်စေခဲ့သည်။ ဂျပန်နိုင်ငံသည် ၂၀ ရာစုနှစ် ဒုတိယနှစ်ဝက်ကာလမှသည် ၂၀၀၀ ပြည့်လွန်နှစ်များထိ အမေရိကန်၏ ကာကွယ်စောင့်ရှောက်မှုရရှိခဲ့သောကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို အလေးထားလုပ်ဆောင်ရန် အခွင့်အလမ်းရရှိခဲ့သည်။

၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် အယ်ကေဒါအဖွဲ့မှ အမေရိကန်တို့အားအကြမ်းဖက်တိုက်ခိုက်ခဲ့သည့် (9/11) ဖြစ်စဉ်ဖြစ်ပွားပြီးနောက် အမေရိကန်တို့၏ နိုင်ငံခြားရေးမူဝါဒနှင့် ကာကွယ်ရေးဆိုင်ရာ ဦးစားပေးလုပ်ငန်းများသည် သမ္မတဂျော့ဒဗလျူဘုရှ်၏ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးလမ်းညွှန်ချက်နှင့်အညီ အရှေ့အလယ်ပိုင်းဒေသအပေါ် အာရုံစိုက်ဆောင်ရွက်လာခဲ့သည်။ သို့သော် ထိုင်ဝမ်ရေလက်ကြားနှင့် တောင်တရုတ်ပင်လယ်တွင် တရုတ်နိုင်ငံ၏ စစ်ရေးလှုပ်ရှားမှုမြင့်တက်လာခြင်းသည် အမေရိကန်နှင့် ဂျပန်တို့ကို ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်း ပစိဖိတ်ဒေသနှင့် စပ်လျဉ်း၍ ပထဝီနိုင်ငံရေးဆိုင်ရာမူဘောင်များကို ပြန်လည်ပြုပြင်ပြောင်းလဲသွားရန် ဖိအားဖြစ်လာစေခဲ့သည်။

ဒုတိယကမ္ဘာစစ်နောက်ပိုင်း တောင်ပံသေတပ်ဆင်ထားသော လေယာဉ်တင်သင်္ဘောများကို ပထမဆုံးအကြိမ် တည်ဆောက်လာသည့် ဂျပန်နိုင်ငံ၏ စစ်ရေးပြန်လည်တည်ဆောက်မှုအပြင် ဖိလစ်ပိုင်နိုင်ငံတွင် စစ်အခြေစိုက်စခန်းသစ်လေးခုတည်ဆောက်ခြင်းနှင့် ဩစတြေးလျနိုင်ငံနှင့်နည်းပညာမျှဝေမှု လုပ်ဆောင်လာခြင်းအပါအဝင် ပစိဖိတ်ဒေသတွင် အမေရိကန်၏ တည်ရှိမှုတိုးချဲ့လာခြင်းသည် ဒုတိယကမ္ဘာစစ်နှင့် စစ်အေးကာလနောက်ပိုင်း ပင်လယ်ရေကြောင်းစစ်ဆင်ရေးတွင် အဂ္ဂမဟာဗျူဟာအသစ်တစ်ရပ် တိုးတက်ဖော်ဆောင်လာမှုကို ထင်ဟပ်စေလျက်ရှိသည်။ သို့သော် ဂျပန်နှင့် အမေရိကန်အာဏာပိုင်တို့သည် ကာကွယ်ရေးဆိုင်ရာဦးစားပေးလုပ်ငန်းများ ပြောင်းလဲဖော်ဆောင်မှု၊ အိုကီနာဝါရှိဒေသခံများ၏ နိုင်ငံရေးဆိုင်ရာလှုပ်ရှားပြောင်းလဲလာမှုများနှင့် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ အမေရိကန်ပိုင်နက်များဖြစ်သော ဂူအမ်နှင့် မြောက်ပိုင်းမာရီနာကျွန်းစုတို့ရှိ အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ စိုးရိမ်ပူပန်မှုများအကြားတွင် ဟန်ချက်ထိန်းညှိကာလုပ်ဆောင်ရလျက်ရှိသည်။

**အာရှသို့ဗဟိုပြုခြင်း**

၂၀၁၁ ခုနှစ်တွင် သမ္မတအိုဘားမားသည် "အာရှဗဟိုပြု" ခြင်းဟုအမည်ပေးထားသည့် ပစိဖိတ်ဒေသကိုမဏ္ဍိုင်ပြုသော အဂ္ဂမဟာဗျူဟာအသစ်တစ်ရပ်စတင်ချမှတ်အကောင်အထည် ဖော်လာခဲ့သည်။ သို့သော် သမိုင်းပညာရှင်များနှင့်လေ့လာသုံးသပ်သူများက ၎င်းမူဝါဒကိုအိုဘားမားအစိုးရအဖွဲ့၏ အကြီးမားဆုံးသောမဟာဗျူဟာအမှားအယွင်းများအနက်မှ တစ်ခုအဖြစ်ရှုမြင်ခဲ့ကြသည်။ အကြောင်းမူကား ၎င်းမူဝါဒသည် အရှေ့အလယ်ပိုင်းနှင့် ဥရောပဒေသတို့တွင် လုပ်ဆောင်နေသည့်စစ်ဆင်ရေးများအပေါ် အာရုံစူးစိုက်မှုလျော့ပါးလာစေသောကြောင့်ပင်ဖြစ်သည်။ အိုဘားမားသည် ထိုစဉ်က ရုရှား၏ ခြိမ်းခြောက်မှုနှင့် စပ်လျဉ်း၍ အထက်လွှတ်တော်အမတ်မစ်ရွမ်နီ၏ သတိပေးချက်ကို လျစ်လျူရှုကာ အင်ဒို - ပစိဖိတ်ဒေသတွင် အမေရိကန်၏ ရေရှည်မဟာဗျူဟာဦးစားပေးလုပ်ငန်းများကိုသာ အတည်ပြုခဲ့သည်။

**တရုတ်ရေတပ်တိုးချဲ့လာခြင်း**

ထိုစဉ်က အထက်လွှတ်တော်အမတ်သည် ရုရှားနှင့်ပတ်သက်၍ သတိပေးခဲ့သည့်အပြင် အမေရိကန်ရေတပ်၏ စစ်ရေယာဉ်အင်အားချည့်နဲ့လာမှုကိုလည်းသတိပေးခဲ့သည်။ ၎င်းကိစ္စနှင့် စပ်လျဉ်း၍ အိုဘားမားက မိမိတို့အနေဖြင့် စစ်ရေယာဉ်အရေအတွက်နည်းပါးသော်လည်း နည်းပညာသာလွန်သည်ဟု တုံ့ပြန်ပြောကြားခဲ့သည်။ သို့သော် လေယာဉ်တင်သင်္ဘောနှစ်စီး တည်ဆောက်ပြီးဖြစ်သည့်အပြင် တတိယမြောက်တစ်စီးကိုလည်း လာမည့်နှစ်အတွင်း တပ်တော်သွင်းတော့မည့် တရုတ်နိုင်ငံ၏ရေတပ်သည် ၂၀၁၂ ခုနှစ်ကထက် စွမ်းဆောင်ရည်ပိုမိုမြင့်မားလာပြီး AI စွမ်းအားနှင့် အသံလွန်စွမ်းဆောင်ရည်များကိုပင်လျှင် ပိုင်ဆိုင်ထားရှိနေပြီဖြစ်သည်။



ပစိဖိတ်ဒေသအတွင်း ဖြန့်ကြက်နေသော အမေရိကန်စစ်ရေယာဉ်များကို တွေ့ရစဉ်။

၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း တရုတ်နိုင်ငံ၏ နည်းပညာနှင့် စီးပွားရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်လာမှုသည်လည်း ၂၀၁၀ ပြည့်လွန်နှစ်အစောပိုင်းကာလများနှင့် လုံးလုံးလျားလျား ကွာခြားနေပြီဖြစ်သည်။ အလားတူ တရုတ်နိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်သည်လည်း ၂၀၁၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၉၀ ဘီလီယံခန့်သာရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၃၀ ဘီလီယံကျော်ထိ သိသိသာသာမြင့်တက်လာနေပြီဖြစ်သည်။ ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် ရေတပ်စွမ်းဆောင်ရည်များတိုးချဲ့လျက်ရှိသည့်အပြင် တောင်တရုတ်ပင်လယ်ပြင်တွင် စစ်ရေးအထောက်အကူပြု ကျွန်းတုများကိုလည်း တည်ဆောက်လျက်ရှိသည်။

၂၀၂၂ ခုနှစ်အတွင်း အမေရိကန်လွှတ်တော် ဥက္ကဋ္ဌနန်စီပီလိုစီ၏ တရုတ်(တိုင်ပေ)ခရီးစဉ်အတွင်း တရုတ်(တိုင်ပေ)အပေါ်ထားရှိသည့် တရုတ်နိုင်ငံ၏ သဘောထားသည် အမြင့်ဆုံးအဆင့်သို့ရောက်ရှိလာခဲ့သည်။ ထိုင်ဝမ်ရေလက်ကြားနှင့် တောင်တရုတ်ပင်လယ်ပြင်တွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရေတပ်(PLAN)၏ အာဏာဖြန့်ကြက်နိုင်စွမ်းသည် သိသိသာသာမြင့်တက်လာခဲ့သည်။ ၂၀၂၄ ခုနှစ်နှောင်းပိုင်းတွင် PLAN သည်စစ်ရေယာဉ်အစီး ၃၇၀ ပိုင်ဆိုင်ထားပြီး ဖြစ်သည့်အတွက် အရေအတွက်အားဖြင့် ကမ္ဘာ့အကြီးဆုံးရေတပ်အဖြစ်ရပ်တည်လာနိုင်ပြီဖြစ်သည်။ အလားတူ တရုတ်ရေတပ်၏ အင်အားကြီးထွားလာမှုနှင့် အနောက်ပစိဖိတ်ဒေသတွင် အင်အားဖြန့်ကြက်မှုတို့သည်လည်း အရှိန်မြင့်တက်လာလျက်ရှိသည်။

ထို့ကြောင့် အမေရိကန်နှင့် ဂျပန်တို့သည် ဒုတိယကမ္ဘာစစ်နှင့် စစ်အေးကာလမူဘောင်များကို တည်မှီလျက် ပစိဖိတ်ဟန့်တားမှုကွန်ရက်အသစ်ကိုစီစဉ်ဆောင်ရွက်ရလျက်ရှိသည်။ ဂျပန်နိုင်ငံ၏ လေယာဉ်တင်သင်္ဘောနှစ်စီးဖြစ်သည့် Izumoနှင့် Kaga တို့ကို ဒုတိယကမ္ဘာစစ်နောက်ပိုင်း ပြန်လည်အဆင့်မြှင့်တင်တည်ဆောက်ခဲ့သည်။ ဂျပန် - အမေရိကန် မဟာဗျူဟာ၏ ဗဟိုချက်မသည် ပြည်သူများကန့်ကွက်နေသော်လည်း အိုကီနာဝါကျွန်းတွင် စစ်လက်နက်ပစ္စည်းများ ပြန်လည်တပ်ဆင်သွားရန်ပင်ဖြစ်သည်။

**အိုကီနာဝါကျွန်းတွင် စစ်အင်အားဖြန့်ကြက်ခြင်း**

အိုကီနာဝါသည် ဒုတိယကမ္ဘာစစ်ပြီးကတည်းက ပစိဖိတ်ဒေသတွင် အမေရိကန်စစ်ရေးလှုပ်ရှားမှုများအတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ အိုကီနာဝါကျွန်းသည် ပစိဖိတ်ဒေသတွင် ကုန်းမြေတိုက်ပွဲအတွက် အကြီးမားဆုံးစစ်အခြေစိုက်စခန်းဖြစ်သောကြောင့် ဂျပန် - အမေရိကန်ဆက်ဆံရေးတွင် အရေးပါလျက်ရှိသည်။

အိုကီနာဝါကျွန်းတွင် အမေရိကန်တပ်ဖွဲ့များစွာတည်ရှိနေခြင်းသည်လည်း ဒေသခံအသိုက်အဝန်းများနှင့် တင်းမာမှုများဖြစ်ပေါ်စေလျက်ရှိသည်။ အိုကီနာဝါကျွန်းမြောက်ပိုင်းရှိ ဟန်နိုကိုတွင် စစ်အခြေစိုက်စခန်းသစ်တည်ဆောက်ရန် အဆိုပြုမှုအား ဂေဟစနစ်အပေါ်ရိုက်ခတ်မှုရှိလာနိုင်သဖြင့် ဒေသခံပြည်သူ ၇၀ ရာခိုင်နှုန်းခန့်က ကန့်ကွက်ခဲ့ကြသည်။

၂၀၁၂ ခုနှစ်တွင် တိုကျိုနှင့် ဝါရှင်တန်တို့သည် အိုကီနာဝါကျွန်းမှ အမေရိကန်မရိန်းတပ်ဖွဲ့ ၉၀၀၀ ကို ဂူအမ်နှင့် ဟာဝိုင်အီကျွန်းတွင် ပြန်လည်တပ်ဖြန့်ချသွားရန်သဘောတူညီခဲ့သည်။ ဒုတိယကျွန်းတန်းသို့ အမေရိကန်တပ်ဖွဲ့များ ရွှေ့ပြောင်းမှုသည် ပြန်လည်ဆုတ်ခွာခြင်း၊ သို့တည်းမဟုတ် ခံစစ်သဘောတရားမဟုတ်သော်လည်း ဂျပန်အစိုးရသည် အမေရိကန်တပ်ဖွဲ့များ ရုတ်သိမ်းသွားသည့်နေရာတွင် ၎င်း၏တပ်ဖွဲ့များ ဖြန့်ကြက်သွားမည့်အပြင် တရုတ်(တိုင်ပေ)အနီးရှိ အီရှီဂါကီကျွန်းတွင် ဒုံးကျည်ကာကွယ်ရေး အခြေစိုက်စခန်းသစ်တစ်ခုတည်ဆောက်သွားမည်ဖြစ်သည်။

အမှန်တော့ အိုကီနာဝါကျွန်းနှင့် နန်စေးကျွန်းစုများတွင် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့(JSDF)များ တိုးမြှင့်တပ်ဖြန့်ချထားခြင်းသည် ဂျပန်လက်နက်ကိုင်တပ်ဖွဲ့များ အင်အားတိုးချဲ့ရေးဆိုင်ရာဝန်ကြီးချုပ်ဟောင်းရှင်ဇိုအာဘေး၏ ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲရေးအစီအစဉ်၏ ကောင်းမွေတစ်ရပ်ပင်ဖြစ်သည်။ သို့သော် အီရှီဂါကီကျွန်းရှိ ပြည်သူများက ဒုံးကျည်ကာကွယ်ရေးအခြေစိုက်စခန်းတည်ဆောက်မှုကို ကန့်ကွက်ခဲ့ကြသည်။ မည်သို့ပင်ဆိုစေ အိုကီနာဝါကျွန်းသည် တရုတ်(တိုင်ပေ)၊ တရုတ်နိုင်ငံတို့နှင့် နီးကပ်နေသောကြောင့် အမေရိကန်နှင့် ဂျပန်တို့၏ ကာကွယ်ရေးဆိုင်ရာလှုပ်ရှားမှုများအတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပေသည်။

**ဂူအမ်ကျွန်းရှိအခက်အခဲများ**

အမေရိကန်၏ အနောက်ဘက်စွန်းနယ်မြေဖြစ်သည့် ဂူအမ်ကျွန်းသည် ပစိဖိတ်ဒေသတွင် အမေရိကန်တည်ရှိမှုအတွက် ဗဟိုဝင်ရိုးတစ်ခုပင်ဖြစ်သည်။ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် အိုကီနာဝါမှ အမေရိကန်မရိန်းတပ်ဖွဲ့များကို ဂူအမ်ကျွန်းသို့ ပြန်လည်နေရာချထားမှုစတင်နေပြီဖြစ်သည်။ ထို့ပြင် လာမည့်နှစ်များအတွင်း တပ်ဖွဲ့ဝင်များစွာရောက်ရှိလာတော့မည့် ဂူအမ်ကျွန်းသည် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာစိန်ခေါ်မှုများနှင့် ရင်ဆိုင်ရတော့မည်ဖြစ်သည်။

ဂူအမ်ကျွန်းသည် ဒေသခံများအတွက် အိမ်ရာလိုအပ်ချက်များဖြစ်ပေါ်လျက်ရှိပြီး ၂၀၂၅ ခုနှစ်တွင် အိမ်ရာအခန်းလိုအပ်ချက် ၁၀၀၀၀ ခန့်မြင့်တက်လာမည်ဟုမျှော်မှန်းရပေသည်။ ဂူအမ်ကျွန်းသည် ပစိဖိတ်သမုဒ္ဒရာအတွင်း ဝေးကွာသောနေရာတွင် တည်ရှိနေသောကြောင့် ဆောက်လုပ်ရေးကုန်ကျစရိတ်ကြီးမားလျက်ရှိသည်။ ထို့ကြောင့် မရိန်းတပ်ဖွဲ့များ ပြန်လည်နေရာချထားခြင်းသည် ဒေသတွင်းအိမ်ရာဈေးကွက်အပေါ် သက်ရောက်မှုရှိလာမည်ဖြစ်သည်။

ထို့ပြင် စစ်အခြေစိုက်စခန်းများမှ ၂၀ ရာခိုင်နှုန်းခန့်သုံးစွဲလျက်ရှိသည့် ဂူအမ်ကျွန်း၏ လျှပ်စစ်ဓာတ်အားပေးစနစ်သည်လည်း တည်ငြိမ်မှုမရှိပေ။ အလားတူ ၂၀၂၅ ခုနှစ်တွင် စတင်အကောင်အထည်ဖော်မည့် ဆေးရုံအသစ်သည်လည်း အစိုးရ၏အခြေခံအဆောက်အအုံဘတ်ဂျက်အပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်ပေါ်စေလျက်ရှိသည်။ ဗဟိုအစိုးရသည် ဂူအမ်ကျွန်းတွင် စစ်ဘက်အခြေစိုက်စခန်းများတည်ဆောက်ရန် ၂၀၂၄ ခုနှစ် ကာကွယ်ရေးအသုံးစရိတ်မှ အမေရိကန်ဒေါ်လာ ၂ဒသမ၂၃ ဘီလီယံသာခွဲဝေချထားပေးခဲ့သည်။ ၎င်းဘတ်ဂျက်မှ ဂူအမ်ကျွန်း၏ အန်ဒါစန်လေတပ် အခြေစိုက်စခန်းအတွက် အိမ်ရာအခန်း ၁၇၈ ခန်း တည်ဆောက်သွားမည်ဖြစ်သည်။ သို့သော် ၂၀၂၈ ခုနှစ်တွင် အိမ်ရာအခန်း လိုအပ်ချက် ၁၇၅၀ထိ မြင့်တက်လာနိုင်သည်။

**ပစိဖိတ်ဒေသရှိအမေရိကန်၏လေတပ်အခြေစိုက်စခန်းသစ် Tinian**

၂၀၂၄ ခုနှစ်အတွင်း အမေရိကန်လေတပ်အင်ဂျင်နီယာများသည် Tinian ကျွန်းမြောက်ပိုင်းရှိ မြေဧကထောင်ပေါင်းများစွာကို ခုတ်ထွင်ရှင်းလင်းမှုများလုပ်ဆောင်ခဲ့သည်။ ၎င်းကျွန်းသည် အမေရိကန်တို့၏ ပစိဖိတ်ပိုင်နက်နယ်မြေဖြစ်သည့် မာရီယာနာကျွန်းစုများအနက်မှ အလှမ်းကွာဝေးသောကျွန်းတစ်ကျွန်းပင်ဖြစ်သည်။ အင်ဂျင်နီယာများသည် ဒုတိယကမ္ဘာစစ်အတွင်း အမေရိကန်လေယာဉ်ကွင်းအဖြစ်အသုံးပြုခဲ့ပြီး ၁၉၄၆ ခုနှစ်ကတည်းက စွန့်ပစ်ထားသည့် လေယာဉ်ပြေးလမ်းများကို ပြန်လည်ပြုပြင်တည်ဆောက်လျက်ရှိသည်။ Tinian North Field သည် ဂူအမ်ကျွန်းရှိ အန်ဒါစန်လေတပ်အခြေစိုက်စခန်း၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် အမေရိကန်တို့သည် ၎င်းလေယာဉ်ကွင်းအား ဂူအမ်ကျွန်းအတွက် အုပ်ချုပ်ထောက်ပံ့မှုဆောင်ရွက်နိုင်သည့် အဖြေတစ်ရပ်အဖြစ်လည်း ရှုမြင်ထားရှိသည်။ အထူးသဖြင့် ဂျပန်နှင့် တရုတ်(တိုင်ပေ)တို့အား တရုတ်နိုင်ငံ၏ ကျူးကျော်လာမှုမှ ဟန့်တားရာတွင်လည်း အထောက်အကူဖြစ်စေမည်ဟု ရှုမြင်ထားသော်လည်း အမေရိကန်တို့၏ အာရှဗဟိုပြုမဟာဗျူဟာသည် စိန်ခေါ်မှုအသစ်များစွာနှင့် ရင်ဆိုင်နေရဦးမည်ဖြစ်ပေသည်။

**ကိုးကား**

The US Pivot to Asia Reborn : Old Grand Strategies, New Challenges by The Diplomat.

# အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧက ၇၀၆၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**အင်းတော် ဇန်နဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ဧက ၇၀၆၀ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၁၆၂၅ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ၂၀၂၄ ခုနှစ် ဒီဇင် ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဧက ၇၀၆၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၃ ဒသမ ၇၆ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ အင်းတော်မြို့နယ်မှာ နှမ်း ၁၁၆၂၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ရိတ်သိမ်း လျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၇၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ် ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက် လာပါတယ်။ ဆီထွက်သီးနှံအနေ နဲ့ကတော့ အောင်မြင်တဲ့အနေ အထားမှာရှိပါတယ်"ဟု အင်းတော် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

နှမ်းသီးနှံများကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ပြည်တွင်းစားသုံးမှုသာမက ပြည်ပပို့ကုန်အဖြစ်ပါ ထုတ်လုပ် တင်ပို့နိုင်မည်ဖြစ်သဖြင့် အထွက် နှုန်းတိုးတက်စေရန် ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# တပ်ကုန်းမြို့နယ် ဇရပ်ကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**နေပြည်တော် ဇန်နဝါရီ ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့် အလမ်းနှင့် မိသားစုဝင်ငွေတိုးပွား လာစေရန်၊ တိုးပွားလာသောရန်ပုံ ငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုး ရေးလုပ်ငန်းများကို အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ဇရပ် ကြီးကုန်းကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေး ရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ဇရပ်ကြီးကုန်း ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်း ရောင်ကျေးရွာစီမံကိန်း အသင်း သား၊ အသင်းသူများနှင့်တွေ့ဆုံ၍ လည်ပတ်ရန်ပုံငွေများ ထုတ်ချေး ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်း နှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာ ရမည့် စည်းကမ်းသတ်မှတ်ချက် များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် များထံရန်ပုံငွေများ လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဇရပ်ကြီးကုန်းကျေးရွာရှိ စိုက်ပျိုး ရေးလုပ်ငန်းလုပ်ငန်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၂ ဦး ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ် ၄၅၈ သိန်း ထုတ်ချေးပေးခဲ့ ကြောင်း တပ်ကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ သိရသည်။

**ချိုသန်းညွန့်**

# အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၅၆၃၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မြောင်းမြ ဇန်နဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၅၆၃၈၀ ထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌စပါး လျာထား ၇၅၀၈၆ ဧကကို နိုဝင် ဘာလပထမပတ်က စတင်စိုက်ပျိုး ခဲ့ရာ ယနေ့ထိစပါးဧက ၅၆၃၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စပါးလျာထားဧက အားလုံး ရာနှုန်းပြည့် စိုက်ပျိုးနိုင် ရေး ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေး ဦးစီးဌာနတို့မှ ပူးပေါင်း ဆောင်ရွက်နေကြောင်း သိရသည်။

"အိမ်မဲမြို့နယ်မှာ စပါး ၇၅၀၈၆ ဧကထိ လျာထား စိုက် ပျိုးနေပါတယ်။ ဒီနေ့ထိစပါး ဧက ၅၆၃၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ် ပါတယ်။ စပါးတွေအခက်အခဲမရှိ စနစ်တကျ ရာနှုန်းပြည့် စိုက်ပျိုး နိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ တောင်သူတွေ ပေါင်းစပ်ဆောင် ရွက်နေပါတယ်။ ဒ့ါပြင် စိုက်ပျိုး ထားတဲ့စပါးတွေကို ပြန်လည် ရိတ်သိမ်းတဲ့ အချိန်ထိ လိုအပ်တဲ့ နည်းပညာတွေနဲ့ ရိတ်သိမ်းရေး လုပ်ငန်းတွေကို ပေါင်းစပ် ဆောင်ရွက်မှာ ဖြစ်ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီး ဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့် က ပြောပြသည်။



အိမ်မဲမြို့နယ်တွင် စပါးများ စိုက်ပျိုးရာ၌ ပေါ်ဆန်းမွှေး၊ သီးထပ်ရင်၊ ရက် ၉၀ ၊ GW-11 GW-1 ၊ မနောသုခ ၊ ကျားပျံ၊ ဆင်းသုခ ၊ နံ့ကား၊ မြီးတုံးစသည့် စပါး အမျိုးအစားများကိုအများဆုံးစိုက် ပျိုးလျက်ရှိကြောင်း သိရသည်။

စပါးသီးနှံများကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ပြည်တွင်းစားသုံးမှုသာမကပြည်ပ ပို့ကုန်အဖြစ်ပါ ထုတ်လုပ်တင်ပို့ နိုင်မည်ဖြစ်သဖြင့် အထွက်နှုန်း တိုးတက်စေရန် ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရ မည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဘားအံမြို့နယ် သာလွန်ကွင်းကျေးရွာ၌ ကုန်ထုတ်လမ်းဂဝံမြေခင်းခြင်းလုပ်ငန်းစစ်ဆေး

**ဘားအံ ဇန်နဝါရီ ၁၅**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ပြည်နယ် အစိုးရခွင့်ပြုရန်ပုံငွေဖြင့် သာလွန် ကွင်းကျေးရွာ၌ ကုန်ထုတ်လမ်း ဂဝံမြေခင်းခြင်း လုပ်ငန်းပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူ များ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် ကရင်ပြည်နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်း ပညာ) ဒေါ်ခင်ဇာဝင့်၊ ဘားအံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်း ပညာ) ဒေါ်နန်းအဲဖောင်အွာ၊ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက ကုမ္ပဏီမှ တာဝန် ရှိသူများ၊ ကျေးရွာလမ်းဖြစ်မြောက် ရေး ကော်မတီဝင်များနှင့်အတူ သာလွန်ကွင်းကျေးရွာ၌ အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် သုံးပေကိုးလက်မရှိ ကုန်ထုတ် လမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး ဒုတိယညွှန်ကြားရေး မှူး(နည်းပညာ) ဒေါ်ခင်ဇာဝင့်က ဆောင်ရွက်ပြီးလုပ်ငန်းကို ရေရှည် တည်တံ့အောင် ကျေးရွာက ဝိုင်းဝန်း ထိန်းသိမ်းကြရန် မှာကြားခဲ့သည်။

အဆိုပါကုန်ထုတ်လမ်း ဂဝံ မြေခင်းခြင်းလုပ်ငန်းကို ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေကျပ် ၁၁၆ ဒသမ ၃၆ သန်းဖြင့် တင်ဒါအောင်မြင်သည့် Perfect Mother ကုမ္ပဏီမှ ၂၀၂၄ ခုနှစ် ဇွန်လဒုတိယပတ်က စတင် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်း များ ရာနှုန်းပြည့်ပြီးစီးပြီဖြစ် ကြောင်း ဘားအံခရိုင် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်နန်း အဲဖောင်အွာထံမှ သိရသည်။

**ဆက်လူ**

# အုတ်ဖိုမြို့နယ် ဂုံမင်းရှိုကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**အုတ်ဖို ဇန်နဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီး သာယာ ဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေး လက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် ဂုံမင်းရှို ကျေးရွာ၌ ဂဝံခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ် ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေ အနေများကို ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် အုတ်ဖိုမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးနှင့် ဝန်ထမ်းများက ဂုံမင်းရှိုကျေးရွာ၌ ဂဝံခင်းခြင်းလုပ်ငန်းနှင့် ရေသန့် စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေ များကို ကြည့်ရှုစစ်ဆေးပြီး ကျေး ရွာဖွံ့ဖြိုးရေး ကော်မတီများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။

အဆိုပါကျေးရွာတွင် အရှည် ပေ ၂၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံလမ်းခင်းခြင်း လုပ်ငန်းနှင့် ရေသန့်စင်စက်တပ် ဆင်ခြင်းလုပ်ငန်းကို မြစိမ်းရောင် ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၆ သန်းဖြင့် ၂၀၂၄ ခုနှစ် စက်တင် ဘာလတတိယပတ်မှ စတင် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်း များ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂုံမင်းရှိုကျေးရွာတွင် ဂဝံလမ်းခင်းခြင်းလုပ်ငန်းနှင့် ရေ သန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်နိုင်မှု ကြောင့် ကျေးရွာမှထွက်ရှိလာ သော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်တော့မည်ဖြစ်ပြီး ယခင် ကထက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားတိုးတက်လာတော့မည် ဖြစ်ကြောင်း သိရသည်။

**သုတ**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# အဂတိကင်းကွာ လွန်ချမ်းသာ အပိုင်း (၂)

**လင်းလက်**

**ဘာသာတရား၏ အဆုံးအမ**

လောက၌ ဘာသာ အယူဝါဒနှင့် ကိုးကွယ်ယုံကြည်မှုများက မည်မျှပင် ကွဲပြားခြားနားစေကာမူ ဘဝတွင် ပျော်ရွှင်အောင်မြင်၍ ကြီးပွားတိုးတက်မှုကို ရယူလိုကြသည်မှာ လူတိုင်း၏ ဆန္ဒပင်ဖြစ်သည်။ စိတ်၏စေရာသို့ လိုက်ပါနေကြရသည့် လူသားတို့၏ ပြုမူ၊ ပြောဆို၊ လုပ်ကိုင်ဆောင်ရွက်မှုများသည် လောဘ၊ ဒေါသ၊ မာန်မာန စသည့်အရာများကြောင့် မကောင်းမှုဒုစရိုက်များကို ကျူးလွန်မိသည်ထိဖြစ်တတ်သည်။ မိမိပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာမှုအတွက် ရပ်တည်ဆောင်ရွက်မှုများသည် အတ္တစိတ်များ ဖုံးလွှမ်းသွားသည့်အခါ လူမှုပတ်ဝန်းကျင်တစ်ခုလုံးကို ထိခိုက်ပျက်စီးစေတတ်သည့်လုပ်ရပ်များကို ကျူးလွန်ဆောင်ရွက်တတ်သဖြင့် ဆင်ခြင်အပ်သည်။

လူသားဆန်သော၊ လူပီသသော၊ မြင့်မြတ်သောလူသားများဖြစ်လာစေရေးအတွက် ဘာသာရေးအဆုံးအမများက လမ်းမှန်ပြပေးတတ်သည်။ ဘာသာအယူဝါဒ မတူညီကြသော်လည်း ကမ္ဘာလောကကြီးတွင် အခြေခံဘုံတူညီချက်တစ်ခုကား မြင့်မြတ်သောလူသားတစ်ဦးဖြစ်ရန်အတွက် သူတစ်ပါး၏ဘဝကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးစေခြင်းကို ထာဝရရှောင်ကြဉ်ခြင်းပင်ဖြစ်သည်။ "သူတစ်ပါး၏အသက်ကိုသတ်ခြင်းနှင့် သူတစ်ပါးပစ္စည်းကို မတရားရယူခြင်း"တို့ကို ရှောင်ကြဉ်ရန်မှာ ဘာသာတိုင်း၏ အခြေခံအဆုံးအမပင်ဖြစ်သည်။ အတွေးအခေါ်ပညာရှင်များကလည်း မြင့်မြတ်သောလူသားတစ်ဦးဖြစ်လာစေရေးအတွက် သူတစ်ပါး၏အသက်ကိုမသတ်ခြင်းနှင့် သူတစ်ပါးမပေးအပ်သော ပစ္စည်းဥစ္စာကိုမယူခြင်း စသည့်အခြေခံလူ့ကျင့်ဝတ်များရှိရမည်ဟု ပြောဆိုဆုံးမကြသည်။

**မြတ်ဗုဒ္ဓ၏ အဆုံးအမ**

ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လူသားတို့၏ အတွေးအခေါ်အယူအဆများ ပြောင်းလဲလာကြသော်လည်း "လိမ်လည်လှည့်ဖြားခြင်း၊ သူတစ်ပါးပစ္စည်းဥစ္စာကို မသမာသည့်နည်းလမ်းဖြင့် မတရားရယူခြင်း" စသည့်အပြုအမူများကို လူ့အသိုက်အဝန်းက ယနေ့အချိန်ထိ လက်ခံခြင်းမရှိပေ။ လူတို့၏ပြုမူ၊ ပြောဆို၊ လုပ်ကိုင်ဆောင်ရွက်မှုတိုင်းကို တရားသော၊ မှန်ကန် သောလမ်းကြောင်းမှ သွေဖည်သွားစေသည့် တံစိုးလက်ဆောင်ပေးခြင်း၊ လက်ခံခြင်းအပါအဝင် အဂတိလိုက်စားသည့် အပြုအမူများကို လူမှုပတ်ဝန်းကျင်အတွင်းက မောင်းထုတ်နိုင်ရေးကို ကြိုးပမ်းနေကြသည်။ အဂတိလိုက်စားမှုသည် မိမိအပါအဝင် မိမိကျင်လည်ရာပတ်ဝန်းကျင်က အစပြု၍ သက်ဆိုင်ရာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများကိုပါ ထိခိုက်စေနိုင်သည်။ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုအစဉ်အလာများတွင်လည်း သူတစ်ပါးပစ္စည်းကို မတရားရယူခြင်းအပါအဝင် တံစိုးလက်ဆောင်ပေး၍ ဆုံးဖြတ်ချက်များကို မှားယွင်းစေသည့် အဂတိလိုက်စားမှုများကို လက်ခံခြင်းမရှိခဲ့ပေ။ ဘာသာတရားအဆုံးအမများတွင်လည်း "သူတစ်ပါးပစ္စည်း မတရားရယူခြင်း၊ လိမ်လည်လှည့်ဖြားခြင်း"တို့ကို ရှောင်ကြဉ်ရန်နှင့် ပြုမူ၊ ပြောဆို၊ လုပ်ကိုင်ဆောင်ရွက်မှုတိုင်းတွင် ဘက်လိုက်ခြင်းကင်း၍ မျှမျှတတဖြစ်စေရန် လမ်းညွှန်ထားသည်။

အသက်ရှင်သန်စဉ်ကာလအတွင်း လောကလူ့ဘောင်ကို ကောင်းကျိုးဆောင်၍ လူသားတို့ကို ကယ်တင်စောင်မကာ ဘဝလမ်းကြောင်း ကောင်းမွန်စေရေး လမ်းပြပေးခဲ့သည့် မြတ်ဗုဒ္ဓ၏တရားများတွင် လူ့ကျင့်ဝတ်များနှင့်စပ်လျဉ်း၍ ဟောကြားမှုများရှိခဲ့သည်။ မြတ်ဗုဒ္ဓကလည်း "သူတစ်ပါးပစ္စည်းကို မတရားရယူခြင်းနှင့်လိမ်လည်ခြင်း"ကို မကောင်းမှုအဖြစ်သတ်မှတ်၍ ရှောင်ကြဉ်ရန် ဟောကြားထားသည်။ မြင့်မြတ်သောလူသားတစ်ဦး ဖြစ်စေရေးအတွက် ကိုယ်ကျင့်တရားနှင့် ဉာဏ်ပညာကို အလေးထားထိန်းသိမ်းရမည်ဟု ဟောကြားခဲ့သည်။ မြတ်ဗုဒ္ဓ၏အဆုံးအမများသည် လက်တွေ့ဆန်ပြီး လက်ရှိအချိန်ကာလထိ သဘာဝနှင့်ကိုက်ညီနေသည်ကိုလည်း တွေ့ရသည်။ ငါးပါးသီလက အစပြု၍ ကိုယ်ကျင့်သိက္ခာပြည့်ဝစေပြီး လူ့ဘောင်လောကကို အလှဆင်နိုင်သည့် အကြောင်းတရားများကို ဟောကြားခဲ့သည်။ မြတ်ဗုဒ္ဓ၏ တရားတော်များအနက်မှ လူမှုပတ်ဝန်းကျင်တစ်ခုလုံးကို အမှောင်ဖုံးလွှမ်းစေသည့် အဂတိလိုက်စားမှုများနှင့်စပ်လျဉ်း၍ ဟောကြားမှုများကလည်း ယနေ့အချိန်ထိ အသုံးဝင်မှန်ကန်နေသည်။

**ထာဝစဉ်ရှောင်ရှားအဂတိတရားလေးပါး**

မြတ်စွာဘုရားက မြင့်မြတ်သော လူသားတစ်ဦးအဖြစ်ဖြင့် လူ့ဘဝတွင် တိုးတက်အောင်မြင်မှုကို ရယူလိုသူတိုင်းသည် "သူတစ်ပါးအသက်ကို မသတ်ခြင်း၊ သူတစ်ပါးမပေးသော ပစ္စည်းဥစ္စာကို မယူခြင်း၊ ယုတ်မာသော ကာမဂုဏ်အမှုကို မပြုခြင်း၊ မဟုတ်မမှန်မပြောဆိုခြင်း" စသည့်ဒုစရိုက်တရားလေးပါးကိုရှောင်ရှား၍ကောင်းမှုကုသိုလ်များဖြင့်သာ မွေ့လျော်သင့်သည်ဟု ဟောကြားခဲ့သည်။ မကောင်းမှုဒုစရိုက်များကိုဖြစ်စေသည့် အခြေခံအကြောင်းတရားများကို ရှောင်ရှားသင့်ပြီး မကောင်းမှုဒုစရိုက်များကိုဖြစ်စေရုံသာမက လူ့လောကကိုပါ ပျက်စီးစေတတ်သည့် အဂတိတရားလေးပါးကို မလိုက်စားရန် ဟောကြားခဲ့သည်။ လူ့ဘဝတွင် လူပီသစွာဖြင့် လူ့ကျင့်ဝတ်များကို လက်ကိုင်ထားသူများအနေဖြင့် "ချစ်သဖြင့် ဘက်လိုက်ခြင်း - ဆန္ဒာဂတိ၊ မုန်းသဖြင့် ဘက်လိုက်ခြင်း-ဒေါသာဂတိ၊ ကြောက်သဖြင့် ဘက်လိုက်ခြင်း- ဘယာဂတိ၊ အမှား၊ အမှန်မသိသဖြင့် ဘက်လိုက်ခြင်း-မောဟာဂတိ"တို့ကို ရှောင်ရှားသင့်ကြောင်း မြတ်စွာဘုရားရှင်က ဟောကြားဆုံးမခဲ့သည်။

"ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟ"စသည့် အကြောင်းတရားလေးပါးကို ကောင်းစွာထိန်းချုပ်နိုင်စွမ်းမရှိသည့်အခါ အဂတိလိုက်စားမှုများကို ကျူးလွန်မိတတ်ကြသည်။ အဂတိတရားလေးပါး လိုက်စား၍ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာသူများသည်လည်း အချိန်တန်သည့်အခါ ပျက်စီးရကြောင်းကို မြတ်စွာဘုရားရှင်က လမင်းကိုဥပမာပြု၍ဟောကြားခဲ့သည်။ အဂတိတရားလေးပါး လိုက်စား၍ မကောင်းမှုဒုစရိုက်များဖြင့် အသက်မွေးမိသူသည် "လဆုတ်သောအခါ လမင်း၏အရောင်အဝါသည် တစ်နေ့တခြား လျော့ပါးဆုတ်ယုတ်လာသကဲ့သို့ စည်းစိမ်ဥစ္စာအခြွေအရံနှင့် အကျော်အစော အပေါင်းသည် တစ်နေ့တခြား လျော့ပါးဆုတ်ယုတ်တတ်သဖြင့် သတိပြုဆင်ခြင်အပ်ကြောင်း" သိင်္ဂါလောဝါဒသုတ်တွင် ဟောကြားထားသည်။

အဂတိလိုက်စားမှုသည် နိုင်ငံတိုင်း၏ စီးပွားရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ လူမှုရေး စသည့်မူဝါဒများကို အားနည်းစေသည့်အရာဖြစ်ပြီး လူမှုပတ်ဝန်းကျင်တစ်ခုလုံးကို ယိုယွင်းပျက်စီးစေသဖြင့် နိုင်ငံတိုင်းက ဥပဒေပြဋ္ဌာန်း၍ အရေးယူဆောင်ရွက်နေသည်။ အဂတိလိုက်စားခြင်းသည် ကျင့်ဝတ် ချိုးဖောက်ခြင်း အပြုအမူဖြစ်သဖြင့် အဂတိလိုက်စားမှုကျူးလွန်သူများကို လူမှုပတ်ဝန်းကျင်က ဖယ်ကြဉ်သွားမည်မှာ မလွဲကေန်အမှန်ပင်ဖြစ်သည်။ အဂတိလိုက်စားမှုကျူးလွန်လိုက်မိသည့်အခါ မည်သည့်အချိန်တွင် အရေးယူခံရမည်ဆိုသည့် မသိစိတ်တွင် စိုးရိမ်ပူပန်မှုများရှိနေနိုင်သဖြင့် စိတ်ရောကိုယ်ပါ အေးချမ်းမှုကို ရရှိနိုင်မည်မဟုတ်ပေ။

စုံစမ်းစစ်ဆေးဖော်ထုတ်၍ အဂတိလိုက်စားမှုဖြင့် အရေးယူခံရသည့်အခါတွင်လည်း ရရှိထားသော ရာထူးနှင့်လုပ်ပိုင်ခွင့်များကလည်း ဆုံးရှုံးသွားပြီး မိမိအပါအဝင် မိသားစုတစ်စုလုံးကလည်း လူမှုပတ်ဝန်းကျင်တွင် ဝင်ဆံ့နိုင်ခြင်းမရှိတော့ဘဲ ဂုဏ်သိက္ခာလွန်စွာကျဆင်းသွားနိုင်သည်။ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာမှုများသည်လည်း ဥပဒေနှင့်အညီ သိမ်းဆည်းခံရနိုင်သဖြင့် သန့်ရှင်းစင်ကြယ်မှုမရှိဘဲ သမ္မာအာဇီဝနည်းဖြင့်မဟုတ်သော ရှာဖွေစုဆောင်းထားသည့် ပစ္စည်းဥစ္စာများကလည်း အဟောသိကံဖြစ်သွားနိုင်သည်။ သမ္မာအာဇီဝဖြင့် မဟုတ်ဘဲ အဂတိလိုက်စားခြင်းဖြင့် ကြွယ်ဝချမ်းသာခြင်းကို မှားယွင်းစွာ ပုံဖော်မိသည့်အခါတွင် "မြွေပါလည်းဆုံး သားလည်းဆုံး"ဆိုသကဲ့သို့ပင် အလုပ်လည်းဆုံးရှုံး၊ ဂုဏ်သိက္ခာလည်းဆုံးရှုံး၊ ပစ္စည်းဥစ္စာလည်းဆုံးရှုံး စသည်ဖြင့်အရှုံးများစွာဖြင့်သာ ရင်ဆိုင်ရမည်ဖြစ်သည်။ မြတ်စွာဘုရားရှင်ကလည်း အဂတိကြွယ်ဝချမ်းသာခြင်းကို လိုက်စားခြင်းဖြင့် ပြုမိပါက စည်းစိမ်ဥစ္စာနှင့်အခြွေအရံ အကျော်အစောအပေါင်းသည်လည်းတစ်နေ့တခြား လျော့ပါးဆုတ်ယုတ်တတ်သည်ဟု ဟောကြားဆုံးမခဲ့ခြင်းပင်ဖြစ်သဖြင့် မြတ်ဗုဒ္ဓ၏ အဆုံးအမများသည် ယနေ့အချိန်ထိ ထိရောက်မှန်ကန်နေသည်ကိုတွေ့ရသည်။

ခေတ်ကာလ မည်မျှပင် တိုးတက်ပြောင်းလဲစေကာမူ ယနေ့အချိန်ကာလတွင် ဗုဒ္ဓဘာသာ နိုင်ငံများအပါအဝင် နိုင်ငံတိုင်းက အဂတိလိုက်စားမှု၏ဆိုးကျိုးများကို သိရှိလာကြပြီး အဂတိလိုက်စားမှုကင်းစင်သည့် လူမှုပတ်ဝန်းကျင်ကို ဖန်တီးနိုင်ရေးကြိုးစားဆောင်ရွက်လာကြသည်။ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ကလေးသူငယ်များအပါအဝင် မျိုးဆက်သစ်လူငယ်များသို့ ဘာသာတရား အဆုံးအမများမှတစ်ဆင့် မကောင်းမှုဟူသမျှကို ရှောင်ကြဉ်တတ်ပြီး အဂတိလိုက်စားမှုအကျင့်ဆိုးကို လက်သင့်မခံသည့် စိတ်ဓာတ်များ ကိန်းအောင်းလာစေရေးကိုလည်း ဦးတည်ဆောင်ရွက်လာကြသည်။ တိုးတက်ပြောင်းလဲလာသည့် လူမှုပတ်ဝန်းကျင်တွင် အဂတိလိုက်စားမှုအကျင့်ဆိုးကို လက်သင့်မခံဘဲ နည်းလမ်းအမျိုးမျိုးဖြင့် တိုက်ဖျက်ဆောင်ရွက်နေကြသည်။ အဂတိလိုက်စားမှုကျူးလွန်သူများကိုလည်း ဥပဒေနှင့်အညီ အရေးယူခြင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာမှုများကို သိမ်းဆည်းခြင်းတို့ကို ဆောင်ရွက်နေကြပြီဖြစ်သည်။

မြတ်ဗုဒ္ဓ၏ အဆုံးအမများသည် ဘဝဇာတ်ခုံပေါ်တွင် ကျရာဇာတ်ရုပ်ဖြင့် ကပြနေရသည့် လူသားတိုင်းအတွက် ကောင်းကျိုးချမ်းသာများကိုသာဖြစ်စေသည်။ မြတ်ဗုဒ္ဓ၏ အဆုံးအမနှင့်အညီ ကိုယ်ကျင့်တရားတို့ကို ပျက်ယွင်းစေပြီး မကောင်းမှုဒုစရိုက်များကိုဖြစ်ပေါ်စေသည့် အဂတိတရား လေးပါးကို ရှောင်ရှားကာ သမ္မာအာဇီဝနည်းဖြင့် ပစ္စည်းဥစ္စာရှာဖွေကြခြင်းဖြင့် "တစ်နေ့တခြား တိုးပွားလာသကဲ့သို့ စည်းစိမ်ဥစ္စာ အခြွေအရံနှင့် အကျော်အစောပေါင်းတို့သည် တစ်နေ့တခြားတိုးပွားလာကြပါစေကြောင်း" ရည်ရွယ်ဖော်ပြလိုက်ရသည်။

**❖အဂတိလိုက်စားမှုသည် နိုင်ငံတိုင်း၏ စီးပွားရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ လူမှုရေး စသည့်မူဝါဒများကို အားနည်းစေသည့်အရာဖြစ်ပြီး လူမှုပတ်ဝန်းကျင်တစ်ခုလုံးကို ယိုယွင်းပျက်စီးစေသဖြင့် နိုင်ငံတိုင်းက ဥပဒေပြဋ္ဌာန်း၍ အရေးယူဆောင်ရွက်နေသည်။ အဂတိလိုက်စားခြင်းသည် ကျင့်ဝတ်ချိုးဖောက်ခြင်း အပြုအမူဖြစ်သဖြင့် အဂတိလိုက်စားမှုကျူးလွန်သူများကို လူမှုပတ်ဝန်းကျင်က ဖယ်ကြဉ်သွားမည်မှာ မလွဲကေန်အမှန်ပင်ဖြစ်သည်။ အဂတိလိုက်စားမှု ကျူးလွန်လိုက်မိသည့်အခါ မည်သည့်အချိန်တွင် အရေးယူခံရမည်ဆိုသည့် မသိစိတ်တွင် စိုးရိမ်ပူပန်မှုများရှိနေနိုင်သဖြင့် စိတ်ရောကိုယ်ပါ အေးချမ်းမှုကို ရရှိနိုင်မည်မဟုတ်ပေ။ ❖**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ပတ္တလား

**ကိုဇော်ဌေး(ယဉ်ကျေးမှု)**

ပတ္တလားဟူသောဝေါဟာရသည် သင်္သကရိုက်ဘာသာနှင့် မွန်ဘာသာတို့ ပေါင်းစပ်ခေါ်ဝေါ်ခြင်းဖြစ်သည်။ သင်္သကရိုက်ဘာသာတွင် "အတီးအမှုတ်" ကို "ဝါဒျ" ဟုခေါ်ရာ၊ မွန်လူမျိုးတို့က ပတ္တလား၏ ရှေ့စာလုံးကို "ဗတ်" ဟုခေါ်ကြသည်။ မွန်ဘာသာဖြင့် "ကလာ" သို့မဟုတ် "ကလား"သည် "တာလျား"မှ ရွေ့လျောလာသော မြန်မာ"တလား" နှင့် အတူတူပင်ဖြစ်၍ "သေတ္တာ" ဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် မွန်ဘာသာဖြင့် "ဗတ်တလာ" (သေတ္တာတူရိယာ) သည် မြန်မာသံဖြင့်"ပတ္တလား"ဟုအသံပြောင်းလာခြင်းဖြစ်သည်။ ပတ္တလား အမျိုးအစားစာရင်းတွင် ဝါးပတ္တလား၊ သံပတ္တလား၊ ကြေးပတ္တလားဟူ၍ သုံးမျိုးရှိသည်။

ပတ္တလားစတင်ထွန်းကားရာအရပ်သည် ဝါးပင်များ ပေါက်ရောက်ရာ အရှေ့တောင်အာရှနိုင်ငံများဖြစ်ကြသော မလ္လာယုကျွန်းဆွယ်၊ ဆူမတြားကျွန်း၊ ဂျာဗားကျွန်း၊ ထိုင်း၊ မြန်မာစသည်တို့ဖြစ်ကြရာ မည်သည့်နိုင်ငံက ပထမဆုံးစတင်ပေါ်ပေါက်သည်ကိုမူ ပြောနိုင်ရန်ခဲယဉ်းလေသည်။ အာဖရိကတိုက်၊ မက်ဒါဂက်စကာကျွန်းတွင် အလွန်ရှေးကျသော လူမျိုးတို့ တီးသည့်ဝါးတူရိယာတစ်မျိုးသည် ပတ္တလားပုံစံမျိုးဖြစ်လေရာ အရှေ့တောင်အာရှနိုင်ငံများမှတစ်ဆင့် ပျံ့နှံ့သွားခြင်းဟုဆိုကြသည်။

မက်ဒါဂက်စကာကျွန်းမှ တိုင်းရင်းသားလူမျိုးတစ်မျိုး၏ ထိုဝါးတူရိယာသည် ယခုခေတ်ပတ္တလားတို့၏ မူလအခြေခံဖြစ်ဖွယ်ရှိသည်။ ထိုတူရိယာတီးသူသည် မြေကြီးကိုတွင်းတူးထားသည့်အပေါ်တွင် ခြေဆန့်ထိုင်ချကာ ပတ္တလားအဆန်ကဲ့သို့ဝါးခြမ်းပြားတို့ကို ခြေချောင်းပေါ်ကန့်လန့်ဖြတ်တင်ပြီးလျှင် တုတ်နှင့်တီးခေါက်သည်။ မြေကြီးတွင်းတူးထားသည့်သဘောသည် ပတ္တလားအိမ်နှင့် တီးသကဲ့သို့ လိုဏ်သံပါစေရန် ပြုလုပ်ထားခြင်းဖြစ်နိုင်သည်။ ထိုပတ္တလားတူရိယာမျိုးကို မိန်းမများတီးလေ့ရှိသည်ကိုတွေ့ရသည်။

ပတ္တလားသည် ဆိုခဲ့သည့်အတိုင်း ခြေနှစ်ချောင်းပေါ် တင်တီးသည့်အခြေအနေမှ မျဉ်းပြိုင်တန်းထားသော သစ်တုံးနှစ်တုံးပေါ် ပတ္တလားအဆန်များကန့်လန့်ဖြတ်တင်တီးသောအဆင့်သို့ တစ်စတစ်စတိုးတက်လာသည်။ ကရင်လူမျိုးတို့၏ "ပေါကူ" တူရိယာသည် ထိပ်ဖျားခပ်စွေစွေချွန်ထားသော အဆစ်တစ်ဖက်ပိတ်ဝါးလုံးကလေးများကို သစ်တုံးနှစ်တုံးပေါ်တွင် ကြိုးစဉ်ငယ်လိုက်ကန့်လန့်ဖြတ်တင်ပြီးလျှင် တုတ်နှစ်ချောင်းဖြင့် တီးခေါက်ရသောပတ္တလားမျိုးဖြစ်ရာ၊ ထိုသဘောနှင့် အတူတူပင်ဖြစ်သည်။ သစ်တုံးနှစ်တုံးပေါ်တင်၍တီးသောအဆင့်သို့ ရောက်လာသည့်တိုင်အောင် အချို့ဒေသများတွင် အောက်မှ မြေကြီးကိုတွင်းတူးပေးကြသေးသည်။

ထိုအဆင့်မှတစ်ဖန် ပတ္တလားအဆန်များကိုကြိုးနှင့်သီပြီးလျှင် ငုတ်တိုင်လေးတိုင်တွင် ချည်၍တီးသည့် အဆင့်သို့ရောက်လာသည်။ ထိုမှတစ်ဆင့် ပတ္တလားရွက်များအောက်တွင် ဘူးအိုးများခံ၍ တီးသောအဆင့်သို့တက်လာသည်။ အာဖရိကတိုက်ဗန်တူနယ်မှကပ္ပလီလူမျိုးများသည် ပတ္တလားအဆန်တိုင်း၏ အောက်တွင် အနေတော်ဘူးအိုးကလေးများခံပြီး တီးကြသည်ကိုတွေ့ရသည်။ ထိုမှ လေးထောင့်သေတ္တာပုံးကလေးများအပေါ်တွင် အရွက်များချိတ်၍ တီးသောအဆင့်သို့ တိုးတက်လာသည်။ သေတ္တာအိမ်နှင့် ပတ္တလားမျိုး၏ ရှေးအကျဆုံးပုံတစ်ခုကို ဂျာဗားကျွန်းပန်နတာရံမြို့ ဘုရားကျောင်းတစ်ခု၌ ထုထားသော ကျောက်ရုပ်လုံးပုံများတွင် တွေ့ရှိရသည်။ ထိုပုံထဲတွင် ပတ္တလားလက်ခတ်တို့သည် တုတ်ချောင်းများမဟုတ်တော့ဘဲ ယနေ့ခေတ်သုံး လက်ခတ်များကဲ့သို့ ထိပ်တွင်ဖုများပါလေသည်။

တရုတ်မှတ်တမ်းများအရ သရေခေတ္တရာမှ ပျူယဉ်ကျေးမှုအဖွဲ့တွင် ဝါးတူရိယာမျိုးလည်းပါဝင်သည်ဟုဆိုထားရာ ဝါးတူရိယာဖြစ်သော ပတ္တလား၊ သို့မဟုတ် ပတ္တလားနှင့်ဆင်တူသော၊ ထိုစဉ်က ပတ္တလားဟုအမည်မခေါ်သေးသော တူရိယာလည်း ပါဝင်သည်။ ပတ္တလားဟူသောအမည်သည် ပတ္တလားအိမ်ကိုအောက်ခံထားပြီး တီးသည့်ခေတ်သို့ရောက်မှသာ ခေါ်တွင်ခြင်းဖြစ်လေသည်။



မြန်မာတို့ပတ္တလားကိုအသုံးပြုနေပြီဖြစ်ကြောင်း အစောဆုံးအထောက်အထားမှာ မြန်မာသက္ကရာဇ် ၈၄၁ ခုနှစ်တွင် ဟံသာဝတီပြည့်ရှင်ဓမ္မစေတီမင်း ရေးထိုးသော ကလျာဏီကျောက်စုတွင် ဓမ္မစေတီမင်းက သီဟိုဠ်မင်းသို့ပေးပို့သော လက်ဆောင်တော်စာရင်းတွင် ပတ္တလားတူရိယာတစ်ခုပါဝင်သည်ဟု ဖော်ပြထားခြင်း၊ တစ်ဖန်ဘုရင့်နောင်လက်ထက်၊ မဟာပညာကျော်ဖြတ်ထုံးတို့တွင် ဖော်ပြထားခြင်းတို့အရသိနိုင်သည်။

မြန်မာစာပေ၌မူ မြန်မာသက္ကရာဇ် ၉၀၀ကျော်က ရခိုင်ပြည်မှ စာဆိုတော်ဥက္ကာပျံ၏ သီတင်းကျွတ်လဘွဲ့ရတုထဲတွင် "ပိန်ပေါင်ခရာ၊ စည်ဒုပ္ပါနှင့်၊ ပတ်သာမြို့လုမ်း၊ ချုံမျှကခြိမ့်ပတ္တလား၊ စောင်းညှင်းပြီသာ၊ တူရိယာသည်၊ လုရွှာသဘင်" စသည်ဖြင့် စပ်ဆိုထားခြင်းဖြင့်တွေ့ရသည်။ ဥက္ကာပျံသည် မြန်မာပြည်မဘက်၌ တောင်ငူခေတ်စာဆိုတော် နတ်ရှင်နောင်နှင့် မရှေးမနှောင်းထင်ရှားသူဖြစ်သည်။ နတ်ရှင်နောင်၏ထီးနန်းတွင် ထိုစဉ်က စောင်း၊ ငြင်း၊ နှဲ၊ ပတ်သာတို့ကိုသာ အသုံးပြုနေသေးဟန်ရှိပြီး ၎င်း၏ရတုကဗျာများတွင် ပတ္တလားဟူသောအသုံး အနှုန်းကိုမတွေ့ရချေ။ ဆိုရသော် ပတ္တလားသည် ထီးသုံးနန်းသုံးမဟုတ်သေးဘဲ ဥက္ကာပျံ၏ရတုအရသာ ရခိုင်ပြည်၌အသုံးပြုနေကြောင်း သိရခြင်းဖြစ်သည်။ ဒုတိယအင်းဝခေတ်သို့မဟုတ် ညောင်ရမ်းခေတ် ဝန်ကြီးပဒေသရာဇာရေးသော သူဇာပျို့တွင် "မင်းသူဇာမှာ၊ ဖန်ပြာအိကျူး၊ ရောင်ပြူးပတ္တလား၊ ပန်းရောင်ဝါးနှင့် ပိတ်သားရွှေခြည်၊ ထိုးသည်သေသတ်၊ လက်ခတ်အမျိုး၊သန္တာရိုးကို..." ဟူ၍စပ်ဆိုထားရာ ထိုခေတ်တွင် ပတ္တလားသည် ထီးသုံးနန်းသုံးဖြစ်လာကြောင်းသိရသည်။ နောင်အခါတွင် နန်းတွင်းအငြိမ့်တီးရာ၌ ပတ္တလားပါဝင်လာသည်။ သက္ကရာဇ် ၁၁၆၀ ပြည့်နှစ်တွင်ဖွဲ့ဆိုသော တွင်းသင်းမင်းကြီး၏ ဝေဿန္တရာပျို့တွင် "စောင်းငြင်းမိကျောင်း၊ အောင်းကလေးကျော်၊ သံငေါ်လက်ခုပ်၊ စည်းဆုပ်ပတ္တလား၊ စန္ဒရားတို့၊ ထွေပြားရေးရာ၊ တေးတျာအေးမြက်၊ ငြိမ်သက်သီးသီး၊ နာနငြီးအောင်၊ မှုတ်တီးလိုက်လား၊ အငြိမ့်သားသည်" ဟူ၍ စပ်ဆိုထားသည်ကိုထောက်လျှင် ပတ္တလားသည်အငြိမ့်တီးတူရိယာခြောက်မျိုးတွင် တစ်မျိုးအပါအဝင်ဖြစ်ကြောင်းသိရသည်။ ပတ္တလားသည် နန်းတွင်းအငြိမ့်တူရိယာဖြစ်လာရာမှ ယနေ့တိုင် အရေးပါအရာရောက်သော တူရိယာနေရာဖြစ်လာခဲ့သည်။

ပတ္တလားအိမ်ဖြစ်တည်လာပုံကို မြန်မာဂီတသမိုင်းတွင် စိစစ်ကြည့်သည့်အခါ အင်းဝခေတ်ဝယ် ခိုင်ခိုင်လုံလုံမတွေ့ရချေ။ ဘကြီးတော်လက်ထက်ရောက်မှ ပုဂံအာနန္ဒာအုတ်ကျောင်း၊ အရှေ့နံရံ၊ အရှေ့မြောက်ထောင့်ရှိ ဆေးရေးပန်းချီခန်းဝယ် အစောဆုံးတွေ့လာရသည်။ ပတ္တလားအိမ်သည် ကော့ပျံနေသည်။ ဘကြီးတော်လက်ထက်သည် အထူးထူးသော ကမျိုး၊ သီမျိုး၊ တီးမှုတ်မျိုးကိုတီထွင် အသစ်ပွားခဲ့သောကာလဖြစ်သည်။ ထို့ကြောင့် ပတ္တလားအိမ်သည်လည်း အသစ်ပွားလာခြင်းဖြစ်နိုင်သည်။ မြန်မာပတ္တလားအိမ်သည် တစ်ခေတ်နှင့်တစ်ခေတ်တိုးတက်ပြောင်းလဲနေသည်။ ခပ်ကောက်ကောက်ပုံသဏ္ဌာန်မှ တစ်ဖြောင့်တည်းနီးပါးဆန့်လာသည်လည်းရှိခဲ့သည်။ ပတ္တလားရွက်တို့ပင်လျှင် ၂၀ ဆန် (ရွက်)မှ ၂၄၊ ၂၅ ဆန်(ရွက်) ထိတိုးတက်လာခြင်းမျိုးရှိနေခဲ့သည်။

ဝါးပိုးဝါးကို ပတ္တလားပြုလုပ်ရန် အကောင်းဆုံးဟုပြောကြသည်။ ဝါးပိုးဝါးသည် ပါး၍မာကျောသော အခွံရှိသဖြင့် တီးခေါက်ရာ၌ သာယာသောအသံကို ထွက်စေသည်။ မြေညီတွင်ပေါက်သော ဝါးထက် ကုန်းမြင့်မြင့်ပေါ်တွင် ပေါက်သောဝါးက ပို၍အသံကောင်းသည်ဟုဆိုကြသည်။ ပတ္တလားအရွက်များတွင် လက်ဝဲအစွန်ဆုံးသည် ဒုံးလုံးဖြစ်နိုင်၍ ထိုဒုံးသည် ကမ္ဘာသုံးသင်္ကေတဖြစ်သည့်သံမှန် 'စီ' ကို မီနိုင်လေသည်။ ပတ္တလားအဆန်အကျဉ်းအကျယ်နှင့် စပ်လျဉ်း၍ တချို့က လက်ယာဘက်လက်ဖျားလုံးကလေးများမှ လက်ဝဲဘက်ဒုံးလုံးထိ တဖြည်းဖြည်းကျယ်လာသော ပတ္တလားမျိုးလည်း ပြုလုပ်ကြသည်။ တချို့ကမူ ပတ္တလားအဆန်များ အကျဉ်းအကျယ်တညီတညွတ်တည်းကိုလည်း ပြုလုပ်ကြသည်။ အကျဉ်းအကျယ်ညီတူခြင်းသည် ကြည့်ကောင်းသည်။ အငြိမ့်တီးရာတွင်လည်း ပြေပြေပြစ်ပြစ်ရှိနိုင်သည်။ အတိုအရှည်အားဖြင့် လက်ဝဲစွန်းဒုံးလုံးကို လက်ယာဘက်လက်ဖျားလုံးထက် နှစ်ဆခန့်ပို၍ ရှည်ထားပြီးလျှင် လက်ဝဲမှလက်ယာဘက်သို့ အချိုးအစားအတိုင်း ရှုးသွားစေသည်။

ပတ္တလားအိမ်၏အနက်သည် ခြောက်လက်မခွဲ၊ ခုနစ်လက်မထက်မတိမ်စေရပါ။ သို့မှသာ ကောင်းမွန်သော ဟိန်းသံထွက်နိုင်သည်။ အိမ်၏ထိပ်ဖျားသည် အရွက်အနေအထားကိုလိုက်၍ လက်ဝဲဘက်ထိပ်ဖျား ဆယ်လက်မခွဲ၊ ကျယ်လျှင် လက်ယာဘက်ထိပ်ဖျား ခုနစ်လက်မခွဲကျယ်ရသည်။

အရင်းအဖျားတညီတည်းထားလျှင် လက်ဖျားသံများအုံနေတတ်သည်။ ပတ္တလားအရွက်ဖျားများကို သစ်စေးခံ၍ ဟင်္သပဒါးသုတ်ခြင်း၊ သဘော်ဆေးအနီသုတ်ခြင်းတို့သည် ခြောက်ခဲလှသည်။ ဟင်္သပဒါးကို အရောင်တင်ဆီရော၍ သုတ်လျှင် ခြောက်လွယ်သည်။ အရွက်များကို ကြက်ဆီသုတ်ပေးလျှင်အရောင်လှသော်လည်း ပပ်ကြားအက်တတ်သည်။ ပိုးစကို ရေနံချေးပါလောက်ရုံပွတ်တိုက်ပေးလျှင် မကြာမီအရောင်လှလာသည်။ ဝါးပတ္တလားအပြင် ကြေးပတ္တလား၊ သံပတ္တလားတို့လည်းရှိခဲ့၊ သုံးခဲ့ကြသည်။ သံပတ္တလားရွက်များကို တချို့က စည်ပတ်သံပြားများဖြင့် ပြုလုပ်ကြသည်။ တချို့က လေးလုပ်သောသံပြားများဖြင့် ပြုလုပ်ကြသည်။ သံပတ္တလားအိမ်ကိုမူ ရိုးရိုးသေတ္တာပုံးပြုလုပ်ကြသည်။ ကြေးပတ္တလားကို အစောဆုံးတွေ့ရသောနေရာမှာ ဂျာဗားကျွန်းဖြစ်သည်။ ကိုးရာစုနှစ်မတိုင်မီခေတ်ကပင် ဂျာဗားကျွန်း၌ "စရွန်" ခေါ်ကြေးပတ္တလားတူရိယာပေါ်ပေါက်ခဲ့သည်။ ထိုကြေးပတ္တလားတွင် အဆန်ရှစ်ဆန်မျှသာ ပါရှိသည်။စရွန်ကြေးပတ္တလားမျိုးသာမက "ဂျင်းဒါး" ခေါ်ပတ္တလားမျိုးလည်းတွေ့ရသည်။ ဂျင်းဒါး ပတ္တလားသည် မြန်မာ"စိန်ကြံ" တူရိယာမျိုးကဲ့သို့ ပတ္တလားရွက်အောက်တွင် ဝါးတစ်လုံးစီ ထောင်ထားသည်။ သံပတ္တလားနှင့် ကြေးပတ္တလားတို့သည် ဝါးပတ္တလားနောက်မှ ပေါ်ပေါက်ခဲ့သော်လည်း ယခုအခါ မြန်မာနိုင်ငံတွင် အသုံးမရှိသလောက်ဖြစ်သွားရသည်။

ပတ္တလားသံတစ်သံသည် "ရိုက်တီးသံ၊ သာသာတီးသံ၊ တိုးတိုးတီးသံ၊ အုပ်တီးသံ၊ ဖိတီးသံ"ဟူ၍ ငါးမျိုးရှိသည်။ ထိုအသံထွက်ငါးမျိုးအပြင် ပတ္တလားရွက်များအားလုံးကို စုပေါင်းတီးသည့်အခါ ခုသံ၊ ယက်သံ၊ စက်သံ၊ ကန်သံ ဟူသောတီးနည်းများကိုလည်း သူ့နေရာနှင့်သူ နိုင်နိုင်နင်းနင်းခွဲခြားတီးနိုင်မှသာလျှင် ပတ္တလားအတီးကောင်းတစ်ယောက် ဖြစ်နိုင်သည်။

မြန်မာတူရိယာများအနက် ပတ္တလားသံသည် အသံညှိရအခက်ဆုံးဖြစ်သည်။ စောင်းနှင့် ဆိုင်းများကဲ့သို့ သံစဉ်ခုနစ်ပါးကိုစိတ်ကြိုက် ရာနှုန်းပြည့် မညှိနိုင်ပေ။ ပတ္တလားသည် သံသေဖြစ်သောကြောင့် သံစဉ်တစ်ခုမှတစ်ခုသို့ပြောင်း၍ အသံမညှိနိုင်ခြေ။ သည့်အတွက်ပတ္တလားအဆန်များကို အသံညှိစဉ်က အသံပြည့်ညှိမထားဘဲ တစ်သံနှင့်တစ်သံဝေမျှ၍ ညှိတတ်ကြသည်။ အသံတစ်ခုနှင့်တစ်ခု ဟာမိုနီဖြစ်ရန် အသံဝေရသောအလုပ်သည် လွယ်ကူသည် မဟုတ်ပေ။ ထို့ကြောင့် ပတ္တလားသည် အသံညှိရအခက်ဆုံးသောတူရိယာဟု အများစုကဆိုကြသည်။ မည်သို့ဆိုစေ ပတ္တလားသည် မြန်မာတူရိယာစာရင်းတွင် ဝင့်ထည်တင့်တယ်စွာရပ်တည်နေခြင်းကိုမူ မငြင်းဆိုဝံ့ကြပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

**- မြန်မာ့စွယ်စုံကျမ်းအတွဲ(၇)**

# ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (အပျို)ဖြစ်ရမည်။

(ခ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက် မနည်းရ၊ ပေါင်(၁၃၀)ထက် မကျော်ရ။

(ဂ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မည်သည့်ဘွဲ့မဆို လျှောက်ထားနိုင်သည်။

(င) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူ ဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများလည်း လျှောက်ထားနိုင်သည်။

(စ) ဘွဲ့လက်မှတ်(မူရင်း)နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။

(ဆ) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ၊ မဟာဘွဲ့ရရှိပြီးသူများအနေဖြင့် ၂၇ နှစ် အထိလည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ်အထိလည်းကောင်း လျှောက်ထားနိုင်သည်။

(ဇ) ဗိုလ်လောင်းသင်တန်းတက်ရောက်အောင်မြင်ပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

(ဈ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှု စနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး ဖေဖော်ဝါရီလ ၁၈ ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် အချိန်မီပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော

မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်

# ရတနာပုံခန်းမ






**ရရှိနိုင်သောဝန်ဆောင်မှုများ**

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ ရှင်ပြု ရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊မင်္ဂလာဆောင်ပွဲများ၊ မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊ အလှဓာတ်ပုံရိုက်ကူးခြင်းများအတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ - ၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး။
ဖုန်း- ၀၂-၄၀၃၀၄၃၈၊ ၀၂-၄၀၃၀၄၃၉၊ ၀၉ ၆၇၈၉၉၉၉၃၊ ၀၉ ၆၇၈၉၉၉၉၂





## ကုန်ဆုံးသွားသော စွမ်းအားများ

# DAGON Malta Fresh

## နဲ့ ဖြည့်စွမ်းထား . . .

ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၀၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၉၀၇၇


## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြေတိုင်းရပ်ကွက်၊ (၅၉၀)၊ မြေကွက်အမှတ်(၂-က)၊ မြေချိန်ဧရိယာ(၃.၉၂၅)ဧကနှင့် မြေကွက်အမှတ်(၂-ခ)၊ မြေချိန်ဧရိယာ (၁.၆၀၈)ဧက၊ စုစုပေါင်း မြေချိန်ဧရိယာ (၅.၅၃၃)ဧကရှိသည့် ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် Garden City Apartment Complex အတွင်းရှိ တိုက်အမှတ်(၈)၊ (၁)လွှာ၊ အခန်းအမှတ်(၆)၊ အိပ်ခန်း(၃) ခန်းပါရှိသည့် အကျယ်အဝန်း (၉၂၅)စတုရန်းပေရှိ **Ownership Certificate No.0499** ဖြင့် ဦးစောထရံကျင် (ခ) ဦးကျော်သန်း (ဘ) ဦးစောယုန်ကျင် (ခ) ဦးချစ်(၉/မရမ(နိုင်)၀၉၁၃၄၃) ကိုင်ဆောင်သူ၏ အမည်ပေါက် Apartment တိုက်ခန်းဖြစ်ပြီး၊ ယင်း Apartment တိုက်ခန်းနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်လျက်ရှိသူ ဦးစောထရံကျင် (ခ) ဦးကျော်သန်း (ဘ) ဦးစောယုန်ကျင် (ခ) ဦးချစ်(၉/မရမ(နိုင်)၀၉၁၃၄၃) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးရုံးရှင်း (ဘ) ဦးရန်စောပေါင်း(၁/မမန(နိုင်)၀၁၂၇၇၅) က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေများ အပြေအကြေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်နန်းအိရွှေစင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
အကွက်(မမ-၂၇)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း၊ ၀၉-၄၀၂၅၃၁၉၉၉၊ ၀၉-၆၉၃၉၉၉၁၁၃




“ဖုန်းဘေလ်နဲ့ ထိုးစဉ်ခြင်း (၃)မျိုး”

5 Digits Online Lottery

အက်ပလီကေးရှင်းတွင် ဖုန်းဘေလ်နှင့် ငွေပေးချေခြင်း

*117# ကို ခေါ်ဆို၍ ဝယ်ယူခြင်း

117 သို့ (ABL1,ABL3,ABL5,ABL10) ဟု SMS ပေးပို့ပြီး ဝယ်ယူခြင်း

Scan Me

777 Call Center

aungbarlay.ird.gov.mm


## အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ကွက်ရှိ ကွင်းအမှတ်(၇/က)(မြောက်တံခါး)၊ ဦးပိုင်အမှတ်(၂၇/က-၁)၊ ဧရိယာ(၀.၀၂၅)ဧက အကျယ်ရှိပြီး ဦးသန့်ဇင်ထူး + ဒေါ်တိုးတိုးမော် အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်နိုင်ထွန်းမှ ဝယ်ယူရန် စရံငွေအချို့ ပေးချေဆောင်ရွက်ထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါဘိုးဘပိုင်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ၎င်းနေ့ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးမောင်မောင်သန်းထိုက်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၆၆/၁၄)**
**ပါရမီရပ်၊ စစ်ကိုင်းမြို့၊**
၀၉-၄၀၀၄၆၉၂၄၅

## ပျောက်ဆုံးကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၂၆၀)၊ သူရ(၉)လမ်း၊ အမှတ်(၉)ရပ်ကွက်နေ မောင်ဝေဖြိုးအောင် (ဘ) ဦးခင်ချို (၁၂/ဥကတ(နိုင်)၁၇၅၁၈၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။၀၉-၇၅၉၈၆၇၉၇၉

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အကွက်(၂၆၇)နေ မဇွန်ပွင့်ဖြူ (ဘ) ဦးအုန်းကျော်(၉/ခအဇ(နိုင်)၀၅၁၆၄၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(MI202929)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ ၀၉-၉၅၄၆၇၆၅၆၀

## ပျောက်ဆုံးကြောင်း

ပျော်ဘွယ်မြို့နယ်၊ ကျောက်ချပ်ကျေးရွာနေ မဖြူနှင်းစိုး (ဘ) ဦးစိုးမြင့်(၉/ပဘန(နိုင်)၂၃၅၁၇၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(MC-009834)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ ၀၉-၇၇၆၉၀၉၀၁၆

## အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၄၇ x ၄၈ ကြား၊ ၁၀၈(င)လမ်း၊ ဇဇ(၄၀)နေ ဦးဝင်းနိုင် + ဒေါ်သန်းသန်းအေး တို့၏သား သက်နောင်ထူး (ခ) စိုင်းဝဏ္ဏထွန်း အမည်မှန်မှာ မောင်သက်ထူးနောင်ဖြစ်ပါကြောင်း။

**မောင်သက်ထူးနောင်(၁၂/ဒဂမ(နိုင်)၀၃၁၈၅၆)**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ တလုပ်မို့ကျေးရွာနေ မလေးလေးနွယ် (ဘ) ဦးငွေလွင်(၉/မခန(နိုင်)၂၆၅၆၂၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(MF-144230)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၄၂၄၄၂၄၄

**အဖိုးတန်ရေချိုကို ချွေတာပါ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူဖြစ်စေနိုင်မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် မေ ၂၄ ရက်တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့် လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ မအူပင်ခရိုင် မအူပင်မြို့နယ် ထနီးကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



တပ်မတော်မှ ပါရဂူများ၊ဆေးမှူးများ၊သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ထနီးကျေးရွာ အောင်ကျိုက္ခမီဘုန်းကြီးကျောင်းရှိ ဓမ္မရတနာဇိမာန်တွင် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဇန်နဝါရီ ၁၅

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး

စာမျက်နှာ ၁၇ ကော်လံ ၁ ☆

**မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် ပြည်တွင်းသတင်းမီဒီယာများ တွေ့ဆုံ** စာမျက်နှာ - ၁၇

**မန္တလေးမြို့၌ မြန်မာ-အိန္ဒိယနယ်စပ်သို့ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်သည့်အဖွဲ့ကို ဘိန်းဖြူ ၅ ဒသမ ၉၄ ကီလို၊ PHENSE-DYL ပုလင်း ၃၀ နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ** စာမျက်နှာ - ၂၂

## ထူးခြားသည့် ညအပူချိန်များ (၁၅-၁-၂၀၂၅)

| | | | | | | | |
|---|---|---|---|---|---|---|---|
| ဟားခါး | ၁ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် | | လွိုင်လင် | ၄ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် | |
| နမ့်စန် | ၂ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် | | ပူတာအို | ၅ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် | |
| ဟဲဟိုး | ၃ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် | | တီးတိန် | ၅ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် | |
| ပြင်ဦးလွင် | ၄ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် | | မိုင်းယန်း | ၅ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် | |

